ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ (20-1-2016) (၈၄၅၁)

## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်နိုင်ငံပိုင် စွမ်းအင်ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှုအုပ်စု ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**ရေဝတီမြစ် ရေကြီးရေလျှံမှုမှကာကွယ်ရန် နိုင်ငံတကာပညာရှင်များ ပါဝင်သော လေ့လာရေးလုပ်ငန်းများနှင့် လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေး**

စာမျက်နှာ » ၃

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်ရပ်ရန် ကိုယ်ပိုင်နေရာရှိမှသာ ပြည်ပမှ ကားတင်သွင်းခွင့်ပြုသည့်စနစ်ကို ဆက်လက်ကျင့်သုံးမည်

**ရန်ကုန် ဇန်နဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် ယာဉ်ရပ်ရန် မိမိပိုင်ဆိုင်သည့် ကိုယ်ပိုင်နေရာရှိမှသာ ပြည်ပမှ ကားတင်သွင်းခွင့်ပြုနေသည့်စနစ်ကို ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်ပမှ ယာဉ်အသစ်များ တင်သွင်းရာတွင် ယာဉ်ရပ်နားရန် နေရာရှိမှသာ တင်သွင်းခွင့်ပြုသည့်စနစ် (ကားပါကင်ထောက်ခံချက်ပါရှိမှသာ) တင်သွင်းခွင့်ပြုလျက်ရှိရာ ယင်းစနစ်ကို ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ပြီး ကားပါကင်ထောက်ခံချက်နှင့်ပတ်သက်၍ အဂတိလိုက်စားမှုများရှိပါက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တိုင်ကြားပါက ထိရောက်စွာ အရေးယူသွားမည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက ပြည်သူ့လွှတ်တော် ၁၃ ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့တွင် ရေဖြူမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဦး၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားရာတွင် ထည့်သွင်းဖြေကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် ကားပါကင်ထောက်ခံချက်များကို ခရိုင်၊ မြို့နယ် အဆင့်ဆင့် စိစစ်ဆောင်ရွက်လျက်ရှိပြီး ခွင့်ပြုမိန့် လျှောက်ထားခြင်းအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အခကြေးငွေကောက်ခံခြင်း၊ လျှောက်လွှာပုံစံ ရောင်းချခြင်းများ လုံးဝမရှိဘဲ ခရိုင်၊ မြို့နယ် စိစစ်ရေးအဖွဲ့များကို တင်းကျပ်စွာ ထိန်းကွပ်ဆောင်ရွက်လျက်ရှိသည့်အတွက် အခကြေးငွေတောင်းခံမှုများရှိပါကလည်း တိုင်းဒေသကြီး အစိုးရအဖွဲ့သို့တိုင်ကြားပါက ထိရောက်စွာ အရေးယူသွားမည်ဟု ဒေါက်တာပွင့်ဆန်းက ပြောသည်။

စာမျက်နှာ ၅ ကော်လံ ၄ သို့ ❒

မီးပုံးပျံအပျော်စီးအဖွဲ့ ဦးပိန်တံတားအနီး ပျံသန်းမှုပြုလုပ်နေစဉ်။




## မြန်မာ့ရေမြေသဘာဝအလှအပများကို ကောင်းကင်ယံမှ ကြည့်ရှုခံစားနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၉**

မြန်မာနိုင်ငံတွင် ပထမဆုံးမီးပုံးပျံ ပျံသန်းခြင်းကို ၁၉၉၅ ခုနှစ်တွင် စတင်ခဲ့သည်။ ပြင်သစ်ရုပ်မြင်သံကြားအတွက် ပုဂံနှင့် အင်းလေးဒေသတွင် မီးပုံးပျံစီး၍ မှတ်တမ်းတင်သတင်းကား ရိုက်ကူးလိုကြောင်း ကမ်းလှမ်းခဲ့ရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ဦးဆောင်လမ်းညွှန်မှုဖြင့် ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလတွင် ပုဂံနှင့် အင်းလေးဒေသ၌ မီးပုံးပျံဖြင့် ပျံသန်းခြင်းကို အကြိမ်ကြိမ်ပြုလုပ်၍ မှတ်တမ်းတင်ရိုက်ကူးခြင်းများ ဆောင်ရွက်ခဲ့သည်။ ပုဂံ၏အလှနှင့် အင်းလေးကန်၏ သဘာဝတို့ကို ပီပြင်စွာ ရိုက်ကူးတင်ဆက်နိုင်ခဲ့သဖြင့် မြန်မာ့အလှကို သိရှိကာ ၁၉၉၅ ခုနှစ်နောက်ပိုင်း၌ ပြင်သစ်နိုင်ငံသား ကမ္ဘာလှည့်ခရီးသည်များ အများအပြားလာရောက်ခဲ့သည့် ရလဒ်ကို ရရှိခဲ့သည်။

နိုင်ငံခြားသားဧည့်သည်များအနေဖြင့် ဟိုတယ်များတွင် တည်းခိုရာ၌ ဈေးနှုန်းသက်သာမှုကို ရွေးကောင်းရွေးနိုင်သော်လည်း ရှုခင်းများကို ကောင်းကင်ယံမှ ခံစားမှုကို ရရှိသည့် မီးပုံးပျံစီးနင်းခြင်းသည် တစ်ဦးလျှင် စီးနင်းခမှာ တည်းခိုမှုထက်များပြားသည့်တိုင်အောင် စီးနင်းသူ အများအပြားရှိလာနေသည်ကို တွေ့ရှိရသည်။ အများအားဖြင့် ဂျာမန်၊ ပြင်သစ်၊ အမေရိကန်၊ အင်္ဂလန်နိုင်ငံသားများ အစီးများကြပြီး အာရှတိုက်မှ ဂျပန်၊ တရုတ်၊ ကိုရီးယားလူမျိုးများလည်း စီးနင်းကြကြောင်း သိရှိရသည်။ မီးပုံးပျံစီးနင်းသူမှာလည်း ၂၀၁၀ ခုနှစ်တွင် ၄၈၈၆ ဦးရှိပြီး ၎င်းလုပ်ငန်းမှ ဝင်ငွေကျပ် US $ ၀ ဒသမ ၉၇ သန်း ရရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် စီးနင်းသူ ၁၁၃၆၂ ဦး ဝင်ငွေ US$ ၃ ဒသမ ၁၀ သန်းနှင့် ၂၀၁၄ ခုနှစ်တွင် စီးနင်းသူ ၁၇၈၀၂ ဦး ဝင်ငွေ US$ ၄ ဒသမ ၂၃ သန်းနှင့် ၂၀၁၅ခုနှစ်တွင် စီးနင်းသူ ၂၃၇၁၉ ဦး၊ ဝင်ငွေ US$ ၆ ဒသမ ၄၃ သန်းအထိ တိုးတက်လာခဲ့ကြောင်း တွေ့ရှိရသည်။ မီးပုံးပျံဝန်ဆောင်မှုလုပ်ငန်းကို အခြားခရီးစဉ်ဒေသများဖြစ်သည့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ◯



ကြေးမုံ စာ တည်း ရှု ထောင့် ၂၀-၁-၂၀၁၆၊ ဗုဒ္ဓဟူးနေ့

# မြို့ပြဖွံ့ဖြိုးမှုနှင့် အမြော်အမြင်

ယခင်က မြန်မာနိုင်ငံ၏အဓိကမြို့တော်၊ ယခုမြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်မြို့၏ဖွံ့ဖြိုးတိုးတက်မှုမှာ အချိန်နှင့်အမျှ တစ်စတစ်စ မြင့်မားတိုးတက်လာသည်ကို မြင်တွေ့နေရသည်။ တိုးတက်မှုဟုဆိုရာ၌ စီးပွားရေးအခွင့်အလမ်းများအတွက် အဓိကအခြေခံအရင်းအမြစ်များ စီးဆင်းရာ သို့မဟုတ် စုပုံရာနေရာဟု စီးပွားရေးအမြင်ဖြင့် ဆိုနိုင်သည်။

လူမှုရေးအမြင်ဖြင့် ကြည့်မည်ဆိုပါက လူဦးရေတစ်စတစ်စတိုးပွားလာမှုရာခိုင်နှုန်း မြင့်မားလာခြင်းနှင့်အတူ နောက်ဆက်တွဲလိုအပ်ချက်နှင့် ပြဿနာပေါင်းမြောက်မြားစွာ ရင်ဆိုင်ကြုံတွေ့နေရမည့် မြို့တော်ကြီးအဖြစ်လည်း မြင်တွေ့လာရမည်ဖြစ်သည်။ စီးပွားရေးမြို့တော်ကြီးဖြစ်၍ စီးပွားရေးနှင့် လူမှုရေးတိုးတက်ဖြစ်ထွန်းမှု၊ စိန်ခေါ်မှုများ ဆက်စပ်ဖြစ်ပေါ်လာသည်။

ရန်ကုန်မြို့၏ လူဦးရေတိုးနှုန်းကို လေ့လာသုံးသပ်ကြည့်လျှင် ၁၉၈၃ ခုနှစ်က လူဦးရေ သုံးသန်းခန့်သာရှိခဲ့ရာမှ ၂၀၁၄ ခုနှစ် လူဦးရေသန်းခေါင်စာရင်းအရ လူဦးရေ ၅ ဒသမ ၂ သန်းရှိသည်ဟု ဆိုထားသည်။ ယင်းမှာ အတည်တကျပုံစံဖြည့်စွက်ထားသည့် စာရင်းအင်းအရသာဖြစ်ပြီး စာရင်းမဝင်၊ ပုံစံမဖြည့်နိုင်သောအရေအတွက်ကို ထည့်ပေါင်းမည်ဆိုပါက ယနေ့ကာလတွင် ရန်ကုန်မြို့၏ လူဦးရေသည် ခြောက်သန်းကျော်၊ ခုနစ်သန်းခန့် ရှိနေလောက်ပြီ။

နှစ်ပေါင်း ၃၀ ကျော်ကာလအတွင်း လူဦးရေ နှစ်ဆကျော်တိုးပွားလာသည်မှာ စီးပွားရေးအခြေအနေအရ ဖြစ်သင့်ဖြစ်ထိုက်ပေသည်။ လူဦးရေတိုးတက်မှုနှုန်းမှာ နှစ်စဉ်မြင့်မားနေမည်ဖြစ်၍ အနာဂတ် ၂၀၄၀ ခုနှစ်တွင် ရန်ကုန်မြို့၏ လူဦးရေမှာ ၁၂ သန်းကျော်အထိရှိလာမည်ဟု ခန့်မှန်းထားသဖြင့် မဟာမြို့တော်ကြီးဖြစ်လာမည်မှာ သေချာပါသည်။

စီးပွားရေးအကြောင်းတရားများကိုအခြေခံ၍ နှစ်စဉ်တိုးတက်လာသော ရန်ကုန်မြို့နေလူထုအဖို့ မိမိတို့ရပ်တည်နေထိုင်လှုပ်ရှားနိုင်ရေးအတွက်သာ ကြည့်ပြီး နေထိုင်ရာမြို့ပြ၏ နောက်ဆက်တွဲအကျိုးဆက်များကို ထည့်သွင်းစဉ်းစားလိမ့်မည် မဟုတ်ချေ။ ယင်းအကျိုးဆက်များနှင့် ဖြေရှင်းရမည့် မြို့ပြအစီအမံများကို သက်ဆိုင်ရာအဖွဲ့အစည်းများက ကြိုတင်မြော်တွေး၍ နှစ်တို၊ နှစ်ရှည် အစီအမံများရေးဆွဲချမှတ် ဆောင်ရွက်ရမည့်တာဝန်ရှိသလို ဆောင်ရွက်နေသည်ကိုလည်း တွေ့ရသည်။

မြို့တစ်မြို့ကိုဖွဲ့စည်းရာ၌ လူဦးရေအချိုးအစားနှင့် မြို့ပြအကျယ်အဝန်း၊ မြို့ပြအကျယ်အဝန်းနှင့် ရေ၊ မီး၊ လမ်းနှင့် မြို့အင်္ဂါရပ်များအားလုံးတို့ကို ခြုံငုံဆက်စပ်စဉ်းစားတွေးခေါ်၍ ဘတ်ဂျက်နှင့် နည်းပညာအရင်းအမြစ်များပါ ထည့်သွင်းကာ ကြိုတင်မြော်တွေးဆောင်ရွက်လေ့ရှိသည်။ ဦးစွာ လူဦးရေနှင့် မြို့ပြအကျယ်အဝန်းဖြစ်တည်မှုနှင့် ဖြစ်ပေါ်လာနိုင်မှုများအပေါ် မူတည်တွက်ချက် စီမံဆောင်ရွက်ကြသည်။

ရန်ကုန်မြို့၏လူဦးရေနှင့် မြို့ပြတည်ဆောက်ထားမှုကို အင်္ဂလိပ်ခေတ် ဗဟိုရန်ကုန်စနစ်မှာ စံပြုစရာဖြစ်သည်။ ထိုမှဆင်ခြေဖုံးနှင့် တိုးချဲ့ကွက်သစ်များ ဖြစ်ထွန်းလာမှုအထိ ပြဿနာတစ်စုံတစ်ရာ ကြီးကြီးမားမားမရှိချေ။ ၁၉၈၈ ခုနှစ်မတိုင်မီက ရန်ကုန်မြို့မှာ စတုရန်းမိုင် ၈၀ ခန့်သာရှိရာမှ ၂၀၀၀ ပြည့်နှစ်တွင် စတုရန်းမိုင် ၂၄၀ ဖြစ်လာပြီး သုံးဆတိုးတက်လာသည်။ မျက်မှောက်ကာလတွင် စတုရန်းမိုင် ၃၀၆ မိုင်အထိရှိလာသဖြင့် မြို့ပြအကျယ်အဝန်းမှာ အဆမတန်ကျယ်ပြန့်လာသည်။

ထိုသို့ တိုးတက်လာမှုအတွက် အကြမ်းအားဖြင့် ရေ၊ မီး၊ လမ်းစနစ်များတွင် အခက်အခဲများရှိလာသည်။ လူပြောများသော ယာဉ်ကြောပိတ်ဆို့မှုပြဿနာမှာ ဖြေရှင်းမရသည့်အနေအထားတွင် ရှိနေသည်။ လူတိုင်းတွေးခေါ်နိုင်သော ဖြစ်ပေါ်ရသည့်အကြောင်းအရင်းတွင် နေ့စဉ်နှင့်အမျှ ပင်မမူလမြို့တွင်းသို့ မြို့နေလူထုများ နေ့စဉ် ဝင်ထွက်နေသောကြောင့်ဖြစ်သည်။

မြို့ပြဖွံ့ဖြိုးလာမှုနှင့်အတူ ရေ၊ မီး၊ လမ်း၊ အိမ်ရာစနစ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ အညစ်အကြေးစွန့်ထုတ်မှုအနေအထားများမှအစ မြော်တွေးကြည့်မည်ဆိုလျှင် ရင်လေးစရာဖြစ်သည်။ နောက်ဆက်တွဲကျန်းမာရေးနှင့် လူမှုရေးပြဿနာများကိုပါ ထည့်သွင်း၍ အနာဂတ်ရန်ကုန်မြို့ပြအတွက် အမြော်အမြင်ရှိရှိ စနစ်တကျဆောင်ရွက်ကြမှ အနာဂတ်အတွက် စိတ်အေးရမည်ဖြစ်သည်။ ။

# မြန်မာ-နယ်သာလန် ရေဖွံ့ဖြိုးရေးဆိုင်ရာဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၁၉**

ရေနှင့်ပတ်သက်သည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် မြန်မာ-နယ်သာလန် ရေဖွံ့ဖြိုးရေးဆိုင်ရာ ဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကြို့ကုန်းရှိ ရန်ကုန်နည်းပညာတက္ကသိုလ်၌ ကျင်းပသည်။ **(ယာပုံ)**

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုဦးက "ရေနဲ့ပတ်သက်ပြီး စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ဖို့ မြန်မာနဲ့ နယ်သာလန် ပူးပေါင်းပြီး ဆွေးနွေးတာပါ။ ရေနဲ့ပတ်သက်တဲ့ကဏ္ဍမှာ ကြုံတွေ့နေရတာတွေကို ဘယ်လိုဖြေရှင်းမလဲ။ အထူးသဖြင့် နောင်လာမယ့် မျိုးဆက်တွေ ပူးပေါင်းပါဝင်လာနိုင်မယ့် အခွင့်အလမ်းတွေ အများကြီးရလာမယ်။ သူတို့နဲ့ ပူးပေါင်းဆောင်ရွက်တဲ့အတွက် ကျောင်းသားတွေအတွက်လည်း နည်းပညာတွေရလာမယ်" ဟု ပြောသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်သာလန်နိုင်ငံနှင့် MoU ရေးထိုးထားပြီး အဆိုပါကဏ္ဍများမှ အစိတ်အပိုင်းတစ်ခုအနေဖြင့် ရေနှင့်ပတ်သက်သည့် စိန်ခေါ်မှုများကို ကျော်လွှားရန် မြန်မာ-နယ်သာလန် ပူးပေါင်းဆွေးနွေးခြင်းဖြစ်ကြောင်း အဆိုပါ အခမ်းအနားမှ သိရသည်။

နယ်သာလန်နိုင်ငံသည် ရေနှင့်ပတ်သက်သည့် နည်းပညာတွင် ထိပ်ဆုံးတွင်ရပ်တည်နေပြီး မြန်မာနိုင်ငံရှိ ကျောင်းသား ကျောင်းသူများအတွက် ရေနှင့်ပတ်သက်သည့် နည်းပညာများကို မျှဝေရန်အတွက် သင်တန်းတစ်ခု ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျောင်းသားတွေအတွက် အဓိကရည်ရွယ်တာပါ။ လာမယ့် မေလကုန် (သို့မဟုတ်) ဇွန်လ ပထမပတ်မှာ ရန်ကုန်၊ မန္တလေး၊ ဟင်္သာတမြို့တွေက နည်းပညာတက္ကသိုလ် ကျောင်းသား ကျောင်းသူတွေ၊ ရေနဲ့ဆက်စပ်နေတဲ့ တက္ကသိုလ်တွေက ကျောင်းသား ကျောင်းသူတွေကို သင်တန်းသား ၄၀ လက်ခံပြီး သင်တန်းပို့ချသွားမယ်" ဟု ရန်ကုန်နည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါ်ခင်သန်းယုက ပြောသည်။

နယ်သာလန်မှ Gregor Van Essen က "မြန်မာနိုင်ငံက ကျောင်းသားတွေကို ရေနဲ့ပတ်သက်ပြီး နည်းပညာတွေ မျှဝေချင်တာပါ။ ရာသီဥတုပြောင်းလဲမှုကြောင့် ရေရှားပါးမှု ပြဿနာတွေက တစ်ဦးချင်းစီ သီးခြားဖြေရှင်းလို့မရဘူး။ နိုင်ငံတော်အဆင့် ပူးပေါင်းပါဝင်မှုတွေ လိုအပ်တယ်။ အချင်းချင်းပူးပေါင်းဆောင်ရွက်ရမယ်။ လူငယ်တွေရဲ့ အတွေးအခေါ်တွေကို မြှင့်တင်ဖို့ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုတွေ လိုအပ်တယ်"ဟု ပြောသည်။

နယ်သာလန်နိုင်ငံသည် ရေနှင့်ပတ်သက်သည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် မြန်မာနိုင်ငံအပြင် တရုတ်၊ စင်ကာပူ၊ အင်ဒိုနီးရှား နိုင်ငံတို့ရှိ တက္ကသိုလ်ပေါင်း ၃၀ ကျော်မှ ကျောင်းသား ကျောင်းသူ ၂၅၀ ကျော်အား ရေနှင့်ပတ်သက်သည့် နည်းပညာများကို မျှဝေသင်ကြားပေးခဲ့ကြောင်း သိရသည်။

**(မင်းသစ်)**



# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၁၉**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၇၅၈၀၀၀ - ၇၅၈၀၀၀ | မန္တလေး(ရွှေဈေး) | ၇၅၇၅၀၀ - ၇၅၇၅၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၀၀ ကျပ်၊ | ၆၂၀/၆၄၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၆၀ ကျပ်၊ | ၈၂၀/၈၆၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၅၀ ကျပ်၊ | ၆၇၀/၇၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၁၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၉၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၉၉. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၂၀. ၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇. ၂၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၅. ၇၅၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၅. ၂၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၁၆၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၁၁. ၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၆. ၉၇ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၉၀. ၅၅ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၂. ၃၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**




## ကျောင်းကျန်းမာရေး စစ်ဆေးပညာပေးဆောင်ရွက်

**ကျိုက်ဒုံ ဇန်နဝါရီ ၁၉**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျိုက်ဒုံမြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် ဇန်နဝါရီ ၁၉ ရက်က ကျောင်းကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ကျောင်းကျန်းမာရေး စစ်ဆေးခြင်းကို တိုက်နယ်ဆရာဝန် ဒေါက်တာမန်းမင်းနိုင်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာကြီးဦးတင့်စိုးတို့က မူလတန်းအဆင့် ကျောင်းသားကျောင်းသူတို့အား လိုအပ်သည့် ကျန်းမာရေး စစ်ဆေးခြင်းများဆောင်ရွက်ပေးခဲ့ပြီး ကာကွယ်ဆေးများကိုလည်း တိုက်ကျွေးခဲ့ကြကြောင်း သိရှိရသည်။ **ကျိုက်ဒုံ(ပြန်/ဆက်)**

# သံတွဲမြို့တွင် အခမဲ့မျက်စိခွဲစိတ်ကုသ

**သံတွဲ ဇန်နဝါရီ ၁၉**

ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီးများ ဖြစ်ကြသော ပါမောက္ခဒေါက်တာ ဦးကံညွန့်၊ ပါမောက္ခဒေါက်တာ ဦးကိုကိုတင်တို့ ခေါင်းဆောင်သော မျက်စိအထူးကုအဖွဲ့သည် သံတွဲမြို့၌ ဇန်နဝါရီ ၁၄ ရက်မှ ၁၇ ရက်အထိ မျက်စိအခမဲ့ စမ်းသပ်ခွဲစိတ်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့တွင် မျက်စိဆရာဝန် ၁၁ ဦး၊ သူနာပြု ခြောက်ဦး ပါဝင်သည်။ သံတွဲမြို့ သီတဂူမျက်စိကုဆေးရုံကြီးတွင် ပြင်ပလူနာပေါင်း ၁၂၆၅ ဦးကို ကြည့်ရှုပြီး အတွင်းတိမ်ဝေဒနာရှင် ၁၉၈ ဦးအား အခမဲ့ခွဲစိတ်ကုသပေးခဲ့ပြီး သံတွဲမြို့၊ ကျိန္တလီမြို့၊ ဂွမြို့နှင့် တောင်ကုတ်မြို့မှ မျက်စိဝေဒနာရှင်များ လာရောက်ပြသကြသည်။

အခမဲ့ခွဲစိတ်ကုသနိုင်ရန် ကုန်ကျစရိတ်များကို မြန်မာ့ရှေ့ဆောင်ဘဏ်မှ ဦးချစ်ခိုင်၊ ဒေါ်ခင်စိုးဝေ၊ Silva Beach Hotel မိသားစု၊ ဦးမောင်မောင် (ခ) ဦးကြင်ဝှက်မိသားစု၊ ဦးစိုးမင်း၊ ဒေါ်နုနုလတ်မိသားစု(ပဆရ)၊ ဦးမောင်မောင်၊ ဒေါ်စီစီငွေးမိသားစု၊ ဦးကျော်ကျော်မိုး၊ ဒေါက်တာကျော့ကေခိုင် မိသားစုနှင့် မချိုချိုဝင်း(KTK Co., Ltd) တို့မှ စုပေါင်းပါဝင်လှူဒါန်းခဲ့ကြသည်။

**(ကြေးမုံ)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်နိုင်ငံ နိုင်ငံပိုင်စွမ်းအင်ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်မှုအုပ်စုဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံပိုင်စွမ်းအင်ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်မှုအုပ်စု (State Power Investment Corporation- SPIC) ဥက္ကဋ္ဌ မစ္စတာ ဝမ်ပင်းဟွာ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ၂နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။** (အောက်ပုံ)



တွေ့ဆုံစဉ် ဧရာဝတီမြစ် ရေကြီးရေလျှံမှုမှကာကွယ်ရန် နိုင်ငံတကာ ပညာရှင်များပါဝင်သော လေ့လာရေးလုပ်ငန်းများနှင့် လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

**လက်ခံတွေ့ဆုံ**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့် အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးခင်မောင်စိုး၊ ဦးဇေယျာအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် မစ္စတာ ဝမ်ပင်းဟွာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်လည်း တက်ရောက်သည်။

**(သတင်းစဉ်)**

○ရှေ့ဖုံးမှ

အင်းလေးဒေသ၊ မန္တလေးဒေသ၊ စစ်ကိုင်း၊ မုံရွာဒေသ၊ ရခိုင်ပြည်နယ် မြောက်ဦးဒေသ စသည်တို့တွင်လည်း ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မီးပုံးပျံစီးနင်းခြင်းသည် တိမ်များအကြား ရွက်လွှင့်နေသကဲ့သို့ ခံစားနိုင်ခြင်း၊ ရေပြင်၊ မြေပြင်တွင်ကဲ့သို့ တုန်ခါမှုလှိုင်းရှိမှုတို့ကို မခံစားရဘဲ ငြိမ်သက်၍ လေဟုန်စီးနိုင်ခြင်း၊ မြေပြင်ရှိ သဘာဝရှုခင်းများကို ကောင်းကင်မှ ထူးခြားသော ခံစားမှုဖြင့် ကြည့်ရှုနိုင်ခြင်းတို့ကြောင့် ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် ပိုမိုစိတ်ဝင်စားလာကြသည်ကို တွေ့ရှိရသည်။

မီးပုံးပျံခရီးသွားလုပ်ငန်းဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ Golden Express Tours Co.,Ltd. ၏စီစဉ်ဆောင်ရွက်မှုဖြင့် နိုင်ငံတကာမီးပုံးပျံပွဲတော်ကို ၁၉၉၉ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံအတွင်း ဒေသအသီးသီးတွင် လှည့်လည်ဆောင်ရွက်ခဲ့ပြီး စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ရာ ယခု ၂၀၁၆ ခုနှစ် (၁၈)ကြိမ်မြောက်တွင်လည်း လွိုင်ကော်၊ ညောင်ရွှေ၊ အင်းလေး၊ တောင်ကြီး၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပုဂံ၊ ပုပ္ပား၊ ပခုက္ကူမြို့များတွင် ဆွစ်ဇာလန်နိုင်ငံသား ၁၈ ဦးသည် မီးပုံးပျံလေးလုံးဖြင့် စုပေါင်းပျံသန်းမှုကို ပြုလုပ်ခဲ့ကြသည်။

မီးပုံးပျံအပျော်စီးအဖွဲ့သည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ လွိုင်ကော်မြို့နှင့် ဝန်းကျင်ဒေသတွင်လည်းကောင်း၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၃ ရက်အထိ ညောင်ရွှေ အင်းလေးဒေသတွင်လည်းကောင်း၊ ဇန်နဝါရီ ၄ ရက်မှ ၇ ရက်အထိ တောင်သမန်အင်း၊ ဦးပိန်တံတားနှင့် ဧရာဝတီမြစ်ကမ်း သဲသောင်ခုံများပေါ်မှလည်းကောင်း၊ ဇန်နဝါရီ ၇ ရက်မှ ၁၀ ရက်အထိ မုံရွာမြို့နှင့်အနီးဝန်းကျင်တို့တွင် လည်းကောင်း မီးပုံးပျံ ပျံသန်းမှုများ ပြုလုပ်ခဲ့ကြသည်။ အဆိုပါအဖွဲ့သည် ဇန်နဝါရီ ၁၀ ရက်တွင် မုံရွာမှ ပုဂံမြို့သို့ မော်တော်ယာဉ်၊ စက်လှေတို့ဖြင့် အုပ်စုခွဲကာ သွားရောက်ခဲ့ကြပြီး ပုဂံဒေသတွင် ဇန်နဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ မီးပုံးပျံပျံသန်းမှုများကို စုစုပေါင်း(၂၅)ကြိမ်ပြုလုပ်ခဲ့ကြပြီး မြန်မာနိုင်ငံ သဘာဝအလှရှုခင်းများကို ကြည့်ရှုခံစားခြင်း၊ ဒေသခံတိုင်းရင်းသားများ၏နေထိုင်မှုပုံစံများ၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များလေ့လာခြင်း၊ ပဒေါင်ရွာ၊ မွေတော်ကက္ကူ၊ အင်းလေးရိုးရာ ကြာချည်ရက်ကန်းလုပ်ငန်း၊ မန္တလေးမြို့ ပိုးထည်လုပ်ငန်း၊ လက်မှုပညာလုပ်ငန်းများ၊ အထင်ကရနေရာများသို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြကာ ဇန်နဝါရီ ၁၅ ရက်တွင် ထိုင်းနိုင်ငံမှတစ်ဆင့် ဆွစ်ဇာလန်နိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့ကြသည်။

အဆိုပါ မီးပုံးပျံပွဲတော်သို့လာရောက်ဆင်နွှဲကြသော နိုင်ငံခြားသားများက ၎င်းတို့လည်ပတ်ရာ နိုင်ငံများထဲတွင် မြန်မာနိုင်ငံသည် အလှပဆုံးနိုင်ငံတစ်ခုဖြစ်ပြီး မြန်မာလူမျိုးတို့၏ရင်းနှီးဖော်ရွေမှု၊ ရိုးသားဖြောင့်မတ်မှုတို့နှင့် စိတ်ရင်းစေတနာကောင်းမွန်စွာဖြင့် ဝန်ဆောင်မှုတို့မှာ မည်သည့်နိုင်ငံတွင်မှ မတွေ့ရှိခဲ့ရကြောင်း၊ မြန်မာနိုင်ငံ၏သဘာဝရှုခင်းအလှအပများမှာ အခြားနိုင်ငံများထက် သာလွန်ကြောင်း ယဉ်ကျေးမှုအနုပညာလက်ရာများကို လေ့လာရသည်မှာ အလွန်စိတ်ဝင်စားဖွယ်ကောင်းကြောင်း၊ မိမိတို့နိုင်ငံသို့ ပြန်လည်ရောက်ရှိပါက ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများ၊ အဖွဲ့အစည်းများနှင့် အခြားနိုင်ငံများရှိ မိတ်ဆွေများကိုပါ မြန်မာနိုင်ငံအကြောင်းကို လက်ဆင့်ကမ်းကြော်ငြာပေးသွားမည်ဖြစ်ကြောင်း ဝမ်းသာစွာဖြင့် ပြောကြားသွားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ပဲခူးမြို့ မြို့ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး

**ပဲခူး ဇန်နဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီက တာဝန်ရှိသူများနှင့်အတူ ဂျပန်နိုင်ငံ၏ နှစ်ရှည်ချေးငွေဖြင့် ဆောင်ရွက်မည့် ပဲခူးမြို့ မြို့ရေပေးရေးလုပ်ငန်း စီမံကိန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ မဲခံကျေးရွာအုပ်စု ရေစက်ရွာ၌ ရေသန့်စင်စက်ရုံ တည်ဆောက်မည့် မြေနေရာသို့ရောက်ရှိရာ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးနှင့် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်တို့က မဲခံရေစက်ရုံဝင်းအတွင်း တည်ဆောက်မည့် ရေစစ်ကန်၊ ရေစက်ရုံတည်ဆောက်မည့် အခြေအနေ၊ 60 HP ရေတွန်းပန့်များ တပ်ဆင်ခြင်း၊ ရေလှောင်ကန်တွင် ရေသန့်စင်ဆေး (ကလိုရင်း)ခတ် စက်တပ်ဆင်ခြင်း၊ ရေပိုက်လိုင်းများ အစားထိုးလဲလှယ်ခြင်း၊ ရေပိုက်လိုင်းအသစ် ဆက်သွယ်ခြင်းလုပ်ငန်းများဆောင်ရွက်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးချုပ်က စီမံကိန်းလုပ်ငန်းများအား စနစ်တကျ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်၊ ပြည်သူများ သန့်စင်သော သောက်သုံးရေအသုံးပြုနိုင်ရေးအတွက် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ပေးရန်၊ ပစ္စည်းများ တပ်ဆင်အသုံးပြုရာ၌ ရေရှည်ခိုင်ခံ့အောင် အရည်အသွေးပြည့်မီသော ပစ္စည်းများကိုသာ အသုံးပြုရန်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေအောင် ဆောင်ရွက်ကြရန်မှာကြားပြီး ကန်တော်ကြီးဆည်အား သွားရောက်ကြည့်ရှုခဲ့သည်။

ပဲခူးမြို့ မြို့ရေပေးရေးလုပ်ငန်းအား အပိုင်းနှစ်ပိုင်းခွဲ၍ ဂျပန် ODA LOAN ဖြင့် ဆောင်ရွက်လျက်ရှိပြီး အပိုင်း(၁)အနေဖြင့် လက်ရှိမြို့ရေပေးရေးဆောင်ရွက်လျက်ရှိသော ကန်တော်ကြီးဆည်မှ မြို့တွင်းသို့ ပိုက်လိုင်းများလဲလှယ်ခြင်းနှင့် ရေစစ်ကန်များ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည်။

အပိုင်း(၂)အနေဖြင့် မဇင်းဆည်မှ ရေယူပြီး မြို့ရေပေးရေးဆောင်ရွက်နိုင်ခြင်းမရှိသေးသော ဥဿာမြို့သစ်ရပ်ကွက် (၁၊၂၊၃၊၄၊၅၊၆၊၈)၊ မဇင်း၊ ကလျာဏီရပ်ကွက်နှင့် စက်မှုဇုန်တို့သို့ ပိုက်လိုင်းများ အသစ်သွယ်တန်းခြင်းနှင့် ရေစစ်ကန်များ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(၅၈၈)**

# မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဒေသတွင်းစီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲနှင့် ထုတ်ကုန်ပြပွဲ မုံရွာ၌ ကျင်းပ

**မုံရွာ ဇန်နဝါရီ ၁၉**

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ယဉ်ကျေးမှုနှီးနှောဖလှယ်ခြင်း၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံး (မန္တလေး)တို့ ပူးပေါင်းပြီး ဒေသတွင်းထုတ်ကုန်ပြပွဲနှင့် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၈ ရက် နံနက် ၈ နာရီက မုံရွာမြို့ မြို့တော်ခန်းမရှေ့၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် ဒေသတွင်းထုတ်ကုန်ပြပွဲနှင့် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲကို တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိန်မောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်နှင့်အဖွဲ့က မြို့တော်ခန်းမအတွင်း ခင်းကျင်းပြသထားသော ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

အဆိုပါ ဒေသတွင်းထုတ်ကုန်ပြပွဲတွင် မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်များ၊ သစ်အခြေခံထုတ်ကုန်များ၊ လက်မှုပစ္စည်းများစသည့်ဒေသထွက်ကုန်များကိုလည်းကောင်း၊ အိန္ဒိယနိုင်ငံမှ စိုက်ပျိုးရေးနှင့် သက်ဆိုင်သည့် ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များ၊ အထည်အလိပ်၊ ဆေးဝါး၊ လူသုံးကုန်ပစ္စည်းများကို အာသံ၊ မဏိပူရ၊ နာဂလင်း၊ မီဇိုရမ်ပြည်နယ်တို့မှ ကုန်သည်ကြီးများက လာရောက်ပြသကြပြီး ကဏ္ဍအလိုက် ကုန်သည်များမှ အချင်းချင်းစုစည်းပြီး စားပွဲဝိုင်းဆွေးနွေးပွဲများကိုလည်း မုံရွာမြို့ မြစန္ဒာခန်းမတွင် ဇန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ သုံးရက်ကြာ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ အိန္ဒိယသံအမတ်ကြီး Mr. Gautam Mukhopadhaya နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အိန္ဒိယနိုင်ငံနှင့် ပြည်တွင်းမှ ကုန်သည်ကြီးများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**




# တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ဆော်ဒီ၊ အီဂျစ်၊ အီရန် သုံးနိုင်ငံခရီးစဉ်စတင်

**ပေကျင်း ဇန်နဝါရီ ၁၉**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဆော်ဒီအာရေဗျ၊ အီဂျစ်နှင့် အီရန်နိုင်ငံတို့သို့ သွားရောက်ရန် ဇန်နဝါရီ ၁၉ ရက်တွင် ပေကျင်းမြို့မှ ထွက်ခွာသွားခဲ့ပြီဖြစ်သည်။

ရှီကျင့်ဖျင်၏ ခရီးစဉ်သည် ဆော်ဒီဘုရင် ဆလမန် ဘင် အဗ္ဗဒူအဇစ် အယ်လ်ဆောဒ်၊ အီဂျစ်သမ္မတ အဗ္ဗဒယ်-ဖာတာ အယ်လ်စီစီနှင့် အီရန်သမ္မတ ဟက်ဆန် ရိုဟာနီတို့၏ ဖိတ်ကြားချက်အရ သွားရောက်ခြင်းဖြစ်သည်။

အဆိုပါခရီးစဉ်တွင် ရှီကျင့်ဖျင်သည် ဆော်ဒီဘုရင် ဆလမန် ဘင် အဗ္ဗဒူအဇစ် အယ်လ်ဆောဒ်၊ အီရန်သမ္မတ ဟက်ဆန် ရိုဟာနီတို့နှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်သကဲ့သို့ အီဂျစ်နိုင်ငံ ကိုရိုမြို့တော်ရှိ အာရပ်အဖွဲ့ချုပ် ဌာနချုပ်တွင်လည်း မိန့်ခွန်းတစ်ရပ် ပြောကြားသွားမည်ဖြစ်သည်။ ယင်းမိန့်ခွန်းတွင် ရှီကျင့်ဖျင်သည် တရုတ်နိုင်ငံ၏ မူဝါဒကို ရှင်းရှင်းလင်းလင်းချပြသွားမည်ဖြစ်သကဲ့သို့ အရှေ့အလယ်ပိုင်းဒေသ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တောင်းဆိုမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

ရှီကျင့်ဖျင်နှင့် အရှေ့အလယ်ပိုင်းဒေသ ခေါင်းဆောင်များသည် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာပြဿနာများတွင် အမြင်ချင်းဖလှယ်ဆွေးနွေးမှုများပြုလုပ်ကာ အရှေ့အလယ်ပိုင်းဒေသနှင့် ကမ္ဘာကြီးတည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် တိုးမြှင့်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယနိုင်ငံခြားရေးဝန်ကြီး ကျောက်မင်က ဇန်နဝါရီ ၁၈ ရက်တွင် ပြောကြားသည်။

ရှီကျင့်ဖျင်၏ အဆိုပါသုံးနိုင်ငံခရီးစဉ်တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ စွမ်းအင်ကဏ္ဍ တိုးမြှင့်ရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊ နျူကလီးယားစွမ်းအင်၊ အာကာသနှင့် ဂြိုဟ်တုလွှတ်တင်ရေး၊ သိပ္ပံနှင့် နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း ကျောက်မင်က ဆက်လက်ပြောကြားသည်။

ယင်းခရီးစဉ်သည် ယခုနှစ်အတွင်း ရှီကျင့်ဖျင်၏ ပထမဆုံးခရီးစဉ်ဖြစ်ပြီး ဇန်နဝါရီ ၁၉ ရက်မှ ၂၃ ရက်ထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ။**

# လစ်ဗျားမတည်ငြိမ်မှု ဥရောပကို ခြိမ်းခြောက်နေဟု ဂျာမနီကာကွယ်ရေးဝန်ကြီး ထုတ်ဖော်ပြောဆို

**ဘာလင် ဇန်နဝါရီ ၁၉**

လစ်ဗျားနိုင်ငံ၌ အစ္စလာမ္မစ်စစ်သွေးကြွများ စစ်ရေးအရ တိုးတက်လှုပ်ရှားလာခြင်းသည် ဥရောပတိုက်အား ထပ်မံခြိမ်းခြောက်လာနေပြီး ဒုက္ခသည်များ အလုံးအရင်းဖြင့် ထပ်မံဝင်ရောက်လာနိုင်ကြောင်း ဂျာမနီကာကွယ်ရေးဝန်ကြီး၏ ပြောကြားချက်ကို ကိုးကားလျက် ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျာမနီနိုင်ငံသည် အာဖရိကမြောက်ပိုင်းရှိ လစ်ဗျားနိုင်ငံသို့ တပ်ဖွဲ့များ စေလွှတ်ရေးကို ပယ်ချခြင်းမရှိကြောင်း၊ မိမိ၏နိုင်ငံအနေဖြင့် နေတိုး၏လုံခြုံရေးထိန်းသိမ်းမှုလုပ်ငန်းအတွက် တာဝန်ယူရခြင်းမှ ရှောင်ရှားမည်မဟုတ်ကြောင်း ဘစ်သတင်းစာသို့ ကာကွယ်ရေးဝန်ကြီး အာဆူလာ ဗွန်ဒါလီယန်က ပြောကြားသည်။

လစ်ဗျားနိုင်ငံ၌ ဂျာမနီတပ်ဖွဲ့များဖြန့်ကြက်ရန် အစီအစဉ် ရှိ၊ မရှိ သတင်းထောက်၏မေးမြန်းချက်ကို ဖြေကြားရာတွင် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ လစ်ဗျားနိုင်ငံ၌ ၂၀၁၁ ခုနှစ်တွင် မွမ်မာကဒါဖီ ရာထူးမှ ဖြုတ်ချခံခဲ့ရချိန်မှစ၍ စစ်ရေးပဋိပက္ခ စတင်လာခဲ့သည်။

လစ်ဗျားနိုင်ငံ၌ ဂျာမနီနိုင်ငံက စစ်ရေးအရ မည်သို့ ပါဝင်ပတ်သက်ဖွယ်ရှိပုံကို ၎င်းက အသေးစိတ်ပြောကြားခြင်း မရှိပေ။ သို့ရာတွင် လစ်ဗျားနိုင်ငံ၌ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးသည် မိမိတို့၏ အရေးအကြီးဆုံးရည်မှန်းချက်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

ဂျာမနီနိုင်ငံသည် ၁၉၉၉ ခုနှစ်တွင် ကိုဆိုဗို၌ ဆောင်ရွက်သည့်နေတိုး၏ စစ်ရေးမစ်ရှင်လုပ်ငန်းတွင် ပါဝင်ခဲ့ပြီး အာဖဂန်နစ္စတန်၌ တာလီဘန်အဖွဲ့ကို တိုက်ခိုက်ရန် တပ်ဖွဲ့စေလွှတ်ပေးခဲ့သည်။ ဂျာမနီနိုင်ငံသည် အိုင်အက်စ်အဖွဲ့ ချေမှုန်းရေးစစ်ရေးလှုပ်ရှားမှုတွင် လွန်ခဲ့သည့် နိုဝင်ဘာလမှစ၍ ပါဝင်ခဲ့သည်။

**ရိုက်တာ။**

# ကမ္ဘာမြေအပြင်ဘက်၌ ပထမဆုံးအကြိမ် ပန်းပင်တစ်ပင်ကို အောင်မြင်စွာ စိုက်ပျိုးနိုင်ပြီ

**ဝါရှင်တန် ဇန်နဝါရီ ၁၉**

နိုင်ငံတကာ အာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်)ပေါ်၌ တာဝန်ထမ်းဆောင်နေသော အာကာသယာဉ်မှူးများသည် ကမ္ဘာမြေအပြင်ဘက်၌ ပထမဆုံးအကြိမ် ပန်းတစ်ပွင့်ကို အပြည့်အဝ ပွင့်လန်းအောင် စိုက်ပျိုးနိုင်ခဲ့ခြင်းသည် အာကာသဆိုင်ရာအောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း အမေရိကန်အာကာသ အေဂျင်စီ (နာဆာ) အာကာသယာဉ်မှူးတစ်ဦးက အင်တာနက်တွစ်တာမှတစ်ဆင့် ရေးသားဖော်ပြသည်။

အာကာသအတွင်း ပထမဆုံးအကြိမ် ပန်းတစ်ပွင့်ပွင့်လန်းအောင် မိမိတို့စိုက်ပျိုးနိုင်ခဲ့ကြောင်း အာကာသယာဉ်မှူး ကယ်လီက ရေးသားသည်။

ကမ္ဘာပတ်လမ်းကြောင်းတွင်ရှိနေသော နိုင်ငံတကာအာကာသစခန်းယာဉ်၏ မိုက်ကရိုဆွဲအား အခြေအနေတွင် ဒေစီပန်းမျိုးနွယ်ဖြစ်သော ဇင်နီယာပန်းကို အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့သည်ဆို၏။

ဇင်နီယာပန်းသည် လှပသည့် ပန်းမျိုးဖြစ်သည့်အပြင် မိုက်ကရိုဆွဲအား အခြေအနေတွင် အပင်ငယ်များမည်ကဲ့သို့ ပန်းပွင့်နိုင်သည်ကို သိပ္ပံပညာရှင်များ နားလည်သိရှိစေရန် စမ်းသပ်စိုက်ပျိုးခြင်းဖြစ်ကြောင်း အာကာသယာဉ်မှူးကယ်လီက ရှင်းလင်းဖော်ပြသည်။ ကယ်လီသည် အမေရိကန်အာကာသယာဉ်မှူးဖြစ်ပြီး အင်ဂျင်နီယာတစ်ဦးလည်းဖြစ်သည်။ ၎င်းသည် အမေရိကန်ရေတပ်မှ ဗိုလ်ကြီးတစ်ဦးအဖြစ် အငြိမ်းစားယူခဲ့သူဖြစ်သည်။ အာကာသခရီးစဉ် သုံးကြိမ်အတွေ့အကြုံရှိခဲ့သူဖြစ်ပြီး ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် နှစ်နှင့်ချီကြာမြင့်မည့် အထူးမစ်ရှင်အတွက် ရွေးချယ်ခံခဲ့ရသည်။ ၎င်းသည် ၂၀၁၅ ခုနှစ် မတ်လတွင် နိုင်ငံတကာအာကာသစခန်းယာဉ်၌ စတင်တာဝန်ထမ်းဆောင်ခဲ့သည်။

**ဆင်ဟွာ။**



# ဂင်းနစ်စံချိန်ဝင် ကမ္ဘာ့အသက်အကြီးဆုံး ဂျပန်အမျိုးသား ကွယ်လွန်

**တိုကျို ဇန်နဝါရီ ၁၉**

အသက် (၁၁၂)နှစ်အရွယ်ရှိ ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသား ယာဆုတာရိုကွိုင်ဒဲသည် ဇန်နဝါရီ ၁၉ ရက်က ဂျပန်နိုင်ငံအလယ်ပိုင်း နာဂိုယာမြို့ရှိ ဆေးရုံတစ်ရုံ၌ ကွယ်လွန်သွားကြောင်း သိရသည်။

၁၉၀၃ ခုနှစ် မတ်လ ၁၃ ရက်က ဖူကွီးစီရင်စုတွင်မွေးဖွားခဲ့ပြီး အပ်ချုပ်သမားတစ်ယောက်အဖြစ် အလုပ်လုပ်ကိုင်ခဲ့သူ ယာဆုတာရိုအား ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသားအဖြစ် ဂင်းနစ်ကမ္ဘာ့စံချိန်အဖွဲ့က ပြီးခဲ့သည့်နှစ် ဩဂုတ်လအတွင်းက တရားဝင်အသိအမှတ်ပြုခဲ့သည်။ ၎င်းသည် အိုဆာကာမြို့သို့ ရွှေ့ပြောင်း၍ အထူးအခမ်းအနားများအတွက် ညနေခင်းပွဲတက်ဝတ်စုံများချုပ်ကာ အသက်မွေးခဲ့ရသည်။ အဘိုးဖြစ်သူသည် အပ်ချုပ်စက်ဖြင့် ပွဲတက်ဝတ်စုံမှ အဝတ်အထည်အမျိုးမျိုးထိ လက်ရက်ထည်များ စဉ်ဆက်မပြတ် ချုပ်နေတတ်ကြောင်း ဒေသန္တရ မီဒီယာများက အသက်ရာကျော်ရှည် ယာဆုတာရို၏ မြေးဖြစ်သူအားကိုးကား၍ ပြောကြားသည်။

"ကိုယ့်ကိုယ်ကိုယ် တွန်းအားမပေးဘဲ အရာရာတိုင်းကို ပျော်ရွှင်စွာနေပါ" ဟူသော အယူအဆမှာ အသက်ရှည်ခြင်း၏ လျှို့ဝှက်ချက်ဖြစ်ကြောင်း ပြီးခဲ့သည့်နှစ်က ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသားအဖြစ် ဆုချီးမြှင့်ခံရစဉ် ယာဆုတာရိုက သတင်းထောက်များသို့ ပြောကြားသည်။ ယာဆုတာရိုမှာ ဆိုင်တမစီရင်စုမှ အသက် (၁၁၂)နှစ်အရွယ်ရှိ ဆာကာရီမိုမွိုင် ပြီးခဲ့သည့် ဇူလိုင်လက ကွယ်လွန်ပြီးနောက် ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသားဖြစ်လာခဲ့သည်။ ယာဆုတာရိုမှာ ပြီးခဲ့သည့်တစ်လက ဖျားနာကာ နှလုံးရောဂါကြောင့် နာဂိုယာမြို့ရှိ ဆေးရုံတစ်ရုံသို့ တင်ထားပြီးနောက် ကွယ်လွန်သွားခြင်းဖြစ်ကြောင်း ၎င်း၏ဆွေမျိုးများက ဆိုသည်။ ဂျပန်နိုင်ငံ၏ လက်ရှိအသက်အကြီးဆုံး အမျိုးသားမှာ တိုကျိုမြို့၌ နေထိုင်သူ အသက် (၁၁၁) နှစ်အရွယ်ရှိ မာဆာမစ် ဆုယိုရှီဒါဖြစ်သည်။

**ဆင်ဟွာ။**




**ယာဆုတာရိုအား ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသားအဖြစ် ဂင်းနစ်ကမ္ဘာ့စံချိန်အဖွဲ့က ၂၀၁၅ ခုနှစ် ဩဂုတ် ၂၁ ရက်တွင် အသိအမှတ်ပြုစဉ်။**

# တရုတ်ရေတပ် စစ်ရေယာဉ်များ သီရိလင်္ကာသို့ ချစ်ကြည်ရေးရောက်ရှိ

**ကိုလံဘို ဇန်နဝါရီ ၁၉**

တရုတ်ရေတပ်၏ အမှတ် (၂၁)လုံခြုံရေးအစောင့်အရှောက်အထူးလုပ်ငန်းတပ်ဖွဲ့၏ ပဲ့ထိန်းဒုံးကျည်ဖျက်သင်္ဘောများဖြစ်ကြသော လျူကျို၊ ဆန်ယနှင့်ထောက်ပံ့ရေးသင်္ဘောကျင်ဟိုင်းဟူတို့သည် ငါးရက်ကြာအလည်အပတ်ခရီးအဖြစ် သီရိလင်္ကာနိုင်ငံ မြို့တော်ကိုလံဘိုသို့ ဇန်နဝါရီ ၁၇ ရက်တွင် ဆိုက်ရောက်လာကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြသည်။

အလည်အပတ်ရောက်ရှိလာသော တရုတ်စစ်ရေယာဉ်စုမှ စစ်သည်များအား သီရိလင်္ကာရေတပ်ဖွဲ့ကကြိုဆိုပွဲ အခမ်းအနားကျင်းပပြီး ယင်းအခမ်းအနားသို့ သီရိလင်္ကာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးနှင့်အတူ ပင်လယ်ရပ်ခြားဒေသနေ တရုတ်နိုင်ငံသား တာဝန်ရှိသူများနှင့် ကုန်သည်များ ဦးရေ ရာနှင့်ချီကာ တက်ရောက်ကြသည်။ ယင်းကြိုဆိုပွဲအခမ်းအနားအပြီးတွင် လာရောက်လည်ပတ်သည့် တရုတ်စစ်ရေယာဉ်သုံးစင်းကို အများပြည်သူတို့အား လာရောက်လေ့လာခွင့်ပြုပေးခဲ့သည်။

အဆိုပါတရုတ်စစ်ရေယာဉ် ဇန်နဝါရီ ၃ ရက်က အေဒင်ပင်လယ်ကွေ့မှ ထွက်ခွာခဲ့ခြင်းဖြစ်ပြီး ဆိုမာလီကမ်းခြေနှင့် အေဒင်ပင်လယ်ကွေ့ဒေသအတွင်း ကုန်သွယ်ရေကြောင်း သင်္ဘောများအတွက် ပင်လယ်ဓားပြဘေးရန်မှ ကာကွယ်ရေးအတွက် လေးလတာ တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ။**

# အဖျက်စွမ်းအားကြီးမားသော လက်နက်များတားဆီးကာကွယ်ရေးဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ်(၁၅၄၀) ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၉**

အဖျက်စွမ်းအားကြီးမားသော လက်နက်များပြန့်ပွားမှုမှ တားဆီးကာကွယ်ရေးဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် (၁၅၄၀)အကောင်အထည်ဖော်ရေး စားပွဲဝိုင်းဆွေးနွေးပွဲကို မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့ ပူးပေါင်း၍ ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ စားပွဲဝိုင်းဆွေးနွေးပွဲသို့ ကုလသမဂ္ဂလက်နက်ဖျက်သိမ်းရေးဆိုင်ရာရုံးမှ အရာရှိများ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ်(၁၅၄၀)အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအဖွဲ့မှ ကျွမ်းကျင်သူများ၊ ကုလသမဂ္ဂ အာရှပစိဖိတ်ဒေသတွင်း ငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေးစင်တာမှ ညွှန်ကြားရေးမှူး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ ကိုယ်စားလှယ်အရာရှိကြီးများနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးချုပ်ကိုကိုလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထင်လင်း၊ ကုလသမဂ္ဂအာရှပစိဖိတ်ဒေသတွင်း ငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေးစင်တာမှ ညွှန်ကြားရေးမှူး မစ္စတာယူရီခရီဗိုနေ့၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ်(၁၅၄၀) အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ ကျွမ်းကျင်သူအဖွဲ့မှ အဖွဲ့ဝင် မစ္စတာလူရှန်ဒေါင်တို့က အဖွင့်အမှာစကား အသီးသီးပြောကြားခဲ့ကြပြီးနောက် တက်ရောက်လာကြသူများက အပြန်အလှန်ဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲကို ဇန်နဝါရီ ၂၀ ရက်အထိ ၂ ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

❐

**❐ ရန်ကုန်တိုင်းဒေသကြီးမှ**

"ကိုယ့်ခြံကိုယ့်ဝင်းနဲ့ ကိုယ်ပိုင်အမည်ပေါက် ကားလေးလိုချင်လို့ ကားပါကင်လျှောက်တာ အဆင်မပြေဘူး။ ဝယ်သုံးရတာမျိုးတွေရှိတယ်။ ကားပါကင်ပါမစ်ကလည်း အပြင်မှာ ဈေးအမျိုးမျိုးပေါက်တယ်။ တကယ်လို့ မှန်မှန်ကန်ကန်စစ်ဆေးတယ်ဆိုရင် ကျွန်တော်တို့လို ခြံဝင်းထဲ ကားထားဖို့နေရာရှိသူတွေ ဘာကြောင့် ကားပါကင်လျှောက်တာ အဆင်မပြေတာလဲ။ ပွဲစားနဲ့လုပ်ရင် ဘာလို့ရတာလဲ။ ပိုက်ဆံပိုကုန်မှ ဘာလို့ပါမစ်ရတာလဲ။ ဘယ်လိုစံနှုန်း၊ ဘယ်လိုအချက်အလက်၊ ဘယ်လိုမူဝါဒတွေနဲ့ ရွေးချယ်လဲဆိုတာကို အများပြည်သူကို ပွင့်လင်းမြင်သာမှုရှိရှိ ဖော်ပြပေးသင့်တယ်။ မဟုတ်ရင် ဌာနတစ်ခုကနေ နောက်တစ်ခုပြောင်း၊ စနစ်တစ်ခုကနေတစ်ခုပြောင်းလည်းပဲ ပွင့်လင်းမြင်သာမှုမရှိရင်၊ အဂတိလိုက်စားမှုတွေရှိနေရင် အများပြည်သူအတွက် ဘယ်လိုမှ အဆင်မပြေနိုင်ဘူး"ဟု မြောက်ဥက္ကလာပမြို့နယ်တွင် နေထိုင်သူ ဝန်ထမ်းဟောင်းတစ်ဦးက ကားပါကင်စနစ်နှင့် ပတ်သက်၍ ၎င်း၏ အတွေ့အကြုံကို ပြောကြားသည်။

ပြည်သူ့လွှတ်တော်တွင် ယင်းကိစ္စအား မေးမြန်းသွားရာတွင် အဂတိလိုက်စားမှုများရှိပါက တိုင်ကြားနိုင်ပြီး ထိရောက်စွာ အရေးယူသွားမည်ဖြစ်သည့်အပြင် မော်တော်ယာဉ်ဝယ်ယူအသုံးပြုသူတစ်ဦးအနေဖြင့်လည်း မိမိပိုင်ဆိုင်သည့် ဧရိယာအတွင်း မော်တော်ယာဉ်ထားရှိရန် နေရာရှိမှသာ ကားဝယ်ယူသင့်သဖြင့် ကားပါကင်ခွင့်ပြုမိန့်အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာ ပွင့်ဆန်းက ဖြေကြားသွားခဲ့သည်။

**(၀၀၁)**



ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ရတနာလမ်း၌ တည်ဆောက်ထားသည့် အထပ်မြင့်ကားပါကင်ကို တွေ့ရစဉ်။

# ပုလဲ-ဂန့်ဂေါလမ်းပိုင်းတွင် ဇာတ်ပွဲယာဉ်တိမ်းမှောက် သုံးဦးသေဆုံး၊ ၁၇ ဦးဒဏ်ရာရ

**မန္တလေး ဇန်နဝါရီ ၁၉**

ဂန့်ဂေါနှင့် ကလေးမြို့အကြား တောင်ခရမ်းရွာ ဘုရားပွဲသို့ဖျော်ဖြေရန် မန္တလေးမှထွက်ခွာသွားသည့် ရွှေလှမ်းတက်ဇာတ်အဖွဲ့ယာဉ်သည် ဇန်နဝါရီ ၁၉ ရက် နံနက် ၅ နာရီခန့်က ပုလဲ-ဂန့်ဂေါလမ်းပိုင်း မိုင်တိုင်(၅၈) အနီးတွင်တိမ်းမှောက်ရာ သုံးဦးသေဆုံးကြောင်း မန္တလေးတိုင်းသဘင်ပညာရှင်များအစည်းအရုံးမှ သိရသည်။

ယာဉ်ပေါ်တွင် ဇာတ်အဖွဲ့ဝင်ပေါင်း ၄၀ ကျော်ပါရှိပြီး သေဆုံးသူများအပြင် အရိုးကျိုးဒဏ်ရာရရှိသူများအပါအဝင် ဒဏ်ရာရသူ ၁၇ ဦးရှိကြောင်း သိရသည်။

"ဘုရားပွဲမှာသွားရောက်ကပြဖို့အသွားမှာ ခုလိုတိမ်းမှောက်တာပါ။ တစ်ဖက်မှာ ချောက်ရှိတယ်။ ကားသမားက ချောက်ထဲမကျအောင် ရှောင်လိုက်တော့ သစ်ပင်ကို ဝင်တိုက်ပြီးရပ်သွားတာလို့ သိရတယ်။ ချောက်ထဲကျရင် ထိခိုက်မှုပိုများမှာ။ တော်သေးတယ်လို့ ဆိုရမယ်"ဟု သဘင်အစည်းအရုံးမှ တာဝန်ရှိသူက ပြောကြားသည်။

ဖြစ်စဉ်မှာ ဇာတ်အဖွဲ့စီးနင်းလာသည့် ခြောက်ဘီးယာဉ်သည် ချောက်နှင့် လယ်ကွင်းများ တစ်ဖက်တစ်ချက်ရှိသည့် တောင်ဆင်းလမ်းတွင် ဂီယာကြီးဖြင့်မောင်းရာမှ ဘရိတ်ပေါက်သွားပြီး ယာဉ်မောင်းမှ ချောက်ထဲမကျအောင် ကြိုးစားရင်း လမ်းဘေးသစ်ပင်ကို ဝင်တိုက်မိခြင်းဖြစ်ကြောင်း သိရသည်။

"မုံရွာနဲ့ ပုလဲမြို့နယ်သဘင်အစည်းအရုံးတွေက အနီးကပ်ကူညီပေးကြတယ်။ မုံရွာဆေးရုံကနေ မန္တလေးကို အခုညနေမှာ သယ်နေတယ်။ တချို့ အရိုးကျိုးတာတွေရှိတော့ သူတို့မိသားစုနဲ့ နွေးနွေးထွေးထွေးဖြစ်အောင် မန္တလေးဆေးရုံမှာ ကုသဖို့ပါ။ အသင်းကလည်း လိုအပ်တာ ကူညီပေးနေတယ်"ဟု တိုင်းသဘင်ပညာရှင်များအစည်းအရုံး အတွင်းရေးမှူး ဦးနန်းငွေးအောင်က ပြောသည်။

အခင်းဖြစ်ရာသို့ မန္တလေးတိုင်းဒေသကြီး သဘင်အစည်းအရုံးမှ တာဝန်ရှိသူများသွားရောက်ခဲ့ကြပြီး သဘင်ဂီတနှင့် ဂီတကွန်ရက်အသင်းကလည်း အကူအညီများပေးအပ်နေကြောင်း၊ မုံရွာ၊ ပုလဲမြို့နယ်သဘင်အစည်းအရုံးနှင့် ဒေသခံလူမှုရေးအသင်းများက အစားအစာများ ထောက်ပံ့သည့်အပြင် လိုအပ်သည့်ကူညီမှုများ အနီးကပ်လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ပြဇာတ်မင်းသမီးဂျူးဂျူး၊ နှဲဆရာဦးလူဘို၊ အသံချဲ့စက်ဆရာဦးရွှေကိုတို့သေဆုံးပြီး ဒဏ်ရာရသူ ၁၇ ဦးအနက် နှစ်ဦးမှာ မုံရွာဆေးရုံတွင် ခွဲစိတ်ခံယူမည်ဖြစ်ပြီး ကျန်လူနာ ၁၅ ဦးမှာ မန္တလေးဆေးရုံတွင် ဆက်လက်ကုသမည်ဖြစ်ကြောင်း သိရသည်။

**(အောင်သန့်ခိုင်)**

# မင်္ဂလာမူဆယ်လမ်းလျှောက်ဈေး ဖွင့်လှစ်

**မူဆယ် ဇန်နဝါရီ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင် မူဆယ်မြို့ ကမ်းနားလမ်းနှင့် ချစ်ကြည်ရေးလမ်းထောင့်၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်းနှင့် နယူးစတားလိုက်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် မူဆယ်ဗဟိုစီးပွားရေးဇုန်စီမံကိန်း မင်္ဂလာမူဆယ် လမ်းလျှောက်ဈေးဖွင့်ပွဲကို ဇန်နဝါရီ ၁၉ ရက်က ကျင်းပသည်။

မူဆယ်ဗဟိုစီးပွားရေးဇုန်၏ အကျယ်အဝန်းမှာ ၂၉၄ ဒသမ ၇၈၉ ဧကရှိပြီး အဆောက်အအုံအားဖြင့် ၁၈၁ ဒသမ ၅၃၃ ဧကဖြစ်ကြောင်း သိရသည်။

မူဆယ်မင်္ဂလာ လမ်းလျှောက်ဈေးတွင် အဆောက်အအုံ ရှစ်ခု၊ အခန်း ၂၄ ခန်းနှင့် ဆိုင်ခန်း ၁၉၂ ခန်းရှိသည်။ ဆိုင်ခန်းတစ်ခန်းလျှင် စတုရန်းပေ ၃၀၀၀ ရှိ သုံးထပ်ခန်းများဖြစ်ကာ အောက်ဆုံးမြေညီထပ်တွင် ဆိုင်ခန်းဖွင့်လှစ်၍ ကျန်အထပ်များတွင် လူနေနိုင်ပြီး ကားပါကင်တစ်ခုစီပါရှိသည်။

ဆိုင်ခန်းများကို ၆၀ ရာခိုင်နှုန်း ရောင်းချထားပြီးဖြစ်ကြောင်းနှင့် ပြည်တွင်းမှဝယ်ယူမှုကို ဦးစားပေးရောင်းချသွားမည်ဖြစ်ကြောင်း၊ ဆိုင်ခန်းပိုင်ရှင်၏ရွေးချယ်ရောင်းချသော ကုန်ပစ္စည်းများကိုသာ ဦးစားပေးသွားမည်ဖြစ်ကြောင်း စီမံကိန်းဒါရိုက်တာဦးငွေစိုးက ပြောပြသည်။

မူဆယ်ဗဟိုစီးပွားရေးဇုန်စီမံကိန်းကို ဒေသခံပြည်သူများ ဆင်းရဲနွမ်းပါးမှုလျော့နည်းစေရေး၊ ကုန်သွယ်မှုပမာဏမြင့်မားပြီး နိုင်ငံခြားခရီးသွားများ လေ့လာကြည့်ရှုလည်ပတ်ခြင်းအားဖြင့် နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိစေရန်၊ ဒေသခံများနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်လုပ်ကိုင်ကြသူများအတွက် အခွင့်အလမ်းသစ်များ ရရှိစေရန်အတွက် ရည်ရွယ်ဆောက်လုပ်ခြင်းဖြစ်ကြောင်း နယူးစတားလိုက်ကုမ္ပဏီလီမိတက်မှ စီမံကိန်းဒါရိုက်တာက ဆက်လက်ပြောပြသည်။

**သန့်ဇင်(မူဆယ်)**

**❐ ပြည်ပဈေးကွက်မှ**

လှိုင်းလေပြင်းထန်မှုကြောင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် အခက်အခဲနှင့် အန္တရာယ်များစွာရှိနိုင်သည့်အပြင် စက်လှေနစ်မြုပ်ကာ အသက်အန္တရာယ်ဖြစ်စေနိုင်သည်။ ထို့အပြင် လုံလောက်သောနေအပူရှိန်မရရှိနိုင်သဖြင့် ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်များပြုလုပ်ရာတွင်လည်း အခက်အခဲများရှိသည်။ ထို့ကြောင့် မိုးရာသီတွင် မိုးသက်မုန်တိုင်းနှင့် လှိုင်းလေအန္တရာယ်ကို ရင်ဆိုင်အံတုနိုင်သည့် ခေတ်မီကမ်းဝေးငါးဖမ်းသင်္ဘောကြီးများနှင့် စက်လှေတောင့်တင်းခိုင်မာမှုရှိပြီး စက်လှေအင်ဂျင်ပါဝါစက်မြင်းကောင်ရေအားကောင်းသည့် ဒေသခံဆဲွပိုက်၊ မျှောပိုက်လုပ်ငန်းအချို့သာ ပင်လယ်ပြင်တွင် လုပ်ကိုင်ဆောင်ရွက်ကြပြီး ပင်လယ်ရေလုပ်ငန်းအများစုမှာ မိုးခိုရပ်နားနေလေ့ရှိသည်။

မြန်မာ့ပင်လယ်ပြင်မှကင်းပုစွန်များမှာ ပြည်ပဈေးကွက်များတွင် ဈေးကွက်တွင်ကျယ်ခိုင်မာကာ ဈေးကောင်းရရှိနေသည့် ပြည်ပပို့ကုန်ရေထွက်ကုန်ပစ္စည်းတစ်ခုဖြစ်သော်လည်း ပြီးခဲ့သည့်နှစ်လုပ်ငန်းရာသီမှာ ယခင်နှစ်ကထက် ဈေးနှုန်းများကျဆင်းနေခဲ့ကြောင်း၊ ထိုသို့ဈေးနှုန်းများ ကျဆင်းနေသော်လည်း မြစ်ဝကျွန်းပေါ်ပင်လယ်ကမ်းခြေဒေသ ပင်ရင်းဈေးကွက်များမှ "ကင်းပိုက်" လုပ်ငန်းများမှာ အဆင်ပြေတွက်ခြေကိုက်ခဲ့ကြောင်း ဖျာပုံမြို့နယ် အရှေ့စုကျေးရွာတွင် ကင်းပိုက်လုပ်ငန်းများကို အခြေစိုက်လုပ်ကိုင်ဆောင်ရွက်နေသည့် ကိုကျော်မင်းလွင်၏ပြောပြချက်များအရ သိရသည်။

ကင်းပုစွန်များမှာ ယခင်က ပင်လယ်ရေလုပ်ငန်းများတွင် တစ်ကောင်စ၊ နှစ်ကောင်စဖမ်းယူရမိနေခဲ့သော်လည်း ဈေးကွက်လည်းမရှိ၊ စားသုံးမှုလည်းမရှိကြက်စာ၊ ငါးပိစသည့် အခြားသောရေထွက်ကုန်ပစ္စည်းများတွင်လည်း ထည့်သွင်းအသုံးပြု၍မရသဖြင့် စွန့်ပစ်လေလွင့်ပစ္စည်းအဖြစ် ပြန်လည်စွန့်ပစ်ခဲ့ကြသည်။ သက္ကရာဇ်၂၀၀၀ ခုနှစ် ပတ်ဝန်းကျင်တွင် မြန်မာ့ရေထွက်ကုန်ပစ္စည်းတော်တော်များများမှာ ပြည်ပဈေးကွက်ဝင်ကုန်ပစ္စည်းအဖြစ် ဈေးကွက်ဝင်လာခဲ့ရာ ကင်းပုစွန်များမှာလည်း စွန့်ပစ်လေလွင့်ဘဝမှ ပြည်ပဈေးကွက်ဝင်ဖြစ်လာသဖြင့် တန်ဖိုးမြင့်ရေထွက်ကုန်ပစ္စည်းများ ဖြစ်လာခဲ့သည်။ မြစ်ဝကျွန်းပေါ်ပင်လယ်ကမ်းခြေဒေသများတွင် ကင်းပုစွန်သီးသန့်ဖမ်းယူသည့် ပင်လယ်ရေလုပ်ငန်းကို "ကင်းပိုက်"လုပ်ငန်းဟုခေါ်သည်။

ယခုအခါ မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသများတွင် "ကင်းပိုက်" လုပ်ငန်းများကို အများအပြားလုပ်ကိုင်ဆောင်ရွက်နေကြပြီ ဖြစ်သည်။ အထူးသဖြင့် ဖျာပုံမြို့နယ် အေးကုန်း၊ အရှေ့စု၊ အနောက်စု၊ အောင်လှိုင်၊ နောက်မီးနှင့် အမာမြို့နယ် အရှေ့ဖျား၊ ဂယက်ကြီး စသည့် ကျေးရွာများနှင့် ပတ်ဝန်းကျင်ဒေသများတွင် အများအပြားလုပ်ကိုင်ဆောင်ရွက်နေကြသည်။ အရှေ့စုကျေးရွာတစ်ရွာတည်းမှပင် ကင်းပိုက်စက်လှေ အစင်းရေ ငါးရာခန့်ရှိကြောင်း ကိုကျော်မင်းလွင်ကပြောသည်။ ထို့ကြောင့် ကမ်းခြေဒေသများတွင် ကင်းပုစွန်အဝယ်ဒိုင်လုပ်ငန်းများကိုလည်း တွင်ကျယ်ခိုင်မာစွာ လုပ်ကိုင်ဆောင်ရွက်နေကြပြီဖြစ်သည်။ ကင်းပုစွန်အဝယ်ဒိုင်လုပ်ငန်းများမှာ အခြားသောရေထွက်ကုန်ပစ္စည်းအဝယ်ဒိုင်များကဲ့သို့ များများစားစားမရှိ။ ဒေသတစ်ခုတွင် အဝယ်ဒိုင်တစ်ခုလောက်သာရှိသည်။ ရှိနေသည့်အဝယ်ဒိုင်တွေကလည်း ကင်းပုစွန်များစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ကင်းပိုက်လုပ်ငန်းပိုင်ရှင်တစ်ဦးလျှင် ငွေကျပ်သိန်း ၂၀ ခန့် ကြိုတင်ငွေများထုတ်ပေးကာ ကင်းပုစွန်များကို ကြိုတင်ဝယ်ယူလျက်ရှိကြောင်း ကိုကျော်မင်းလွင်၏ပြောပြချက်များအရ သိရသည်။

ကင်းပုစွန်တွင် အစိမ်းနှင့်အနီဟူ၍ နှစ်မျိုးရှိရာ ပြီးခဲ့သည့်နှစ် ပင်ရင်းကမ်းခြေဈေးကွက်များတွင် ကင်းပုစွန်များကို ဝယ်ယူရာတွင် ကင်းပုစွန်အစိမ်းကို အထီး၊ အမခွဲခြားဝယ်ယူပြီး အနီကိုမူ အထီး၊ အမ မခွဲခြားဘဲဝယ်ယူကြသည်။ ကင်းပုစွန်များကို အထီး၊ အမခွဲခြားရာတွင် ကင်းပုစွန်၏လက်ညှပ်ကို ကြည့်၍ခွဲခြားသည်။ လက်ညှပ်တိုပြီး ဝနေလျှင် အမ၊ လက်ညှပ်ပိန်ပြီး ရှည်နေလျှင် အထီးဖြစ်ပြီး ပြည်ပဈေးကွက်သို့ အကြောင်းအမျိုးမျိုးကြောင့် တင်ပို့နိုင်ခြင်းမရှိသည့် ကင်းပုစွန်များကို မြို့ဈေးကွက်သို့တင်ပို့ကြပြီး မြို့ပေါ်ဈေးကွက်မှ တစ်ဆင့် ပြန်လည်ဖြန့်ဖြူးရောင်းချကြရာ လက်ရှိအချိန်တွင် ပုစွန်များမှာ ပြည်တွင်းဈေးကွက်တွင် တစ်ပိဿာ ကျပ်တစ်သောင်းခွဲအထိ ပေါက်ဈေးရှိကြောင်း ကင်းပုစွန်ရောင်းဝယ်ရေးလုပ်ငန်းများမှ သိရသည်။

**(သတင်းဆောင်းပါး-ဇာညီမြင့်)**

# ကျေးဇူးတင်ပါတယ် ဦးလေးကြီး

ကြင်လှိုင်မြင့်

**လောကကြီးမှာ ဘယ်လိုနည်းနဲ့ပဲ ကျေးဇူးပြုဖူး၊ ပြုဖူး ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်က သင်ခန်းစာတစ်စုံတစ်ခု ဒါမှမဟုတ် ဆင်ခြင်စရာတစ်ခုခု ကိုယ့်အပေါ်ပြုခဲ့ဖူး၊ မျှဝေခဲ့ဖူးတယ်ဆိုရင်လည်း အဲဒီပုဂ္ဂိုလ်ဟာ ကိုယ့်အတွက် ကျေးဇူးရှင်ပါပဲ။ ကျွေးမှ၊ ပေးမှ၊ ကယ်တင်မှ ကျေးဇူးရှင်ဖြစ်တာမဟုတ်ပါဘူး။ ကျေးဇူးရှင်ဆိုတာကို မိမိစိတ်ခံစားချက်ပေါ် မူတည်ပြီး သတ်မှတ်နိုင်တယ်။ စံထားနိုင်တယ်။**

စာရေးသူရဲ့ဘဝတစ်လျှောက်မှာဆိုရင်လည်း မရေမတွက်နိုင် လောက်အောင်များပြားလှတဲ့ ကျေးဇူးရှင်တွေရှိခဲ့ဖူးပါတယ်။ နောင်လည်း ဆက်ရှိနေဦးမှာပါ။ အဲဒီမရေမတွက်နိုင်အောင်များပြားလှတဲ့ ကျေးဇူးရှင်တွေ ထဲမှာမှ ကျေးဇူးရှင်တစ်ယောက်ကတော့ စာရေးသူမောင်းလာတဲ့ မော်တော် ဆိုင်ကယ်ကို ကားနဲ့ဝင်တိုက်ခဲ့တဲ့ဦးလေးကြီးလည်း တစ်ယောက်အပါအဝင် ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ် မေလရဲ့ ကြာသပတေးနေ့ မွန်းလွဲ ၁ နာရီလောက်မှာ နေခြစ်ခြစ်တောက်ပူနေလိုက်တာမှ ကတ္တရာလမ်းမတွေပေါ်မှာ တံလျှပ်တွေ ဟီးဟီးထ ခေါင်းထောင်ယိမ်းထိုးနေကြပါတယ်။ အဲဒီ ဟီးဟီးထ ခေါင်းထောင် ယိမ်းထိုးနေကြတဲ့ တံလျှပ်တွေကြားကို တိုးဝှေ့ဖြတ်ကျော်ရင်း စာရေးသူ သန်လျင်ကျိုက်ခေါက်ဘုရားလမ်းအတိုင်း နာရီစင်လမ်းဆုံဘက်ကို မမြန် လွန်းမနှေးလွန်းတဲ့နှုန်းထားနဲ့ ဆိုင်ကယ်ကိုခပ်မှန်မှန်လေးမောင်းခဲ့ပါတယ်။

နေ့ခင်းနေပူချိန်ပြင်းတာကတစ်ကြောင်း၊ နေ့လယ်စာထမင်းစားချိန် ရောက်နေတာကတစ်ကြောင်းတို့ကြောင့် ကားလမ်းတစ်လျှောက်လုံး ကားတွေ ဆိုင်ကယ်တွေ သိပ်မတွေ့ရပါဘူး။ တစ်စီးစနှစ်စီးစလောက်ပဲ ကျိုးတိုးကျဲတဲ လေး မောင်းနှင်သွားလာနေကြပါတယ်။ အဲဒီမောင်းနှင်သွားလာနေကြတဲ့ ယာဉ်တွေထဲမှာ စာရေးသူရဲ့ မော်တော်ဆိုင်ကယ်လည်း တစ်စီးအပါအဝင် ဖြစ်ပါတယ်။

အံ့ဩမိတာတစ်ခုက ခါတိုင်းဆိုင်ကယ်ပေါ်ရောက်ပြီဆိုတာနဲ့ ဘေးအန္တရာယ်ကင်းအောင် မေတ္တာသုတ်၊ သမ္ဗုဒ္ဓေ၊ ပဋ္ဌာန်းအကျဉ်း၊ ဘုရားဂုဏ်တော် စတာတွေကို ခရီးဆုံးရောက်တဲ့အထိ မပြတ်တမ်းရွတ်တယ်။ အဲဒီလမ်းတစ်လျှောက်မှာရှိတဲ့ နတ်တွေကို မေတ္တာအမြဲပို့တယ်။ အဲဒီနေ့ကျမှ ဆိုင်ကယ်စီးရင်း ဘယ်လိုဖြစ်ပြီး အသုဘကမ္မဋ္ဌာန်းစီးဖြန်းမိနေပါလိမ့်ဆိုပြီး ကိုယ့်ကိုယ်ကိုအံ့ဩနေမိတယ်။ သတိဝင်လာတော့ အဲဒီ အသုဘကမ္မဋ္ဌာန်း စီးဖြန်းတာကိုရပ်လိုက်ပြီး မေတ္တာသုတ်ကို ပြန်ပြောင်းပြီးရွတ်ခဲ့တယ်။ ဆေးရုံကွေ့နားရောက်တော့ နောက်ကြည့်မှန်နဲ့ နောက်ယာဉ်ကြောရှင်း မရှင်းကို ကြည့်လိုက်တယ်။ နောက်ယာဉ်ကြောရှင်းတယ်။ ဘာကားမှမပါဘူး။

နာရီစင်ကိုရောက်ရင် ညာဘက်ကိုကွေ့မှာမို့လို့ ညာကွေ့မယ်ဆိုတဲ့ အချက်ပြမီးကို ပြလိုက်တယ်။ နောက်ကြည့်မှန်ကိုထပ်ကြည့်တယ်။ ရှင်းနေ တုန်း။ ဘာကား ဘာဆိုင်ကယ်မှမပါဘူး။ သန်လျင်တရားရုံးရှေ့က ဘတ်(စ်) ကားမှတ်တိုင်ရှေ့ကိုလည်းရောက်ရော မိုးပြာရောင်အိမ်စီးကားလေးတစ်စီး ဘယ်ကနေဘယ်လိုရောက်လာလဲမသိဘူး။ စာရေးသူရဲ့ ဆိုင်ကယ်ရှေ့ကို ကန့်လန့်ဖြတ်တိုးဝင်ပြီး တိုက်ချပစ်လိုက်တယ်။ ဝင်တိုက်တဲ့ကားက အရှိန် တော်တော်လေးပါလို့ စာရေးသူ ဆိုယ်ကယ်ပေါ်ကနေ ငါးပေလောက်အထိ လွင့်ကျပြီး ကတ္တရာလမ်းမပေါ်မှာ ပုံလျက်သားလေး ကျသွားခဲ့တယ်။ အံ့ဩ ပြောင်းဆန်မှုတွေနဲ့အတူ တွေဝေနေပြီး ရုတ်တရက်ပြန်မထနိုင်ခဲ့ပါဘူး။ ကံကောင်းတာတစ်ခုက နောက်က ကပ်လိုက်လာတဲ့ကားမပါလို့ တော်သေး တယ်။ နောက်က ကပ်လိုက်လာတဲ့ကားသာ ပါလာရင်တော့ မတွေးဝံ့စရာပါပဲ။

ဆိုင်ကယ်ထဲမှာလည်း ဆီက အပြည့်ပါနေလို့ ဗွက်၊ ဗွက်၊ ဗွက်၊ နဲ့ ဆီတွေအန်ထွက်နေတယ်။ အဲဒီအချိန်မှာလမ်းဘေးက ဘတ်(စ်)ကားမှတ် တိုင်ရဲ့အရိပ်ထဲမှာ ကားစောင့်နေတဲ့ခရီးသည် ၁၂ ယောက်လောက်ရှိတယ်။ အံ့ဩလိုက်တာ။ စာရေးသူကို ကူဖို့၊ ဆွဲထူပေးဖို့ တစ်ယောက်လေးမှ ထွက်မလာကြဘူး။ နေနိုင်လိုက်ကြတာ။ ဝိုင်းအုံကြည့်နေကြတာကလွဲပြီး တခြားဘာအကူအညီမှ မရခဲ့ပါဘူး။

ဆိုင်ကယ်အင်ဂျင်ကလည်း ရပ်မသွားဘဲ ဆက်လည်နေတယ်။ နေပူပူ ပြင်းပြင်းထဲမှာ ဓာတ်ဆီတွေကလည်း အန်ထွက်နေတာမရပ်မနား။ မီးလောင် မှာစိုးလို့ ပုံလျက်သားလဲနေရာကနေ အတင်းကုန်းထပြီး ဆိုင်ကယ်ကို ကိုယ့် ဘာသာကိုယ်ပြန်ထောင်ခဲ့တယ်။ ဘယ်ဘက်နောက်ကြည့်မှန် ပြုတ်ထွက်သွား ရုံက လွဲပြီး ဆိုင်ကယ်ကတော့ ဘာမှကြီးကြီးကျယ်ကျယ်မပျက်စီးခဲ့ပါဘူး။ ရုတ်တရက်ဆိုတော့ နာတာ၊ ကျင်တာ၊ ကိုက်တာ၊ ခဲတာတွေတော့ ထွေထွေ ထူးထူးကြီး မခံစားခဲ့ရပါဘူး။ ဒဏ်ရာဆိုလို့ ဘယ်ဘက်တံတောင် ဆစ်မှာ ငါးမူးစေ့အရွယ်အစားလောက် ပွန်းသွားတာလေးတစ်ခုပဲရှိပါတယ်။

**အဲဒီလို ပုံလျက်သားကျသွားရာကနေထပြီး ဆိုင်ကယ်ကိုပြန်ထောင် နေတဲ့အချိန်မှာ အသိတရားလေးနှစ်ခု အတွေးထဲကို ရုတ်တရက်ဆိုသလို ဝင်လာခဲ့ပါတယ်။ ပထမတစ်ချက်ကတော့ ကားနဲ့ဝင်တိုက်တဲ့ ဦးလေးကြီးကို ဒေါသစိတ် မဖြစ်မိခြင်းပါပဲ။ စာတွေထဲမှာဖတ်ဖူးပါတယ်။ ရုတ်တရက်တွေ့ ကြုံခံစားရာက ဖြစ်ပေါ်လာတဲ့စိတ်၊ တုံ့ပြန်လိုက်တဲ့စိတ်က မိမိရဲ့စိတ်ရင်းပါပဲ။ ဒုတိယတစ်ချက်ကတော့ ဘတ်(စ်)ကားမှတ်တိုင်ရဲ့ အရိပ်ထဲမှာ ကားစောင့်နေတဲ့ခရီးသည်တွေ တစ်ယောက်မှထွက်မလာဘဲ အကူအညီ မပေးခြင်းဟာလည်း အတိတ်ကံရဲ့အကျိုးဆက်တွေပါပဲ။ ကိုယ်အရင်ဘဝက သူများကိုမကူညီခဲ့လို့ အခုဒီဘဝ၊ ဒီလိုအခြေအနေမှာ ကိုယ့်ကိုကူညီမယ့် သူမရှိတာပါ။ အကြောင်းကြောင့် အကျိုးဖြစ်တာပါ။ ကျန်တဲ့ဘဝအစိတ်အပိုင်းမှာ ဘယ်သူ့ကိုပဲဖြစ်ဖြစ် ကိုယ်တတ်နိုင်တဲ့ဘက်က ကူညီရမယ်ဆိုတဲ့ အသိတရား လေး ရလိုက်ပါတယ်။ အတွေ့အကြုံကနေ သင်ခန်းစာရလိုက်ခြင်းပါပဲ။**

နောက်ထပ်ကံကောင်းတာတစ်ခုက ဆိုင်ကယ်စီးဦးထုပ်ဆောင်းထား ခြင်းပါပဲ။ တကယ်လို့များ ခေါင်းနဲ့ကျခဲ့မယ်ဆိုရင်တောင် ဆိုင်ကယ်စီး ဦးထုပ်ဆောင်းထားလို့ အနည်းနဲ့အများတော့ ခေါင်းကိုထိခိုက်မှုသက်သာမှာပါ။ အဓိက ခေါင်းကိုမထိခိုက်မိဖို့အရေးကြီးပါတယ်။ ခြေလက်အင်္ဂါမသန်မစွမ်း ဖြစ်ခဲ့ရင်တောင် ခေါင်းလေးကောင်းနေသေးတော့ အလုပ်လုပ်စားလို့ရပါသေး တယ်။ ကောင်းတာ၊ မကောင်းတာကိုလည်း စဉ်းစားဆင်ခြင်၊ ဆုံးဖြတ် သုံးသပ် နိုင်ပါသေးတယ်။

ဆိုင်ကယ်စီးဦးထုပ်ကိုလည်း တွေ့ကရာအပေါစားမဝယ်ဘဲ ကိုယ့်ရဲ့ ဦးခေါင်းကို လုံခြုံမှုအပြည့်ပေးနိုင်မယ့် အရည်အသွေးကောင်းတဲ့ဦးထုပ်မျိုး ကို ဝယ်ဆောင်းသင့်ပါတယ်။ ဦးထုပ်ဆောင်းတဲ့အခါမှာလည်း မေးသိုင်းကြိုးကို ထိထိမိမိ ထည့်သွင်းတုပ်နှောင်ပြီးမှ စီးသင့်တယ်ဆိုတဲ့ ဗဟုသုတလေးလည်း အဖိုးတန်စွာရလိုက်ပါတယ်။

ကားမောင်းတဲ့ဦးလေးကြီးလည်း ခြေတွေလက်တွေတုန်ပြီး ခပ်ယိုင်ယိုင် အသံလေးနဲ့ ကားထဲကနေ အတင်းပြေးထွက်လာတယ်။ စာရေးသူဆီကို တုန်တုန်ရင်ရင်နဲ့ပြေးလာတဲ့ အဲဒီဦးလေးကြီးကို စာရေးသူမချီးကျူးဘဲမနေ နိုင်ဖြစ်ခဲ့ရတယ်။ ကားနဲ့တိုက်ပြီး ကိုယ့်တာဝန်ကိုယ်မယူဘဲ ထွက်ပြေးတာတွေ ခေတ်စားနေတဲ့ ဒီခေတ်ဒီအခါကြီးမှာ ကိုယ့်တာဝန်ကိုယ်ယူမယ်ဆိုတဲ့ စိတ်ဓာတ်ကချီးကျူးစရာ၊ အတုယူစရာ၊ လက်ခံလိုက်နာကျင့်သုံးစရာကောင်း လှပါတယ်။ လေးစားပါတယ် ဦးလေးကြီး။

ပြီးခဲ့တဲ့ ဧပြီလ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ည ၉ နာရီလောက်မှာ ကျောင်းသူလေးတစ်ယောက် သူ့မိသားစုနဲ့အတူ ရွှေတိဂုံဘုရားသွားဖူးခဲ့တယ်။ ဘုရားဖူးပြီး တောင်ဘက်မုခ်ကနေ သူတို့ကားထားခဲ့တဲ့ ဟက်ပီးဝေါ(လ်) ဘက်ကိုသွားဖို့ မီးပွိုင့်နီပြီးကားရှင်းနေလို့ လမ်းဖြတ်ကူးခဲ့တယ်။ အဲဒီအချိန်မှာ အိမ်စီးကားလေးတစ်စီး မီးနီနေတာကိုဂရုမစိုက်ဘဲ အရှိန်နဲ့ဖြတ်မောင်းပြီး ကျောင်းသူလေးကိုဝင်တိုက်ခဲ့တယ်။ ရှေ့ကို ငါးပေလောက် လွင့်ထွက်သွားခဲ့ တယ်။ အဲဒီကားမောင်းသူ ကိုယ့်တာဝန်ကိုယ်မယူ၊ ကိုယ့်ပြဿနာကိုယ် မရှင်းပေးဘဲ လူသားမဆန်၊ အသိမဲ့ အဆင်ခြင်မဲ့ မောင်းပြေးသွားတယ်။ ကျောင်းသူလေး ညာဘက်ညှပ်ရိုးတစ်ချောင်းကျိုးပြီး ရန်ကုန်ဆေးရုံကြီးကို တင်လိုက်ရတယ်။ အဲဒီလို အသိမဲ့ပြီး ကိုယ့်တာဝန်ကိုယ်မယူတတ်တဲ့ လူထက်စာရင် စာရေးသူကိုဝင်တိုက်တဲ့ ဦးလေးကြီးက လူသားပီသလွန်းနေတယ်။ စိတ်ထားရှင်းသန့်မွန်မြတ်လွန်းနေတယ်။ ကားပေါ်ကနေ ကမန်းကတန်း အပြေးလေးဆင်းလာပြီး တုန်တုန်ယင်ယင်အသံလေးနဲ့ . . . .

"သား . . . ဘာဖြစ်သွားသေးလဲဟင်။ တော်တော်လေးနာသွားလား။ ဦးဘာလုပ်ပေးရမလဲ။ သားဖြစ်ချင်တာကိုပြော။ ဦး အကုန်လုပ်ပေးမယ်"

"ရပါတယ် ဦးလေးရယ်။ ကျွန်တော်ဘာမှမဖြစ်ပါဘူး။ ဦးလေးပဲ စိတ်အေးအေးထားပြီး နေကောင်းအောင်နေပါ။ ကျွန်တော်အဆင်ပြေပါ တယ်ဦးလေး။ ကျေးဇူးတင်ပါတယ်"

"သေချာရဲ့လား သားလေးရယ်။ ဆေးရုံသွားကြမယ်။ ကားပေါ်ကိုတက်။ ကုန်ကျသမျှကို ဦးလေး တာဝန်ယူမယ်"

အားနာလိုက်တာ ဦးလေးကြီးရယ်။ ယောက်ယက်ခတ်လှုပ်ရှားနေတဲ့ ဦးလေးကြီး စိတ်ငြိမ်သွားအောင် ရေဝယ်တိုက်ချင်လို့ ဘေးဘီကိုကြည့်လိုက် တော့လည်း ရေရောင်းတဲ့ဆိုင် တစ်ဆိုင်မှမတွေ့လို့ ဝယ်မတိုက်ခဲ့ရဘူး။ စိတ်တွေလှုပ်ရှားလွန်းပြီး ဦးလေးကြီး တစ်ခုခုဖြစ်သွားရင် ဒုက္ခ။ ဦးလေးကြီး ဘာမှမဖြစ်ပါစေနဲ့လို့ပဲ တွင်တွင်ဆုတောင်းနေမိတယ်။

"ဦးလေးလည်း ဦးလေးအမျိုးသမီး တရားရုံးရှေ့ကနေ လက်လှမ်း တားတာကိုမြင်လို့ ရုတ်တရက်လှမ်းကွေ့ ဝင်ရပ်လိုက်မိရင်း အခုလိုဖြစ်သွား တာပါသားရယ်"

"ဟုတ်ပါတယ် သားလေးရယ်။ ဒေါ်ဒေါ်ကြောင့် အခုလိုဖြစ်သွားရတာပါ။ သားဦးလေးဆီမှာ ဘာအပြစ်မှမရှိပါဘူး၊ သားလေးအပြစ်တင်မယ်ဆိုရင် ဒေါ်ဒေါ့်ကိုပဲ အပြစ်တင်ပါလား သားရယ်။ ဒေါ်ဒေါ်တောင်းပန်ပါတယ်"

အသက် (၇၀)လောက်ရှိတဲ့ သက်ကြီးစုံတွဲက သူတို့သားလောက်ရှိတဲ့ စာရေးသူကို လက်အုပ်ကိုယ်စီချီပြီး တောင်းပန်နေကြတယ်။ ကြည်နူးမိတာ တစ်ခုကတော့ ဒီအသက် ဒီအရွယ်အထိ တစ်ယောက်နဲ့တစ်ယောက် ချစ်မေတ္တာ မပြယ်သေးဘဲ အပြစ်ကိုလုပြီးဝန်ခံနေကြတဲ့ အဲဒီဦးလေးကြီးနဲ့ ဒေါ်ဒေါ်တို့ရဲ့ တည်မြဲသစ္စာနဲ့ ထာဝရမေတ္တာလေးက တွေးကြည့်လေ တစိမ့်စိမ့်ကြည်နူးစရာ ကောင်းလေပါပဲ။ ဦးလေးကြီးနဲ့ ဒေါ်ဒေါ်တို့ အသက်ရာကျော်ရှည်ကြပြီး တစ်ဦးနဲ့တစ်ဦး ဒီထက်ပိုချစ်သွားနိုင်ကြပါစေ။ ဘုရားတရားအလုပ်တွေကိုလည်း ဖေးဖေးမမ ကူကူညီညီနဲ့ အတူလုပ်ဆောင်ပြီး ကျန်တဲ့ဘဝအစိတ်အပိုင်းတွေကို လည်း အေးအေးချမ်းချမ်းလေးဖြတ်သန်းကုန်ဆုံးနိုင်ကြပါစေ။ ရပါတယ်။ "ဦးလေးနဲ့ ဒေါ်ဒေါ်ရယ်။ တောင်းပန်နေစရာ မလိုပါဘူး။ ကျွန်တော်လည်း ဘာမှဆိုးဆိုးရွားရွားဖြစ်သွားတာမှ မဟုတ်တာ။ မတော်လို့ဖြစ်သွားတဲ့ ကိစ္စပါ။ ဦးလေးနဲ့ဒေါ်ဒေါ်တို့ပဲ နေကောင်းအောင်နေကြပါ။ ဒီလက်ကဒဏ်ရာ လောက်ကတော့ ဆရာခိုလိမ်းလိုက်ရင် ပြန်ကောင်းသွားမှာပါ။ ကျွန်တော့် လက်ဆွဲအိတ်ထဲမှာ ဆရာခိုဆေးဘူးပါပါတယ်။ ကျွန်တော်ဆရာခိုဆေးဘူးကို သွားလေရာနေရာဆောင်ထားတယ်။ စိတ်မပူကြပါနဲ့။"

စကားပြောနေရင်းနဲ့ သတိထားစရာလေးတစ်ခု အတွေးထဲ ဝင်လာခဲ့ တယ်။ အဲဒါက ဘာလဲဆိုတော့ ကားမောင်းနေတာပဲဖြစ်ဖြစ်၊ ဆိုင်ကယ် မောင်းနေတာပဲဖြစ်ဖြစ် ကိုယ့်အသိမိတ်ဆွေတွေ့လို့ ဒါမှမဟုတ် အသိ မိတ်ဆွေတွေ လမ်းဘေးကနေ လက်လှမ်းတားလို့ ရပ်ချင်၊ တင်ချင်ရင် နောက်က ကပ်လိုက်လာတဲ့ ကားပါ မပါ အရင်ကြည့်။ ပြီးမှ အရှိန်လျှော့။ ကိုယ်ကွေ့ချင်၊ ရပ်ချင်တဲ့ဘက်ကို အချက်ပြ။ ဖြည်းဖြည်းဝင်၊ ဖြည်းဖြည်း ကွေ့ရမယ်ဆိုတဲ့ ဗဟုသုတလေးလည်းရလိုက်ပါတယ်။

"သားလေး ဘာမှ မဖြစ်တာကျိန်းသေတယ်နော်။ ဒါဆို ဦးလေးတို့ ပြန်လိုက်ပါဦးမယ်။"

"ဟုတ်ကဲ့ပါ။ ဦးလေးနဲ့ဒေါ်ဒေါ်တို့လည်း နေကောင်းကြပါစေ။ စိတ်ကို အေးအေးလေးထားပြီး ကားကို ဖြည်းဖြည်းလေးမောင်းသွားကြပါနော်။"

"သာဓုပါကွယ်။ သာဓုပါ။ ငါ့သားလေးလည်း ကျန်းမာပါစေ။"

"အဲဒီဦးလေးနဲ့ဒေါ်ဒေါ်တို့ ကားမောင်းပြီး ပြန်ထွက်သွားတော့ သူတို့ အိမ်ကို ဘေးမသီရန်မခဘဲ ကိုယ်အေးစိတ်အေးနဲ့ ပြန်ရောက်ကြပါစေ" ဆိုပြီး ဆုတောင်းကျန်ရစ်ခဲ့ပါတယ်။

စာရေးသူ အိမ်ပြန်ရောက်တော့ ရေမိုးချိုးပြီး တံတောင်ဆစ်က အနာကို ဆရာခိုဆေးလိမ်းခဲ့ပါတယ်။ ကားတိုက်သွားတုန်းက ဘာမှ မနာကျင် မခံစားရဘူးလို့ထင်ထားတာ။ နာရီတွေကြာလာတာနဲ့အမျှ ဟိုနေရာက အောင့်သလိုလို ဒီနေရာက နာသလိုလို စဖြစ်လာပါပြီ။ တစ်ညလုံးလည်း ကောင်းကောင်းမအိပ်နိုင်ခဲ့ပါဘူး။ ဟိုဘက်လှည့်လည်းနာ၊ ဒီဘက်လှည့် လည်းအောင့်နဲ့ နာကျင်မှုဝေဒနာ ပိုတိုးခံစားလာရပါတော့တယ်။ အဆိုးဆုံးက တော့ ဘယ်ဘက်ကိုစောင်းကျထားတာဆိုတော့ နှလုံးကို ဖိမိထိမိထားပုံ ရတယ်။ နှလုံးကလည်းနာ။ တစ်ကိုယ်လုံးလည်း ကိုင်ရိုက်ထားသလိုဖြစ်နေ တယ်။ ခံစားနေရတဲ့ဝေဒနာ နာကျင်ကိုက်ခဲမှုတွေကို သက်သာလျော့နည်း သွားအောင် ဘာဆေးသောက်ရင်ကောင်းမလဲဆိုပြီး စဉ်းစားမိခဲ့တယ်။ ညဉ့်ကလည်း နက်သည်ထက်နက်လာပြီ။ ဒီလိုအချိန်မျိုးမှာ ဆေးဘယ်မှာ သွားဝယ်မလဲ။ ဆေးခန်းတွေလည်း ပိတ်ချိန်ကိုတောင် ကျော်လွန်နေပြီး ရေခဲအိတ်လေးကပ်ရင် ကောင်းမလားဆိုပြီး စဉ်းစားမိသေးတယ်။ ကိုယ်ကိုယ် တိုင်လည်း ထမလုပ်နိုင်။ အမေနဲ့ ညီမကို နှိုးပြီး အကူအညီတောင်းဖို့ကလည်း စဉ်းစားရသေးတယ်။ အမေက အသက်ကြီးပြီး တစ်ခါနိုးပြီးရင် တော်တော်နဲ့ ပြန်အိပ်ပျော်ဖို့မလွယ်ဘူး။

အဲဒီအချိန်မှာ သတိတစ်ခုဝင်လာခဲ့တယ်။ ဘာဖြစ်လို့ဆေးသောက်မှာလဲ။ ရေခဲအိတ်ကပ်မှာလဲ။ တရားထိုင်ပြီး ဝေဒနာကိုရှုမယ်။ ဒါအမြတ်ပဲ။ ခါတိုင်း နေ့တွေတရားထိုင်ရင် ဝေဒနာတော်တော်နဲ့ မပေါ်လို့ ကြားတာရှု၊ နံတာရှု၊ မဟာစည်နည်းအတိုင်း ဖောင်းတယ်၊ ပိန်တယ်ရှု။ မိုးကုတ်နည်းအတိုင်း ဝင်လေ ထွက်လေရှု။ တော်တော်ကြီးကြာတော့မှ ဝေဒနာပေါ်တယ်။ အခုတော့ ဝေဒနာပေါ်တဲ့အထိ စောင့်နေစရာမလိုတော့ဘူး။ အရှုခံမယ့်ဝေဒနာတွေက အဆင်သင့်စောင့်နေကြပြီ။ ဘယ်လောက်တောင်မှ အဆင်ပြေလိုက်သလဲ။

အရင်တုန်းကဆိုရင် ခြေထောက်မှာဝေဒနာပေါ်မှ ခြေထောက်ကိုရှုရ တယ်။ ခါးမှာဝေဒနာပေါ်မှ ခါးကို ရှုရတယ်။ အခုတော့ ရှုစရာဝေဒနာတွေက နေရာအနှံ့။ လက်၊ ခါး၊ ခြေသလုံး၊ ရင်ဘတ်၊ နှလုံး စုံလို့ကိုနေရောပဲ။ ဝေဒနာက နည်းနည်းလေးပြင်းတော့ အချိန်ကြာကြာလေး ပို့ရှုမှတ်ခွင့်ရခဲ့ တယ်။ နှလုံးနာတဲ့ဝေဒနာကလွဲပြီး ကျန်တဲ့ဝေဒနာတွေက တစ်လလောက် အတွင်းမှာ ပျောက်သွားပေမယ့် နှလုံးနာတာကတော့ သုံးလလောက်ကြာခဲ့ ပါတယ်။ အခုဆိုရင် ဘာဝေဒနာမှ မရှိတော့ပါဘူး။ မခံစားရတော့ပါဘူး။

**ရှုမှတ်စရာဝေဒနာတွေအပြင် အသိတရားနှစ်ခုကိုလည်း တစ်ပြိုင်တည်း ရလိုက်ပါတယ်။ အဲဒါကတော့ "သေခြင်းတရားဆိုတာ အချိန်မရွေး၊ အခါမရွေး၊ နေရာမရွေး၊ လူမရွေးဘူး"ဆိုတာရယ်၊ "စာရေးသူ ဒီထက်ပိုပြီး ဘုရားတရား အလုပ်လုပ်ဖို့လိုနေသေးတယ်"ဆိုတာရယ် စတဲ့ အသိတရားနှစ်ခု ရလိုက်ပါတယ်။ အရှုံးထဲက အမြတ်ရလိုက်တာပါ။ အမှန်တိုင်းဝန်ခံရမယ်ဆိုရင် "သေခြင်းတရားရဲ့အဓိပ္ပာယ်"ကို အရင်တုန်းက ထဲထဲဝင်ဝင် မသိခဲ့ပါဘူး။ နားမလည်ခဲ့ပါဘူး။ အခုတော့ ကားနဲ့ဝင်တိုက်ခဲ့တဲ့ ဦးလေးကြီးကြောင့် အဲဒီ အသိတရားနှစ်ခု ထပ်တိုးရရှိခဲ့ပါတယ်။ အသိဝင်အောင် သတိကပ်အောင် လုပ်ပေးတဲ့ ဦးလေးကြီးတို့ကို ကျေးဇူးအများကြီးတင်ပါတယ်။**

အဲဒီတုန်းက ကတိုက်ကရိုက်ဖြစ်သွားလို့ ဦးလေးကြီးရဲ့ လိပ်စာနဲ့ ဖုန်းနံပါတ်ကိုတောင် မတောင်းထားလိုက်မိဘူး။ ကားနံပါတ်ကိုလည်း မမှတ်ထားလိုက်မိဘူး။ ဘာပဲဖြစ်ဖြစ် အသိတရားတွေ၊ ဗဟုသုတတွေ အများကြီး မျှဝေပေးသွားတဲ့ ဦးလေးကြီးတို့နှစ်ဦးကို ကျွန်တော်အမြဲ သတိရနေမှာပါ။ ဦးလေးကြီးတို့လည်း ကျန်းမာကြပါစေ။ ကျေးဇူးတင်ပါတယ် ဦးလေးကြီး...။ ။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်စေခြင်းမှတစ်ဆင့် လယ်ယာအခြေခံစက်မှုလက်မှုကုန်စည်များထုတ်လုပ်မှုကို အားပေးဆောင်ရွက်သွားမည်

**နေပြည်တော် ဇန်နဝါရီ ၁၉**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ကျင်းပရာ **၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်း** အပါအဝင် ဥပဒေကြမ်းငါးခုကို ဖတ်ကြားအတည်ပြုခြင်းများ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် **၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ အမျိုးသားစီမံကိန်း ဥပဒေကြမ်း**၏ မူနှင့် အခြေခံသဘောများ၊ စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဥပဒေအကြောင်းအရ တစ်ပိုဒ်ချင်းစီအလိုက် ပြည်ထောင်စု လွှတ်တော်၏အဆုံးအဖြတ်ကို ရယူသည်။

ထိုသို့ အဆုံးအဖြတ်ရယူရာတွင် **လယ်ယာ၊ စက်မှု၊ ဝန်ဆောင်မှု** ကဏ္ဍကြီးများအလိုက် ပါဝင်မှုအချိုးအစား ပြောင်းလဲရန် ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ၏အဆိုပြုချက်ကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က စီးပွားရေး အသွင်သဏ္ဌာန်ပြောင်းလဲမှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံနှင့် အိမ်နီးနားချင်း အာဆီယံနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၁၀ ခုနှစ်၌ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုသည် ၃၆ ရာခိုင်နှုန်းမှ ၂၀၁၄ ခုနှစ်တွင် ၃၀ ဒသမ ၄ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ပါဝင်မှုအချိုးအစားသည် ၂၃ ဒသမ ၃ ရာခိုင်နှုန်းမှ ၂၇ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုသည် ၄၀ ဒသမ ၇ ရာခိုင်နှုန်းမှ ၄၂ ဒသမ ၆ ရာခိုင်နှုန်းသို့ ပြောင်းလဲခဲ့ပါကြောင်း။

လာအိုနိုင်ငံတွင် လယ်ယာကဏ္ဍကြီး၌ ၃၂ ဒသမ ၇ ရာခိုင်နှုန်းမှ ၂၇ ဒသမ ၇ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၌ ၃၁ ဒသမ ၈ ရာခိုင်နှုန်းမှ ၃၁ ဒသမ ၄ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီး၌ ၃၅ ဒသမ ၅ ရာခိုင်နှုန်းမှ ၄၀ ဒသမ ၉ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဗီယက်နမ်နိုင်ငံတွင် လယ်ယာကဏ္ဍကြီး၌ ၁၈ ဒသမ ၉ ရာခိုင်နှုန်းမှ ၁၈ ဒသမ ၁ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၌ ၃၈ ဒသမ ၂ ရာခိုင်နှုန်းမှ ၃၈ ဒသမ ၅ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီး၌ ၄၂ ဒသမ ၉ ရာခိုင်နှုန်းမှ ၄၃ ဒသမ ၄ ရာခိုင်နှုန်းသို့လည်းကောင်း၊ ထိုင်းနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်တွင် လယ်ယာကဏ္ဍကြီး၌ ၁၀ ဒသမ ၅ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၌ ၃၆ ဒသမ ၈ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီး၌ ၅၂ ဒသမ ၇ ရာခိုင်နှုန်းသို့လည်းကောင်း ပြောင်းလဲလာပါကြောင်း။



**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ ကျင်းပစဉ်။**
(သတင်းစဉ်)

မြန်မာနိုင်ငံအနေဖြင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခဲ့သည့် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအရ နိုင်ငံ၏ကာလရှည်ရည်မှန်းချက်တွင် ကမ္ဘာ့အသိုက်အဝန်းသို့ ဝင်ဆံ့လာမည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံတော်သစ်ကို ဖော်ဆောင်ရန်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် စက်မှုနိုင်ငံအဖြစ်ကို နှစ်တိုအတွင်း ပြောင်းလဲနိုင်မည်မဟုတ်ဘဲ နှစ်ရှည်ကာလမှသာ စက်မှုနိုင်ငံအဖြစ် ပြောင်းလဲရန် ရည်ရွယ်ခြင်းဖြစ်ပါကြောင်း၊ ထိုသို့ပြောင်းလဲရာတွင် စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်စေခြင်းမှတစ်ဆင့် လယ်ယာအခြေခံစက်မှုလက်မှုကုန်စည်များ ထုတ်လုပ်မှုကို အားပေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ယခု နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုတန်ဖိုးကို လျှော့ချသည့်တိုင်အောင် ဂျီဒီပီတိုးတက်မှုနှုန်း လျော့နည်းမှုမှာ အများဆုံး သုည ဒသမ ၅ ရာခိုင်နှုန်းအောက်သာ ကျဆင်းသွားမည်ဖြစ်ပါကြောင်း၊ တစ်ဖက်ကလည်း ပုဂ္ဂလိကပိုင်ကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှုတိုးတက်လာပါက လျော့နည်းသွားသည့် နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုပမာဏကို အစားထိုးနိုင်မည်ဖြစ်ပြီး ဂျီဒီပီအနေဖြင့်လည်း မျှော်မှန်းထားသော ရည်မှန်းချက်အတိုင်း ပြည့်မီနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာကဏ္ဍများနှင့် ၎င်းတို့ပါဝင်ဖွဲ့စည်းထားသော ကဏ္ဍကြီးများ၏ ထုတ်လုပ်မှုတန်ဖိုး၊ တိုးတက်မှုနှုန်းများကို ပြောင်းလဲရန်မလိုအပ်ပါကြောင်းနှင့် ပါဝင်မှုအချိုးအစားများကိုလည်း ပြောင်းလဲရန်မလိုအပ်ဘဲ မူလအဆိုပြုထားသည့် ဥပဒေမူကြမ်း၏ ရည်မှန်းချက်များအတိုင်းသာ ထားရှိသင့်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် **၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်း** တစ်ခုလုံးအား အတည်ပြုပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အဆိုတင်သွင်းရာ လွှတ်တော်ကအတည်ပြုကြောင်း ပြည်ထောင်စု လွှတ်တော်နာယက သူရဦးရွှေမန်းက ကြေညာသည်။

ထို့နောက် **၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း**၏ ရငွေသုံးငွေများ၊ ဥပဒေအကြောင်းအရာများနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသည်။

**၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း** တစ်ခုလုံးအား အတည်ပြုပေးနိုင်ပါရန် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က အဆိုတင်သွင်းရာ လွှတ်တော်ကအတည်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **ပိုးသတ်ဆေးဥပဒေကြမ်း၊ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို ဇန်နဝါရီ ၂၀ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ဇန်နဝါရီ ၁၉ ရက် နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့မှ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ကမ္ဘာ့အကောင်းဆုံးနှင့် အအောင်မြင်ဆုံးကုမ္ပဏီ ၁၀၀ စာရင်းတွင် မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်ရွေးချယ်ခံခဲ့ရ

**ရန်ကုန် ဇန်နဝါရီ ၁၉**

World Economic Forum ၌ ၂၀၁၅ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးနှင့် အအောင်မြင်ဆုံးကုမ္ပဏီ ၁၀၀ စာရင်းကို World Finance က ထုတ်ပြန်ရာ မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်အား ရွေးချယ်ထားကြောင်း သိရသည်။

ဇန်နဝါရီ ၁၈ ရက်မှ ၂၃ ရက်အထိ ဆွစ်ဇာလန်နိုင်ငံ DAVOS မြို့တွင် နှစ်စဉ်ကျင်းပသည့် World Economic Forum ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် လန်ဒန်အခြေစိုက် World Finance အဖွဲ့အစည်းက တစ်ကမ္ဘာလုံးရှိ စီးပွားရေးလုပ်ငန်းကုမ္ပဏီများအနက် အကောင်းဆုံးနှင့် အအောင်မြင်ဆုံးကုမ္ပဏီ ၁၀၀ ၏ အမည်စာရင်း(၂၀၁၅)ကို ထုတ်ပြန်ခဲ့ရာ မြန်မာနိုင်ငံမှ အောင်မြင်ထင်ရှားသည့် ပုဂ္ဂလိကဘဏ်တစ်ခုဖြစ်သည့် ကမ္ဘောဇဘဏ်လည်း ရွေးချယ်သည့်စာရင်းတွင် ပါဝင်ခဲ့သည်။

မြန်မာနိုင်ငံမှကမ္ဘောဇဘဏ်လီမိတက်သည် နိုင်ငံတကာအဖွဲ့အစည်းများကပေးအပ်သည့် ဘဏ်ဆုများစွာကိုရရှိခဲ့ပြီး ဘဏ်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းကလည်း ၂၀၁၅ ခုနှစ်အတွက် အာရှတိုက်၏ အကောင်းဆုံးဘဏ်လုပ်ငန်းရှင်ဆုကို ရရှိထားသူဖြစ်သည့်အပြင် လေးနှစ်ဆက်တိုက် နိုင်ငံအတွက် ဝင်ငွေခွန်အများဆုံး ပေးဆောင်ခဲ့ခြင်းကြောင့် နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင်နိုင်ငံ့




စွမ်းဆောင်ရည်ဆုများကို ရရှိထားသူတစ်ဦးဖြစ်သည်။

ယခုကမ္ဘာ့စီးပွားရေးဖိုရမ်မှ တစ်ကမ္ဘာလုံးရှိ အကောင်းဆုံးနှင့် အအောင်မြင်ဆုံးကုမ္ပဏီ ၁၀၀ (၂၀၁၅) စာရင်း၌ မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်လီမိတက်ကို ရွေးချယ်ရာတွင် ၂၀၁၅ ခုနှစ်အတွင်း နိုင်ငံနှင့်အဝှမ်း အချိန်တိုအတွင်း ဘဏ်ခွဲများစွာကို အောင်မြင်စွာ တိုးချဲ့ဖွင့်လှစ်နိုင်ခြင်း၊ ခေတ်နှင့်အညီ ဘဏ်လုပ်ငန်းဆိုင်ရာ လုပ်ဆောင်မှုများ တိုးတက်ကောင်းမွန်ခြင်း၊ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာများတွင် စနစ်ကျနကောင်းမွန်မှုရှိခြင်း၊ ပွင့်လင်းမြင်သာမှုတွင် ထိပ်ဆုံးမှရပ်တည်နေခြင်း၊ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပုဂ္ဂလိကကဏ္ဍစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် ပြည်တွင်းရှိ လုပ်ငန်းရှင်အမြောက်အမြားအား ပံ့ပိုးကူညီမှုနှင့် ထောက်ကူမှုများစွာ ပေးနိုင်ခြင်း၊ နိုင်ငံအတွက် လေးနှစ်ဆက်တိုက် အခွန်အများဆုံးပေးဆောင်ခဲ့ပြီး စုစုပေါင်းအခွန်ငွေ ကျပ် ၆၄ ဘီလီယံကျော် ပေးဆောင်ထားခြင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာမှ စီးပွားရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ နိုင်ငံတကာမှ ချမှတ်ထားသော ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ စံနှုန်းများနှင့်အညီ ကျင့်သုံးလိုက်နာဆောင်ရွက်နိုင်ခြင်း၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍအသီးသီးတွင် တက်ကြွစွာပါဝင်ကူညီမှု၊ အများအပြားလှူဒါန်းခဲ့မှုစသည့်အချက်များကြောင့် စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ယင်းစာရင်းတွင် မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်နှင့်အတူ ကမ္ဘာ့နိုင်ငံအသီးသီးမှ ထိပ်သီးစီးပွားရေးကုမ္ပဏီကြီးများဖြစ်သည့် Apple IT (USA), Barclays Bank (England), BMW Company (Germany), BNP Paribas Bank (France), UAE မှ Emirates Airline Qatar National Bank (QNB), ANZ Bank (Australia), Toyota Company (Japan), HSBC Bank (Hong Kong), Sinopec စွမ်းအင်ကုမ္ပဏီ (China) နှင့် SingTel (Singapore) တို့လည်း ရွေးချယ်ခံရမှုတွင်ပါဝင်ကြောင်း သိရသည်။

ဖိုရမ်သို့ ကမ္ဘာ့နိုင်ငံအသီးသီးမှ အစိုးရအဖွဲ့အကြီးအကဲများ၊ နိုင်ငံတကာမှ ထိပ်သီးစီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ နိုင်ငံတကာအဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များနှင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ထင်ရှားကျော်ကြားသော အသိပညာရှင်၊ အတတ်ပညာရှင်များ စုံညီစွာတက်ရောက်ကြကြောင်း သိရသည်။

**(ကြေးမုံ)**

စာအုပ်စာပေ လူ့မိတ်ဆွေ

# ဘီလူးကျွန်းတစ်ခုလုံးသို့ နိုင်ငံတော်ဓာတ်အားလိုင်းမှ လျှပ်စစ်မီးစတင်ပို့လွှတ် ဒေသခံများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး မကြာမီ ဖွံ့ဖြိုးတိုးတက်လာမည်

**နေပြည်တော် ဇန်နဝါရီ ၁၉**

ဘီလူးကျွန်းသည် မွန်ပြည်နယ်၏မြို့တော် မော်လမြိုင်မြို့၏တစ်ဖက်ကမ်း သံလွင်မြစ်ဝတွင်တည်ရှိသော်လည်း ရေစီးသန်သော သံလွင်မြစ်ကို ဖြတ်သန်း၍ နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်မှုမရှိသဖြင့် ချောင်းဆုံဒေသရှိ ကျေးရွာ ၁၁ ရွာမှ မီးသုံးစွဲသူ ၁၇၄၀ အား ၅၀၀ ကေဗွီအေ ဒီဇယ် မီးစက်နှစ်လုံးဖြင့် တစ်နေ့လျှင် လေးနာရီသာ ယခင်က ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့သဖြင့် လူမှုရေး၊ စီးပွားရေး၊ ပညာရေးစသည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးခဲ့ရသော ဒေသအဖြစ်တည်ရှိနေခဲ့သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ချောင်းဆုံဒေသအား ၂၄ နာရီ ဓာတ်အားပေးနိုင်ရေးအတွက် နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်မည့် ၆၆ ကေဗွီ မော်လမြိုင်-ချောင်းဆုံ သံလွင်မြစ်ကျော် ဓာတ်အားလိုင်း ၁၇ ဒသမ ၁၂ မိုင်နှင့် ၆၆ /၁၁ ကေဗွီ ၂ × ၁၅ အမ်ဗွီအေ ချောင်းဆုံဓာတ်အားခွဲရုံတို့ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစတင်၍ ဓာတ်အားလိုင်း အူကြောင်းတိုင်းတာခြင်းနှင့် ဓာတ်အားခွဲရုံ မြေနေရာရွေးချယ်ခြင်းများ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇွန်လတွင် ဓာတ်အားခွဲရုံတည်ဆောက်ခြင်းနှင့် တိုင်းတာရရှိသော ဓာတ်အားလိုင်းအူကြောင်းအတိုင်း Normal Line (Concrete Mono Pole Tower) ၅၇ တိုင် ၁၆ မိုင် တည်ဆောက်ဆောင်ရွက်ခြင်းလုပ်ငန်းကို မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ အဖွဲ့ ၁၁ ဖွဲ့၊ အင်အား ၅၅၀ ခန့် ဖြင့် တည်ဆောက်ခဲ့ပြီး ဇန်နဝါရီ ၁၀ ရက်တွင် တိုင်ဆင်၊ ကြိုးဆွဲလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သည်။

ရေစီးသန်လှသော သံလွင်မြစ်ကို ဖြတ်သန်းတည်ဆောက်သည့် မြစ်လယ်တာဝါတိုင်(Lattice Tower) တစ်တိုင်အပါ မြစ်ကျော်တာဝါတိုင် စုစုပေါင်း ငါးတိုင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)မှ ကျွမ်းကျင်အင်ဂျင်နီယာများဖြင့် ၂၀၁၄ ခုနှစ် ဇွန်လတွင် Bored Pile ဖောင်ဒေးရှင်းလုပ်ငန်းဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်တွင် သဘော်များ၊ စက်လှေများ၊ တွန်းသဘော်များနှင့် တန်(၃၀၀) ကရိန်းများ အသုံးပြု၍ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ အဖွဲ့ငါးဖွဲ့၊ ဝန်ထမ်းအင်အား ၂၅၀ ခန့်ဖြင့် တိုင်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၉ ရက်တွင် မြစ်ကျော်တိုင်ဆင်ခြင်းလုပ်ငန်းများ ပြီးစီးခဲ့သည်။

၆၆ ကေဗွီ မော်လမြိုင်-ချောင်းဆုံ သံလွင်မြစ်ကျော် ဓာတ်အားလိုင်း၏ တည်ဆောက်ရေးလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သော်လည်း ဓာတ်အားလိုင်းကြီးများ တည်ဆောက်ရာတွင် အခက်အခဲဆုံးအပိုင်းဖြစ်သည့် မြစ်ကျော်တာဝါတိုင်ချိတ်ဆက် ကြိုးဆွဲခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၁၀ ရက်တွင် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ အဖွဲ့ခြောက်ဖွဲ့ ဝန်ထမ်းအင်အား ၃၀၀ ဖြင့် အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၆ ရက်တွင် ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်း အားလုံးပြီးစီးခဲ့သည်။

၂၃၀ ကေဗွီ မော်လမြိုင်ပင်မဓာတ်အားခွဲရုံမှ ဓာတ်အားကို ၆၆ ကေဗွီ ချောင်းဆုံဓာတ်အားခွဲရုံသို့ စတင်စမ်းသပ်ပို့လွှတ်၍ ဇန်နဝါရီ ၁၈ ရက် ညနေ ၄ နာရီတွင် ချောင်းဆုံမြို့ပေါ်ရှိ အရှေ့ရပ်ကွက်၊ အနောက်ရပ်ကွက်၊ တိုးချဲ့ရပ်ကွက်နှင့် သကူကနာရပ်ကွက်များ၊ ကုလားတို့ကျေးရွာ၊ မုကွဲကျေးရွာ၊ ရွာလွတ်ကျေးရွာ၊ ခရိုက်တစ်ကျေးရွာများရှိ မီးသုံးစွဲသူ ၁၆၀၀ တို့ထံ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားများကို စတင်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ချောင်းဆုံမြို့နယ်ပတ်ဝန်းကျင်ဒေသများရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းများအပါအဝင် ကျေးရွာပေါင်း ၃၅ ရွာ၊ အိမ်ခြေပေါင်း ၁၅၀၀၀ ခန့်ကို နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် ဘီလူးကျွန်းဒေသ ချောင်းဆုံမြို့နယ်ကို နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးထားပြီး ဖြစ်ပါကြောင်းနှင့် ဒေသခံများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး စသည့်အခြေခံအဆောက်အအုံများ မကြာမီ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။



**(သတင်းစဉ်)**

# ငွေကျပ် ၄၂၆ သိန်းကျော်နှင့် ရွှေထည်ပစ္စည်းမျိုးစုံဖောက်ထွင်းမှု တစ်ပတ်အတွင်း ဖော်ထုတ်ဖမ်းဆီး

**မြောင်းမြ ဇန်နဝါရီ ၁၉**

တစ်ကိုယ်တော်ဖောက်ထွင်းသမားတစ်ဦးက နေ့လယ်ခင်းအချိန် ငွေစက္ကူရောရာ ၄၂၆ သိန်းခန့်နှင့် ရွှေထည်ပစ္စည်း လက်ဝတ်လက်စား ၁၈ မျိုးတို့ကို ဖောက်ထွင်းခိုးယူခဲ့သည့်အမှုကို မြောင်းမြရဲစခန်းမှ ဇန်နဝါရီ ၁၆ ရက်တွင် တစ်ပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိကြောင်း သိရသည်။



ဖြစ်စဉ်မှာ မြောင်းမြမြို့ အောင်ဆန်းလမ်း အမှတ်(၁)ရပ်ကွက် အမှတ်(၄၃)ရှိ ဦးမြင့်မောင်၊ ဒေါ်စန်းလေးတို့က နေ့အချိန် အိမ်တံခါးလုံခြုံစွာပိတ်၍ မြို့ထဲ(၅)လမ်းရှိ ဈေးဆိုင်တွင် ဈေးရောင်းကာ ညနေ ၆ နာရီ အိမ်ပြန်ရောက်ချိန်တွင် အိမ်တံခါးများပျက်စီးယိုယွင်းမှုမရှိဘဲ အိမ်ခန်းတွင်းရှိ သေတ္တာများနှင့် အံဆွဲများပွင့်လျက် ပျက်စီးနေရာမှ စစ်ဆေးကြည့်ချက်အရ အိမ်ရှေ့အမိုးသွပ်ပြားကိုခွာပြီး ဝင်ရောက်၍ ရွှေငွေပစ္စည်းများနှင့်ငွေများ ဖောက်ထွင်းခိုးယူခံရကြောင်း သိရသဖြင့် မြောင်းမြရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့သည်။

အမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တိုင်းဒေသကြီးမှုခင်းနှိမ်နင်းရေးအဖွဲ့၊ ခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များ၏ ကြိုးစားဖော်ထုတ်ချက်အရ အမှုနှင့်ကွင်းဆက်များဖော်ထုတ်ကာ အခင်းဖြစ်နေအိမ်အနီးနေထိုင်သူ မောင်သန်းအေးအား ဇန်နဝါရီ ၁၄ ရက်တွင် ခေါ်ယူစစ်ဆေးရာမှ အမှုဖော်ထုတ်ရရှိသည်။ ၎င်းနှင့်ဆက်စပ်ပြီး ရွှေထည်ပစ္စည်း လက်ခံသိမ်းဆည်းပေးသူ မြောင်းမြမြို့နယ် ဝါးကြိတ်လိန်ကျေးရွာမှ ကိုမြင့်အေးနှင့်ဇနီး မစန်းမြင့်တို့၏ ခြံနောက်ဘက်တွင် မြေမြှုပ်ဝှက်သိမ်းထားသည့် ရွှေထည်ပစ္စည်းများကိုလည်းကောင်း၊ ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကြို့ကုန်းနေ မောင်သန်းအေး၏ အစ်ကိုကိုမျိုးညွန့်ထံမှ ငွေကျပ် ၄၂၆ သိန်းကျော်ကိုလည်းကောင်း မြောင်းမြရဲစခန်းမှ ရဲအုပ် အောင်မျိုးသန့်၊ ရဲအုပ် အောင်ဆွေမြင့်၊ ဒုရဲအုပ် အောင်ကိုကိုတို့က ရန်ကုန်တိုင်းဒေသကြီး မှုခင်းနှိမ်နင်းရေးအဖွဲ့၊ နယ်မြေခံရဲတပ်ဖွဲ့၊ နယ်မြေရပ်ကွက်အုပ်ချုပ်ရေးမှူးများ သက်သေဖြင့် ဇန်နဝါရီ ၁၆ ရက် ညတွင် သွားရောက်သိမ်းဆည်းကာ အမှုနှင့်ဆက်နွယ်သူများကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်သိမ်းဆည်းရယူနိုင်ခဲ့သည်။

ဖောက်ထွင်း ခိုးယူခံရသော ရွှေထည်ပစ္စည်းမျိုးစုံ ၁၈ မျိုး၊ ငွေစက္ကူကျပ် ၄၂၆ သိန်း စုစုပေါင်း ကာလတန်ဖိုး ငွေကျပ် ၆၇၆ သိန်းကျော်တို့ကို သိမ်းဆည်းရရှိပြီး ရွှေထည်ပစ္စည်းများမှ ရွှေဆွဲကြိုးနှစ်ကုံး၊ ပတ္တမြား လက်စွပ်တစ်ကွင်းနှင့် ကျန်ရှိငွေများကို ဆက်လက်သိမ်းဆည်းရမိရေး ဆောင်ရွက်လျက်ရှိကာ မြောင်းမြရဲစခန်းမှ တရားစွဲဆိုထားကြောင်း သိရသည်။

**ညီညီ (မြောင်းမြ)**

## အမြို့မြို့အနယ်နယ်သတင်းများ

### အမေနေ့ အထိမ်းအမှတ် ရွှေပြည်သာ၌ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၉**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် (၆)ရပ်ကွက်တွင် အမှတ်(၆)ရပ်ကွက်လုံးဆိုင်ရာ လူငယ်များနှင့် စာပေချစ်မြတ်နိုးသူများ၏ အမေနေ့အထိမ်းအမှတ် အသက်(၉၀)အထက် အဘိုးအဘွားများကန်တော့ပွဲနှင့် စာပေဟောပြောပွဲကို ဇန်နဝါရီ ၂၄ ရက် ညနေ ၅ နာရီမှစတင်ကာ ရွှေပြည်သာမြို့နယ် အမှတ်(၆)ရပ်ကွက် အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။ စာပေဟောပြောပွဲတွင် စာရေးဆရာ အကြည်တော်၊ စာရေးဆရာ မောင်စိန်ဝင်း(ပုတီးကုန်း)တို့က ဟောပြောမည်ဖြစ်ကြောင်း သိရသည်။ **(သားစိန်ဒိုင်)**

### ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေး ချေးငွေပံ့ပိုး

**ရမည်းသင်း ဇန်နဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သမဝါယမဦးစီးဌာနရုံးတွင် ကျေးလက်ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးပံ့ပိုးငွေ ထုတ်ချေးပေးအပ်ပွဲကို ဇန်နဝါရီ ၁၇ ရက်က ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဦးကျော်မြင့်က အမှာစကားပြောကြားပြီး အနောက်ငွေးကုန်းအုပ်စု မကျီးကုန်းကျေးရွာမီးလင်းရေးအတွက် ငွေကျပ် ၁၉၅ သိန်း၊ ပဲ့ဆည်အုပ်စု ပင်စုတောင်ရွာမီးလင်းရေးအတွက် ငွေကျပ် ၂၉၄ သိန်း၊ ပဲ့ဆည်မြောက်ကျေးရွာမီးလင်းရေးအတွက် ငွေကျပ် ၂၂၅ သိန်းနှင့် ကန်ဆွယ်ကျေးရွာမီးလင်းရေးအတွက် ငွေကျပ် သိန်း ၃၀၀ တို့အား ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဇော်ဝင်းအောင်(ရမည်းသင်း)**

### စဉ့်ကိုင်မြို့နယ်တွင် ကုလားပဲ သိပ္ပံနည်းကျစိုက်ပျိုး

**စဉ့်ကိုင် ဇန်နဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ခံလူးကျေးရွာ တောင်သူဦးစိုးတင့်၏ ကွင်းအမှတ်(၇)တွင် ကုလားပဲ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် စံပြကွက် ဧက ၂၀ ကို စနစ်တကျစိုက်ပျိုးထားကြောင်း သိရသည်။

စဉ့်ကိုင်မြို့နယ် ခံလူးကျေးရွာတွင် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ ကျယ်ကျယ်ပြန့်ပြန့် လိုက်နာကျင့်သုံးတတ်စေရန်၊ စနစ်တကျစိုက်ပျိုးတတ်စေရန်၊ ပိုးမွှားရောဂါကျရောက်မှုများကို စနစ်တကျကာကွယ်နှိမ်နင်းတတ်စေရန်နှင့် တစ်ဧကအထွက်နှုန်းတိုးတက်ကောင်းမွန်စေရန်၊ တောင်သူများ၏ ဝင်ငွေတိုးပွားစေရန်အတွက် ကုလားပဲ ရေဆင်း(၃)မျိုးကိုအသုံးပြု၍ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးပေးလျက်ရှိကြောင်း စဉ့်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးက ပြောသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

### ဆင်ခြေထောက်ရောဂါကာကွယ်ဆေးများတိုက်ကျွေး

**ကျိုက်ဒုံ ဇန်နဝါရီ ၁၉**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျိုက်ဒုံမြို့တွင် ဆင်ခြေထောက်ရောဂါကာကွယ်ဆေးတိုက်ကျွေးခြင်းကို ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက စတင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးတိုက်ကျွေးခြင်းကို ကျိုက်ဒုံမြို့ပေါ် (၆)ရပ်ကွက်တွင် ပြုလုပ်ခဲ့ပြီး တိုက်နယ်ဆရာဝန် ဒေါက်တာမန်းမင်းနိုင်ဦးနှင့် ကျန်းမာရေးအဖွဲ့များက နာတာရှည်ရောဂါ၊ ကိုယ်ဝန်ဆောင်များနှင့် နှစ်နှစ်အောက်ကလေးများကို မတိုက်ကျွေးဘဲ ကျန်ရှိသည့်လူများအား ဇန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျိုက်ဒုံ(ပြန်/ဆက်)**

### တက္ကသိုလ်ဝင်စာမေးပွဲအတွက် အနီးကပ်သင်တန်းပို့ချ

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့တွင် ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် အခြေခံပညာနှင့် အဆင့်မြင့်ပညာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အနေဖြင့် ဆင်ပေါင်ဝဲမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် ချောင်းကောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတို့တွင် မကွေးတက္ကသိုလ် သမိုင်းဌာနမှ ကထိက ဒေါက်တာဒေါ်မေညွန့်နှင့် ရူပဗေဒဌာနမှ ကထိက ဒေါက်တာမေသွယ်ဦးတို့ ဦးဆောင်သည့် ဆရာ ဆရာမ ၁၄ ဦးဖြင့် ကျောင်းသား ကျောင်းသူ ၅၈၈ ဦးတို့အား ဇန်နဝါရီ ၁၆ ရက်က အနီးကပ်သင်တန်းပို့ချပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အငြိမ်းစားဝန်ထမ်းများအား မြေကွက်များချပေးမည့်သတင်း ကောလာဟလသာဖြစ်ကြောင်း တာဝန်ရှိသူများက အတည်ပြုပြောကြား

**အငြိမ်းစားဝန်ထမ်းများအား မြေကွက်များချထားပေးမည်ဆိုသည့် သတင်းမှာ ကောလာဟလသတင်းအဖြစ် တာဝန်ရှိသူများ အတည်ပြုပြောကြားထားပြီဖြစ်သော်လည်း ဇန်နဝါရီ ၁၉ ရက် မွန်းလွဲပိုင်းတွင် ဒလမြို့နယ်စာတိုက်၌ ဆက်လက်လျှောက်ထားနေမှုများကို တွေ့ရစဉ်။**

**ရန်ကုန် ဇန်နဝါရီ ၁၉**

အငြိမ်းစားဝန်ထမ်းများအား ရန်ကုန်တိုင်းဒေသကြီးအတွင်း မြေကွက်များ ချထားပေးမည်ဟူသည့် ကောလာဟလသတင်းများနှင့်စပ်လျဉ်း၍ ယနေ့မွန်းလွဲပိုင်းက မြန်မာ့သတင်းစဉ်၏ဆက်သွယ်မေးမြန်းမှုကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက သတင်းအမှားသာဖြစ်ကြောင်း အတည်ပြုပြောကြားသည်။

"အဲဒါနဲ့ပတ်သက်ပြီး ထုတ်ပြန်ထားတာမရှိသလို လျှောက်လွှာခေါ်ယူထားတာလည်း မရှိပါဘူး။ ဒီလျှောက်လွှာတွေနဲ့ပတ်သက်ပြီး ဆောင်ရွက်ပေးခြင်းလည်း မရှိပါဘူး။ ဒါဟာ ကောလာဟလသတင်းအမှားသာဖြစ်ပါတယ်။ ကောလာဟလသတင်းတွေကို မယုံကြည်ကြဖို့ လိုပါတယ်"ဟု ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုးမင်းကလည်း "ဒီကိစ္စကို ကျွန်တော်တောင် မသိပါဘူး"ဟု ဆိုသကဲ့သို့ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးကျော်စိုးနှင့် ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်တို့ကလည်း အငြိမ်းစားဝန်ထမ်းများအား မြေကွက်များချပေးမည်ဆိုသည့် သတင်းကို ၎င်းတို့လည်း မသိရှိကြကြောင်းပြောကြားခဲ့ပြီး အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း သိရသည်။

အဆိုပါ ကောလာဟလသတင်းကြောင့် အငြိမ်းစားဝန်ထမ်းအများစုသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လိပ်မူပြီး ရန်ကုန်စာတိုက်ကြီးနှင့် မြို့နယ်စာတိုက်များရှိ ပြည်တွင်းအမြန်ချောပို့လုပ်ငန်းမှတစ်ဆင့် မြေကွက်လျှောက်လွှာများကို ပြီးခဲ့သည့် တစ်ပတ်ခန့်ကပင် စုပြုံလျှောက်ထားမှုများဖြစ်ပေါ်ခဲ့သည်။

"မြေကွက်လျှောက်လွှာတွေကို စာတိုက်ကရောင်းတာမဟုတ်ပါဘူး။ လျှောက်လွှာပွဲစားအချို့က စာတိုက်အောက်မှ လျှောက်လွှာတွေကို မိတ္တူကူးပြီး လာရောင်းနေတာပါ။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်မတို့ဆီကို တရားဝင်သတင်းထုတ်ပြန်ထားမှုလည်းမရှိပါဘူး။ စာထည့်သူ Customers မှန်သမျှကိုတော့ စာတိုက်က ဝန်ဆောင်မှုပေးခြင်းသက်သက်ပဲဖြစ်ပါတယ်"ဟု မြန်မာ့စာတိုက်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဒေါ်ငုသီတာက ပြောသည်။

မြို့နယ်စာတိုက်သို့မြေကွက်လျှောက်လွှာ အပြေးအလွှား သွားရောက်တင်ခဲ့သူ ရွှေပြည်သာမြို့နယ်နေ အငြိမ်းစားဝန်ထမ်း ဦးငြိမ်းကမူ "မိတ်ဆွေတစ်ယောက်က ဖုန်းဆက်လို့ သွားလျှောက်ခဲ့တယ်။ စာတိုက်မှာ သူလိုကိုယ်လို အသံကြားလို့လာကြတဲ့သူတွေချည်းပဲ၊ သေသေချာချာသိတဲ့သူတော့ မရှိပါဘူး။ လျှောက်လွှာဖိုးနဲ့ မှတ်ပုံတင်ကြေးအပါ ငွေကျပ် ၁၅၀၀ လောက်ပဲကျတဲ့အတွက် နစ်နာမှုတော့ သိပ်မရှိပါဘူး။ ဘာပဲပြောပြော ဒီကိစ္စသာ မှန်နေရင် မျှော်လင့်လို့ရတာပေါ့"ဟု ဆိုသည်။

ရန်ကုန်စာတိုက်ကြီးရှေ့၌ မြေကွက်မိတ္တူလျှောက်လွှာရောင်းချသူပွဲစားများထံ လျှောက်လွှာများကို တစ်စောင်လျှင် တစ်ရာကျပ်နှုန်းဖြင့်ဝယ်ယူပြီး အမြန်ချောပို့စနစ်ဖြင့် လျှောက်ထားသူများ ရှိနေဆဲပင်ဖြစ်သည်။

"ရန်ကုန်စာတိုက်ကြီးကိုသွားတော့ စာတိုက်ရှေ့မြေကွက်လျှောက်လွှာရောင်းတဲ့ အမျိုးသမီးက မြေကွက်လျှောက်လွှာရမယ်၊ တစ်စောင် ၁၀၀ ဆိုပြီး ခေါ်ရောင်းတယ်။ ဘယ်လိုလျှောက်ရမလဲမေးတော့ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပင်စင်စာအုပ်မိတ္တူယူလာပြီး လျှောက်လွှာနဲ့အတူ အမြန်ချောပို့နဲ့ လျှောက်ရမယ်ပြောတယ်"ဟု ဒဂုံမြို့သစ်အရှေ့ပိုင်းနေ အငြိမ်းစားဝန်ထမ်း ဦးအောင်မင်းက ပြောသည်။



ဒလမြို့နေ အငြိမ်းစားဝန်ထမ်းတစ်ဦးဖြစ်သူ ဒေါ်ကြည်လှကလည်း "ဒလမှာ လျှောက်လွှာတစ်စောင်ကို ငွေကျပ် ၁၀၀ ကနေ ငွေကျပ် ၅၀၀ အထိ မိတ္တူဆိုင်တွေက ရောင်းပါတယ်။ ပင်စင်စားမိတ်ဆွေတွေပြောလို့ လာလျှောက်တာပါ။ ရ၊ မရတော့ မသိပါဘူး။သူများလျှောက်လို့ လျှောက်လိုက်တာပါ"ဟု ဆိုသည်။

အငြိမ်းစားဝန်ထမ်းများအား မြေကွက်များချထားပေးမည်ဟူသည့် သတင်းမှာကောလာဟလသတင်းအမှားသာဖြစ်ကြောင်း တာဝန်ရှိသူများက အတည်ပြုပြောကြားထားပြီးဖြစ်သော်လည်း ယနေ့တွင်ရန်ကုန်မြို့နှင့် မြို့နယ်အသီးသီးရှိ စာတိုက်များ၌ လျှောက်ထားမှုများ ရှိနေသေးကြောင်း သိရသည်။

**သတင်း-ခင်မောင်ထွေး၊ မင်းသစ်**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# ပြည်တွင်းအိမ်ခြံမြေဈေးကွက် ငြိမ်သက်နေချိန် ဒေသတွင်းအိမ်ရာစီမံကိန်းကြီးများ၌ ရင်းနှီးမြှုပ်နှံရန် လုပ်ငန်းရှင်တချို့ စိတ်ဝင်စား

**ရန်ကုန် ဇန်နဝါရီ ၁၉**

ပြည်တွင်းရှိ အိမ်ခြံမြေဈေးကွက် အေးစက်ငြိမ်သက်နေချိန်တွင် ပြည်တွင်းရှိဈေးနှုန်းထက်သက်သာနေသော ဒေသတွင်း နိုင်ငံများရှိ အိမ်ရာစီမံကိန်းကြီးများတွင် ရင်းနှီးမြှုပ်နှံရန် လုပ်ငန်းရှင်တချို့စိတ်ဝင်စားလာကြကြောင်း သိရသည်။

ပြည်တွင်းအိမ်ခြံမြေဈေးကွက်သည် ရင်းနှီးမြှုပ်နှံမှုတွင် အရောင်းအဝယ်မရှိသလောက်ငြိမ်သက်လျက်ရှိပြီး အမှန်တကယ် နေထိုင်ရန်ဝယ်ယူသူများကိုသာ ရောင်းချနေရကာ ရင်းနှီးမြှုပ်နှံမှုတွင် နည်းပါးသွားကြောင်း အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းတချို့ထံမှ သိရသည်။

ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဈေးကွက်တွင် အိမ်ခြံမြေကဏ္ဍ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုနည်းပါးလာကြပြီး လက်ရှိပြည်တွင်းရှိ အဆင့်မြင့်ကွန်ဒိုတိုက်ခန်းများထက် ဈေးနှုန်းသက်သာမှုရှိသော ဒေသတွင်းနိုင်ငံများရှိ အိမ်ရာစီမံကိန်းကြီးများတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားကြောင်း လုပ်ငန်းရှင်တချို့နှင့် ပြည်တွင်းပြည်ပ အိမ်ခြံမြေအကျိုးဆောင်တို့မှ သိရသည်။

"ကျွန်တော်တို့ကုမ္ပဏီက ပြည်တွင်းမှာရော ပြည်ပမှာဆိုရင် စင်ကာပူက အိမ်ရာတွေကို ပြည်တွင်းမှာ ရောင်းချပေးခဲ့ပါတယ်။ ပြည်တွင်း အဆင့်မြင့်အိမ်ရာ စီမံကိန်းတွေကိုလည်း ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။ အခုနောက်ပိုင်းမှာ ပထမဆုံးအနေနဲ့ မလေးရှားနိုင်ငံက အဆင့်မြင့်စီမံကိန်းကြီးတစ်ခုကို မြန်မာနိုင်ငံသားတွေ ရင်းနှီးမြှုပ်နှံနိုင်အောင် ယူဆောင်လာတာပဲဖြစ်ပါတယ်။

ဒီစီမံကိန်းက စင်ကာပူနဲ့အနီးဆုံးနေရာမှာ တည်ရှိတဲ့နယ်စပ်မြို့ကြီးဖြစ်ပါတယ်။ စင်ကာပူ Tuas Checkpoint ကနေ ကွန်ဒိုကိုဆိုရင် ကားမောင်းရင် ၁၅ မိနစ်လောက်နဲ့ ရောက်နိုင်ပါတယ်။ Paradiso Nuova ကွန်ဒိုကို မလေးရှားနိုင်ငံ Iskandar မြို့တော်ရဲ့ အချက်အချာကျတဲ့ မြို့လယ်ကောင် Medini မှာ တည်ဆောက်ထားတာ ဖြစ်ပါတယ်။ မြို့သစ်တည်ထောင်ထားတာမှာ စင်ကာပူအစိုးရကိုယ်တိုင်က အားပေးတဲ့စီမံကိန်းတစ်ခုဖြစ်ပြီး စင်ကာပူအပါအဝင် ကမ္ဘာတစ်ဝန်းက ရင်းနှီးမြှုပ်နှံလာကြတယ်။ စင်ကာပူမှာက မလေးရှားထက် အဆပေါင်းများစွာ ဈေးပိုကြီးတယ်။ ပြီးတော့ ဒီစီမံကိန်းဘေးပတ်ဝန်းကျင်မှာ ကမ္ဘာကျော် စီမံကိန်းတွေကလည်း လာရောက်ရင်းနှီးမြှုပ်နှံထားတော့ မြန်မာနိုင်ငံကလုပ်ငန်းရှင်တွေနဲ့ ကမ္ဘာတစ်ဝန်းက ရင်းနှီးမြှုပ်နှံထားဖို့ စိတ်ဝင်စားလာကြတာပဲ ဖြစ်ပါတယ်" ဟု KAE Alliance ကုမ္ပဏီလီမိတက်မှ Managing Director ကိုကျော်မင်းဇင်က ပြောသည်။

မလေးရှားနိုင်ငံသည် အာဆီယံဒေသတွင်း နိုင်ငံများတွင် စင်ကာပူနိုင်ငံပြီးနောက် အတိုးတက်ဆုံး နိုင်ငံတစ်ခုဖြစ်ပြီး ပင်လယ်ဆိပ်ကမ်းမြို့တစ်ခုဖြစ်သည့် Iskandar မြို့တော်ကို ကမ္ဘာပေါ်တွင် အစည်ကားဆုံးနှင့် စီးပွားရေးအကောင်းဆုံး နံပါတ် ၁၉ အဆင့်ရှိ သဘော်ဆိပ်ကမ်းတည်ရှိရာမြို့အဖြစ် ထူထောင်ခဲ့သည်။ အဆိုပါမြို့တော်စီမံကိန်းကို တရုတ်နိုင်ငံရှုန်ဟိုင်းကုမ္ပဏီနှင့် မလေးရှားအစိုးရတို့ ပူးပေါင်းကာ ၂၀၀၆ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး စင်ကာပူနိုင်ငံထက် အဆပေါင်း ၃၀ ကြီးမားသော မြို့တော်ကြီးဖြစ်သည့်အပြင် အရှေ့တောင်အာရှ၏ အကြီးဆုံးစီမံကိန်းကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

ယင်းကြောင့်လည်း ကမ္ဘာအနှံ့မှ လာရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားကြခြင်းအပြင် ကမ္ဘာအရပ်ရပ်မှ စီမံကိန်းကြီးများလည်း လာရောက်ရင်းနှီးမြှုပ်နှံထားသည်ဟု သိရသည်။

Paradiso Nuova ကွန်ဒိုအနီးတွင် အာရှတိုက်၏ ပထမဦးဆုံးသော Legoland Theme Park(England) ကစားကွင်းကြီးသို့ နှစ်မိနစ်ကားမောင်းရုံဖြင့် ရောက်ရှိနိုင်ပြီး ကမ္ဘာကျော်ရုပ်ရှင်ဇာတ်ကားကြီးများ တည်းဖြတ်ရာ Pine Wood Studio (From Hollywood) သို့လည်း မိနစ်ပိုင်းအတွင်း ရောက်ရှိနိုင်သည်။ အနီးတွင် ကမ္ဘာ့အဆင့်မီ အင်္ဂလန်၊ နယ်သာလန်၊ စင်ကာပူ၊ မလေးရှားနိုင်ငံတို့မှ နာမည်ကျော် တက္ကသိုလ်ကြီးများက ဝန်းရံထားသည်ဟုသိရသည်။

ယင်းအပြင် ကမ္ဘာကျော် Motor Sport City ကားမောင်းပြိုင်ကွင်းကြီးကိုလည်း တည်ဆောက်လျက်ရှိကာ ကြယ်ငါးပွင့်အဆင့် ဟိုတယ်ကြီးများ၊ ဈေးဝယ်စင်တာကြီးများဖြင့် အဆင့်မြင့်မြို့တော်ကြီးဖြစ်သည့်အတွက် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခြင်းဖြစ်သည်ဟု သိရသည်။

"ပြည်တွင်းမှာလည်း ကွန်ဒိုဝယ်ထားချင်ပါတယ်။ ဒါပေမယ့် ဈေးနှုန်းတွေက တအားမြင့်နေတယ်။ ကွန်ဒိုဥပဒေက မထွက်သေးတော့ ကွန်ဒိုအင်္ဂါရပ်တွေနဲ့ တကယ်ပြီးပြည့်စုံတဲ့ဟာမျိုးမရဘူးဖြစ်နေတယ်။ အခုမလေးရှား ကွန်ဒိုက စိတ်ဝင်စားဖို့ ကောင်းတာက ဥပဒေအရ မြေပိုင်ဆိုင်မှုရမယ်။ ဒီကွန်ဒိုကိုဝယ်ရင် မလေးရှားနိုင်ငံကို ၁၀ နှစ် ဗီဇာမလို ဝင်/ထွက်သွားလာခွင့် လျှောက်လို့ရတယ်။ အခွန်ကင်းလွတ်ခွင့်တွေရှိတယ်။ နိုင်ငံခြားသားတွေကို လွတ်လွတ်လပ်လပ်ပြန်ရောင်းလို့ရတယ်။ ကွန်ဒိုအင်္ဂါရပ်နဲ့ ပြည့်ပြည့်စုံစုံရမယ်။ ဈေးနှုန်းက တစ်စတုရန်းပေကို သုံးသိန်းလောက်ဆိုတော့ တစ်ခန်းကို သိန်း ၂၃၀၀ ကနေ သိန်း ၅၀၀၀ ကြားမှာရှိတယ်။

အခု မလေးရှားငွေဈေးကျနေတော့ မြန်မာတွေအတွက် မဆိုးဘူး ပြောရမယ်။ ဒီလိုအချက်အလက်တွေ စုံနေတော့ ရင်းနှီးမြှုပ်နှံထားဖို့ စိတ်ဝင်စားတာပါ။ ဒီကွန်ဒိုပတ်ဝန်းကျင်မှာရှိတဲ့ ကမ္ဘာကျော် စီမံကိန်းကြီးတွေကြောင့် သေချာပေါက် အကျိုးအမြတ်ရလာမယ်လို့ ထင်ပါတယ်။ အခုတောင် အခန်းက သိပ်မကျန်တော့ဘူးဖြစ်နေတယ်"ဟု မလေးရှားနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားနေသူ ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

မလေးရှားနိုင်ငံတွင် ရင်းနှီးမြှုပ်နှံချင်သူ နိုင်ငံခြားသားများကို ဥပဒေအရ ခွင့်ပြုပေးထားမှုများရှိပြီး စီမံကိန်းတိုင်းတွင် ဥပဒေအရ စနစ်တကျ ရင်းနှီးမြှုပ်နှံလုပ်ကိုင်စေကာ ဥပဒေနဲ့အညီ အကာအကွယ်များလည်း ပေးထားသည့်အတွက် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားကြခြင်းဖြစ်သည်ဟု သိရသည်။ လက်ရှိတွင် ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်ထားကြသူများမှာ စင်ကာပူနိုင်ငံသားများ အများဆုံးဖြစ်ပြီး ဂျပန်၊ ကိုရီးယား၊ တရုတ်နှင့် အင်ဒိုနီးရှားတို့မှ ၂၆ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

**(ဝဝ၁)**

**○ ကျောဖုံးမှ**

ဒဗလျူဘီအေအနေဖြင့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များကို အချိန်နှင့်တစ်ပြေးညီ သတ်မှတ်ပေးလျက်ရှိသည့်အပြင် ဒဗလျူဘီစီ၊ အိုင်ဘီအက်ဖ်နှင့် ဒဗလျူဘီအိုတို့ကလည်း အချိန်နှင့်တစ်ပြေးညီ အဆင့်များကို သတ်မှတ်ပေးလျက်ရှိသော်လည်း ဩစတြေးလျပရော်ဖက်ရှင်နယ်လက်ဝှေ့သမား မာ့ခ်ဒီမိုရီမှာမူ မည်သည့်ပြိုင်ပွဲကိုမျှ ထိပ်ဆုံးလက်ဝှေ့ကျော် ၁၀ ဦးစာရင်းဝင်ထားခြင်း မရှိသေးပေ။

ဟဲဗီးဝိတ်၏ နာမည်ရလက်ဝှေ့သမားအဖြစ် သတ်မှတ်နိုင်သည့် ဒေးဗစ်ဟေးသည် လက်ဝှေ့သမားဘဝသမိုင်းတွင် ပွဲပေါင်း ၂၉ ပွဲယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ၂၇ ပွဲနိုင်ပွဲရရှိခဲ့ကာ အလဲထိုးနိုင်ပွဲ ၂၅ ပွဲအထိရှိခဲ့သည်။ ဩစတြေးလျလက်ဝှေ့ကျော် မာ့ခ်ဒီမိုရီမှာမူ လက်ဝှေ့သမားဘဝဖြတ်သန်းမှုတွင် ၃၄ ပွဲယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ပွဲပေါင်း ၃၀ အနိုင်ရရှိအောင် ထိုးသတ်နိုင်ခဲ့ပြီး ၂၆ ပွဲမှာ အလဲထိုးနိုင်ပွဲများရရှိထားခဲ့သူဖြစ်သည်။

လက်ရှိ ဒဗလျူဘီအေ၏ အဆင့်(၁၀)အတွင်း ရပ်တည်လျက်ရှိသည့် ကစားသမားများမှာ အဆင့်(၁)တွင် ကျူးဘားလက်ဝှေ့ကျော် လူးဝစ်အော်တစ်၊ အဆင့်(၂)တွင် ဩစတြေးလျလက်ဝှေ့ကျော် လူးကက်ဘရောင်း၊ အဆင့် (၃) တွင် ယူကရိန်းလက်ဝှေ့ကျော် ဝလာဒီမာကလစ်ရှန်ကို၊ အဆင့်(၄)တွင် အမေရိကန်လက်ဝှေ့ကျော် ရှန်နန်ဘရစ်၊ အဆင့်(၅)နေရာတွင် ဘယ်လာရုစ်လက်ဝှေ့ကျော် အလက်ဇန္ဒား အက်စတီနေ့ဗ်၊ အဆင့်(၆)တွင် အမေရိကန်လက်ဝှေ့ကျော် အိုကွမ်ဒို၊ အဆင့်(၇)တွင် ရုရှားလက်ဝှေ့ကျော် အန်ဒရေး ဖီဒီဆော့၊ အဆင့်(၈)နေရာတွင် အမေရိကန်လက်ဝှေ့ကျော် အန်တိုနီယိုတာဗာ၊ အဆင့်(၉)နေရာတွင် ဗြိတိန်လက်ဝှေ့ကျော် ဒေးဗစ်ဟေးနှင့် အဆင့်(၁၀) နေရာတွင် ဂျာမန်လက်ဝှေ့ကျော် အာကန်တီပါတို့က အသီးသီးရပ်တည်လျက်ရှိကြောင်း သိရသည်။

**(ငွေကြယ်)**

# မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများ ယခင်နှစ်ကရရှိခဲ့သည့် အတိုးရငွေများဖြင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန် အလုပ်ရုံဆွေးနွေး

**သရက် ဇန်နဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာများ၌ ယခင်နှစ်က ရရှိခဲ့သည့် အတိုးရငွေများဖြင့် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန် အကြံပြု ဆွေးနွေးခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာများမှ ကော်မတီဝင်များ တက်ရောက်ကြသည်။

ထို့နောက် ကျေးရွာမှ မြစိမ်းရောင်စီမံကိန်းဝင် အုပ်စု တစ်စုချင်းစီ၏ အတိုးရငွေဖြင့် ဆောင်ရွက်ရန် လုပ်ငန်းများကို အဖွဲ့လိုက်တင်ပြဆွေးနွေးကြပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာသန်းဌေးက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ တင်ပြမှုအပေါ် အကြံပြုဆွေးနွေးခဲ့သည်။

ယင်းနောက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက အုပ်စုတစ်စုချင်းစီမှ တင်ပြဆွေးနွေးမှုအပေါ် ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

**ပြည်တွင်းရေးရာ**

# ၂၀၁၂ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အတွက် ကန်ဒေါ်လာ သန်း ၅၀၀ ကျော်ပံ့ပိုးခဲ့ဟု အန်တိုနီဘလင်ကန်ပြောကြား

သတင်း - သုတ
ဓာတ်ပုံ - ကျော်ထိုက်စိုး

**နေပြည်တော် ဇန်နဝါရီ ၁၉**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး အန်တိုနီဘလင်ကန်သည် ဇန်နဝါရီ ၁၈ ရက် တွင် နေပြည်တော်သို့ ရောက်ရှိစဉ် နိုင်ငံတော် သမ္မတဦးသိန်းစိန်၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့နှင့်တွေ့ဆုံကာ ရွေးကောက်ပွဲအလွန်ကာလ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေ၊ မြန်မာနိုင်ငံတွင် အကောင်ထည်ဖော်ဆောင်ရွက်သော ပြုပြင်ပြောင်းလဲမှုများနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များအား ကူညီပံ့ပိုးရေးဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့်အလုပ်သမားရေးရာ လက်ထောက်နိုင်ငံခြားရေး ဝန်ကြီး တွမ်မယ်လင်နောစကီး၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး ဒဲရစ်မစ်ချယ်လ်နှင့်အတူ ညနေ ၄ နာရီခွဲက နေပြည်တော်ရှိ Kempinski ဟိုတယ်တွင် သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ယနေ့နံနက်ပိုင်းက နိုင်ငံတော်သမ္မတ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံခဲ့စဉ် မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲကာလနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြကြောင်းနှင့် အမေရိကန်အစိုးရအနေဖြင့် မည်သို့ကူညီသွားမည်ဆိုသည်ကို ထုတ်ဖော်ပြောကြားခဲ့ကြောင်း။

အစိုးရသစ်ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်သူများအပါအဝင် မြန်မာပြည်သူများ အတူတကွ ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်ကြောင်း၊ သို့သော် ရှေ့တွင် စိန်ခေါ်မှုများစွာ ရှိနေပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေး ဆက်လက်အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ အကျဉ်းသားများကိုလည်း လွှတ်ပေးရန် လိုအပ်ပြီး လူ့အခွင့်အရေးကိုလည်း အပြည့်အဝကာကွယ်ပေးရန် လိုအပ်ကြောင်း။

ပြုပြင်ပြောင်းလဲရေးတွင် နိုင်ငံတော်၏ အင်စတီကျူးရှင်းများကို ပြောင်းလဲပေးရန် လိုကြောင်း၊ ဒီမိုကရေစီတွင် လူတိုင်းသာတူညီမျှအခွင့်အရေးရရှိရန်လိုကြောင်း၊ ဒီမိုကရေစီအောင်မြင်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေး၊ သာယာဝပြောရေးတို့အတွက် အရပ်ဘက်လူ့အဖွဲ့အစည်းပါဝင်ပတ်သက်မှုလည်း လိုအပ်ကြောင်း။

မြန်မာနိုင်ငံတွင်ဖြစ်ပေါ်လာမည့် စီးပွားရေးစိန်ခေါ်မှုများ၊ ဒီမိုကရေစီနိုင်ငံတွင် ပြည်သူများ၏ အသက်ရှင်ရပ်တည်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် တန်းတူရည်တူအခွင့်အရေးရရှိရေး၊ ရခိုင်ပြည်နယ်ရှိပြည်သူများ ငြိမ်းချမ်းတည်ငြိမ်စွာပြန်လည်နေထိုင်ရေး၊ ဒီမိုကရေစီကျင့်စဉ်နှင့် ဒီမိုကရေစီဆိုင်ရာအဖွဲ့အစည်းများ ပေါ်ပေါက်လာရေး ဆွေးနွေးခဲ့ကြောင်း။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုတွင် အမေရိကန်ပြည်ထောင်စုအနေဖြင့် ဆက်လက်ကူညီပေးသွားမည်ဖြစ်ကြောင်း၊ အသွင်ကူးပြောင်းမှုတွင် စိန်ခေါ်မှုများစွာ ဆက်လက်ရှိနေဆဲဖြစ်ကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းမှုမှာ သမိုင်းမှတ်တိုင်တစ်ရပ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏စီးပွားရေးတိုးတက်မှုကို ဆက်လက်ထိန်းထားရမည်ဖြစ်ကြောင်း။

၂၀၁၂ ခုနှစ်ကတည်းက အမေရိကန်ပြည်ထောင်စုသည် တစ်ပြည်လုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်ရေးအပါအဝင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ (CSOs) တွင် အမျိုးသမီးများပါဝင်မှုအခန်းကဏ္ဍ မြှင့်တင်ရန်အတွက် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော် ထောက်ပံ့ပေးခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မီဒီယာများမေးမြန်းချက်ကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။



# ဌာနဆိုင်ရာများအတွက် တည်းခိုဆောင်ချထားပေးခြင်း မပြုတော့ဟုဆို

**မင်းဘူး ဇန်နဝါရီ ၁၉**

နှစ်စဉ်နှစ်တိုင်း တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်နေ့အထိ ပွဲတော်ကာလ သုံးလကျော် ကျင်းပမြဲဖြစ်သည့် မန်းရွှေစက်တော်ဘုရားပွဲကို ယခုနှစ်တွင် ဝါထပ်ကာလကြုံ၍ နှစ်လကျော်သာ ကျင်းပနိုင်တော့မည်ဖြစ်ပြီး တည်းခိုဆောင်စည်းကမ်းအားနည်းချက်များ အပေါ် ဝေဖန်မှုများ နှစ်စဉ်ထွက်ပေါ်နေသည့်အတွက် ပွဲတော်ကာလများအတွင်း ဌာနဆိုင်ရာတည်းခိုဆောင်(တည်းကျောင်း)များ ချထားပေးတော့မည် မဟုတ်ကြောင်း ရွှေစက်တော်ဂေါပကဥက္ကဋ္ဌ မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူးက အတည်ပြုပြောကြားသည်။

"အရင်ဥက္ကဋ္ဌနဲ့အဖွဲ့ဝင်တွေရဲ့ လုပ်ငန်းစဉ်တွေကို လုံးဝသွေဖည်သွားတာမျိုးမဟုတ်ဘဲ ပြုပြင်ပြောင်းလဲသင့်တဲ့ကိစ္စတွေကို ဆောင်ရွက်နေပါတယ်။ ဒီနှစ်ဌာနဆိုင်ရာတည်းကျောင်း လုံးဝချထားပေးတော့မှာမဟုတ်ပါဘူး။ ဘုရားဘဏ္ဍာတော်ငွေပိုလှူနိုင်တဲ့သူ၊ အကျိုးပြု အနစ်နာခံနိုင်တဲ့သူ၊ လက်ငုတ်လက်ရင်းလုပ်ကိုင်သူတွေက လုပ်ငန်းလုပ်ပိုင်ခွင့်တွေ ရမှာပဲဖြစ်ပါတယ်။ ဂေါပကအဖွဲ့အနေနဲ့ ဘုရားကိုအမှီပြုပြီး ဝမ်းကျောင်းတဲ့လုပ်ငန်းသမားတွေ သာမကဘဲ လက်လုပ်လက်စားသမားတွေပါမကျန် နေရာတွေဖော်ထုတ်စီစဉ်ပေးနေပါတယ်။ ပြည်သူတွေအနေနဲ့ မရှင်းလင်းတာရှိရင် တာဝန်ရှိတဲ့သူ၊ ဖြေနိုင်တဲ့သူကို မေးပါ။ ဒါမှ ရှင်းသွားမှာပါ"ဟု ယခုနှစ်တွင် မန်းရွှေစက်တော် ဘဏ္ဍာတော်ထိန်းဂေါပကဥက္ကဋ္ဌအသစ်အဖြစ် စတင်တာဝန်ထမ်းဆောင်သူ မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က ပြောသည်။

၂၀၁၆ခုနှစ် မန်းရွှေစက်တော်ဘုရားပွဲ တင်ဒါလုပ်ငန်း(၄၇)မျိုးအတွက် ကြမ်းခင်းဈေးနှုန်းများ၊ စပေါ်တင်သွင်းရမည့်ငွေများနှင့် လုပ်ငန်းဆိုင်ရာစည်းကမ်းချက်များကို တရားဝင်ကြေညာထားရှိပြီး ဇန်နဝါရီ ၁၉ ရက်နှင့် ၂၁ ရက်တို့တွင် တင်ဒါပွဲများ ကျင်းပသွားမည်ဖြစ်သည်။

"ဇန်နဝါရီ ၁၈ ရက်ထိ သိထားတာက ဌာနဆိုင်ရာတည်းကျောင်းတွေ အရင်နှစ်ကလိုပဲ ချထားပေးမယ်။ တစ်ဆင့်ဝယ်ချင်တဲ့သူတွေကလည်း ဌာနဆိုင်ရာတွေကို ချဉ်းကပ်နေပြီလို့ကြားရတယ်။ ၁၉ ရက် မနက်ပိုင်းကျမှ သိလိုက်ရတာက ဌာနဆိုင်ရာတွေကို တည်းကျောင်းမပေးတော့ဘူးတဲ့။ ကျွန်တော်ထင်တာကတော့ တကယ်လုပ်မယ့်သူတွေ လက်ထဲ လုပ်ကိုင်ခွင့်ရတော့မယ်ထင်တာပဲ။ ဒါဆိုရင် နှစ်တိုင်း တည်းကျောင်းခတွေဈေးကြီးတယ်ဆိုတဲ့ အသံတွေလျော့သွားမှာပဲ။ ဘုရားဖူးတွေကို အဆင်ပြေစေချင်တယ်"ဟု မင်းဘူးဒေသခံတစ်ဦးက ပြောသည်။

မြတ်စွာဘုရား၏ ခြေတော်ရာနှစ်ဆူကိန်းဝပ်နေပြီး သစ္စာဗန္ဓတောင်ခြေတွင် လှပစွာရစ်ခွေ စီးဆင်းနေသော မန်းချောင်းသောင်ပြင်၌ ဈေးဆိုင်ခန်းများစတင်ဆောက်လုပ်နေပြီဖြစ်ကာ ယခုနှစ်ပွဲတော်၏ ကောင်းမွန်သောပြောင်းလဲမှုများနှင့်အတူ မြန်မာပြည်အနှံ့အပြားမှ ဘုရားဖူးပြည်သူများ တည်ကျောင်းခ ဈေးကြီးခြင်း၊ စားသောက်ကုန်ဈေးကြီးခြင်းတို့မှ ကင်းဝေးနိုင်မည်ဟု ဒေသခံများက မျှော်လင့်ယုံကြည်နေကြောင်း သိရသည်။

**ဇေယျတု(မကွေး)**

# ပရိဘောဂပစ္စည်းအပြည့်အစုံ ထည့်သွင်းငှားရမ်းမှုများပြုလုပ်လာကြသည့်အိမ်အငှားဈေးကွက်

**ရန်ကုန် ဇန်နဝါရီ ၁၉**

လက်ရှိအိမ်ခြံမြေ အငှားဈေးကွက်မှာ ယခင်နှင့်မတူဘဲ ခြေလှမ်းသစ်များနှင့် ဈေးကွက်မြှင့်တင်ရေး လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေသည်ကို တွေ့ရှိရသည်။

ယခင်က အိမ်ခြံမြေအငှားဈေးကွက်တွင် ကွန်ဒိုတိုက်ခန်းများ ငှားရမ်းသည်ဖြစ်စေ၊ ရပ်ကွက်နေအိမ်များကိုငှားရမ်းသည်ဖြစ်စေ မည်သည့်ပစ္စည်း၊ မည်သည့်ပရိဘောဂမှမပါဘဲ နေအိမ်ခန်းသက်သက်ကိုသာ ငှားရမ်းခဲ့ခြင်းဖြစ်သည်။ ယခုအခါ ငှားရမ်းမည့်ကွန်ဒိုတိုက်ခန်းများနှင့် နေအိမ်များတွင် အတွင်းအလှအပပြင်ဆင်ပြီး အိမ်တွင်းပရိဘောဂပစ္စည်း အပြည့်အစုံထည့်သွင်းငှားရမ်းမှုများ ပြုလုပ်လာကြကြောင်း အကျိုးဆောင်အချို့ထံမှ သိရသည်။

"အိမ်တွင်း ပရိဘောဂပစ္စည်း အပြည့်အစုံပါဝင်တဲ့ ကွန်ဒိုတိုက်ခန်းတွေ၊ လုံးချင်းအိမ်တွေကို နိုင်ငံခြားသားတွေ ပိုကြိုက်ကြတယ်။ သူတို့က ဒီမှာလာ အလုပ်လုပ်တာ။ ဘာမှယူလာကြတာမဟုတ်ဘူး။ ပြန်ရင်လည်း ဘာပစ္စည်းမှ ပြန်ယူမသွားနိုင်ဘူး။

"ဒီလိုပဲ တချို့နယ်ကလာပြီး လုပ်ငန်းလုပ်သူတွေကလည်း အလုပ်လုပ်ဖို့လောက်ပဲ ငွေပါလာတာ၊ ရန်ကုန်မှာ အိမ်နဲ့ ပရိဘောဂအတွက် မရင်း နိုင်ကြဘူး။ ဒါကြောင့် အိမ်ပဲ ငှားနေချင်ကြတာ။ ပရိဘောဂ အပြည့်အစုံနဲ့ဆိုတော့ ပိုသဘောကျကြတာ။ ဒါကြောင့် အကွက်မြင်တဲ့ အိမ်ရှင်တွေက တိုက်ခန်းဖြစ်ဖြစ်၊ အိမ်ဖြစ်ဖြစ် ဒီအတိုင်းမငှားဘဲ ပရိဘောဂတွေ ဝယ်ထည့်တယ်။ အိမ်ငှားခကိုပိုယူတယ်။ အိမ်ငှားတွေကလည်း စမတ်ကျကျ၊ အဆင့်ရှိရှိနဲ့ အဆင်သင့်နေရတာဆိုတော့ လခပို ပေးရတာကို မကြည့်ကြတော့ဘူး။ ဒါကြောင့် အိမ်ငှားတွေဘက်က လည်း လခပိုပေးရပေမယ့် သဘောကျကြတယ်။ အိမ်ရှင်တွေဘက်ကလည်း ပရိဘောဂတွေဝယ်ထည့်ပေးရပေမယ့် လခပိုရတယ်။ နှစ်ဦးနှစ်ဖက်အဆင်ပြေတာပေါ့"ဟု ဒဂုံမြို့သစ်မြို့နယ်မှ အိမ်ခြံမြေ အကျိုးဆောင် ကိုမင်းဇော်က ပြောသည်။



ပရိဘောဂပစ္စည်း အပြည့်အစုံ ထည့်သွင်းငှားရမ်းမှုကို ယခင်က နိုင်ငံခြားသားကို ငှားရမ်းမည့်ကွန်ဒိုတိုက်ခန်းများတွင်သာ ထည့်သွင်းငှားရမ်းမှုများ ပြုလုပ်နေခဲ့ကြသော်လည်း ယခုအခါ ရပ်ကွက်နေအိမ်များတွင်လည်း လုပ်ကိုင်ဆောင်ရွက်လာကြသည်ဟု ဆိုသည်။

အချို့သော ရပ်ကွက်နေအိမ်များမှာ မိသားစုလိုက် ပြည်ပသို့ သွားရောက်အလုပ်လုပ်နေသည့် မိသားစုများ ရှိနေကြသလို အချို့မှာလည်း မိသားစု၏ အဓိကစီးပွားရေးလုပ်ငန်းများရှိရာအရပ်ဒေသများသို့ ခေတ္တခဏ သွားရောက်အလုပ်လုပ်နေသော မိသားစုများလည်းရှိသည်။ အဆိုပါ မိသားစုများမှာ နေအိမ်ပရိဘောဂများကို ထားရစ်ကြရမည်ဖြစ်သဖြင့် ပရိဘောဂအပြည့်အစုံနှင့် နေအိမ်ကို အိမ်ငှားတင်ခဲ့ကြသည်။ တချို့သော နယ်အရပ်ဒေသများမှ ရန်ကုန်မြို့တွင် လုပ်ငန်းလာရောက် လုပ်သူများကလည်း အဆိုပါအိမ်မျိုးကိုသဘောကျကာ အိမ်လခပိုပေးပြီး ငှားရမ်းကြသည်။

အဆိုပါဖြစ်စဉ်များမှ အစပြုကာ အချို့သောအိမ်ရှင်များက နေအိမ်များတွင် အလှအပပြင်ဆင်ပြီး အိမ်တွင်းပရိဘောဂပစ္စည်း အပြည့်အစုံထည့်သွင်းငှားရမ်းမှုများ ပြုလုပ်လာကြကြောင်း အကျိုးဆောင်အချို့ထံမှ သိရသည်။

"အဲဒီလိုအိမ်တွေက ဘုရားစင်က အစ ဘာမှလိုလေသေးမရှိဘူး။ တချို့အိမ်တွေဆိုရင် တီဗွီ၊ ရေခဲသေတ္တာ၊ အိပ်စရာခုတင်ကအစပါတယ်။ အိမ်လခကပုံမှန်ထက် နှစ်သောင်းလောက်ပဲ ပိုပေးရတာဆိုတော့ ငှားသူတွေက သဘောကျကြပါတယ်။

"ငှားသူတွေကလည်း အိမ်စောင့် ငှားထားခဲ့မယ်ဆိုရင်လည်း လစာပေးငှားထားရဦးမယ်။ အိမ်ကို ဒီအတိုင်း ထားခဲ့ရင်လည်း စောင့်ရှောက်မယ့်သူမရှိဘူး။ ဒါကြောင့် ဝင်ငွေရတယ်။ အိမ်စောင့်လည်းရတယ်။ ငှားခလည်း ပိုရတယ်ဆိုတော့ ငှားကြတာပါ။

"အဲဒီအခြေအနေတွေကို စီးပွားရေးအကွက်မြင်တဲ့ အိမ်ရှင်တွေက လိုက်လုပ်ကြတာပါ။ လက်ရှိမှာတော့ အဲဒီလိုငှားရမ်းမှုတွေကို ဒေါပုံ၊ သာကေတနဲ့ ဒဂုံမြို့သစ်ဘက်တွေမှာ ရှိသလို သန်လျင်ဘက်မှာလည်း ရှိပါတယ်။ ဒါပေမယ့် လုပ်တဲ့သူကတော့ လက်ရှိမှာ တော်တော်နည်းနေပါသေးတယ်။ လက်ရှိမှာ လုပ်ကိုင်သူနည်းပါးပေမယ့် ဒါကစီးပွားရေးလုပ် ကွက်တစ်ခုဆိုတော့ နောက်ပိုင်းမှာ ပိုပြီးများလာလိမ့်မယ်လို့ ထင်ပါတယ်"ဟု ကိုမင်းဇော်က ဆက်ပြောသည်။

အဆိုပါ အိမ်ခြံမြေဈေးကွက်၏ ခြေလှမ်းသစ်တစ်ခုဖြစ်သည့် နေအိမ်များတွင် အလှအပပြင်ဆင်ပြီး အိမ်တွင်းပရိဘောဂ ပစ္စည်းအပြည့်အစုံထည့်သွင်း ငှားရမ်းမှုများမှာ နောက်ပိုင်းကာလများတွင် ခေတ်စားလာနိုင်ကြောင်း သိရသည်။

**ဇာညီမြင့်**

# အနီးဆုံးပင်လယ်ကမ်းခြေ အပန်းဖြေနေရာဖြစ်စေချင်

သတင်း - နေသန့်၊ ဓာတ်ပုံ - နန္ဒ

မြို့ပြ၏ မွန်းကျပ်မှုများမှ တဒင်္ဂနေရာ၊ လွတ်လပ်၍ အနားယူအပန်းဖြေနိုင်သော နေရာတစ်ခုမှာ လက်ခုပ်ကုန်း ကမ်းခြေဖြစ်သည်။ ရန်ကုန်မြို့နှင့် မဝေးလှသော နေ့ချင်းပြန်ခရီးအကွာအဝေး၌ ရှိနေသည်။ အပန်းဖြေသူများ လာရောက်လည်ပတ်လေ့ရှိသော ကမ်းခြေနှင့် ကျွန်းသောင်ခုံများရှိသကဲ့သို့ သဘာဝကမ်းကွေ့၊ သောင်ပြင်နှင့် လှပသော ရှုခင်းများရှိပြီး လူသူအရောက်နည်းသော နေရာများလည်းရှိသည်။

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်း ကမ်းခြေသို့သွားလိုလျှင် ရန်ကုန်မြို့တစ်ဖက်ကမ်း ဒလမြို့မှ ခနုတ်၊ ဝါးဘလောက်သောက်ရွာများကို ဖြတ်သန်း၍ တစ်နာရီခရီးခန့်နှင့်ရောက်နိုင်သော လမ်းကြောင်းနှင့် လှိုင်သာယာမှ ဘုရားငုတ်တို၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ တော်ခရမ်းစသည်တို့ကိုဖြတ်သန်း၍ နှစ်နာရီခွဲခန့် မောင်းနှင်ရသော လမ်းကြောင်းလည်းရှိသည်။

ကွန်ကရစ်ခင်းလမ်းများဖြစ်ပြီး အနည်းငယ်ကျဉ်းမြောင်းသဖြင့် ကားနှစ်စီးရှောင်ခြင်း၊ ကျော်ခြင်းများတွင် အခက်အခဲရှိနိုင်သော်လည်း သတိပြုမောင်းနှင်ခြင်းဖြင့် ခရီးတွင်စေပါသည်။ လမ်းအသစ်ကြောင့် သွားလာမှုအဆင်ပြေသလို လမ်းအရွယ်အစားကြောင့် ကသိကအောက်ဖြစ်ရကြောင်းနှင့် ဆိုင်ကယ်များလမ်းဘေးဆင်းရှောင်ရခြင်းကြောင့် မကြာခဏလဲကျရသည်များလည်းရှိပြီး လမ်းစတင်ခင်းချိန်တွင် ကွန်ကရစ်သား တစ်ဖက်တစ်ပေခန့် ပိုခင်းလိုက်သည်နှင့် ယာဉ်နှစ်စီး လွတ်လပ်စွာတိမ်းရှောင်နိုင်မည်ဖြစ်ကြောင်း ဒေသခံတို့က ဆိုသည်။

လမ်းကျဉ်းနှင့်လမ်းပခုံးသားမရှိခြင်းတို့ကို သည်းခံမောင်းနှင်ရင်း လက်ခုပ်ကုန်းရွာသို့ရောက်လျှင် မြစ်ဝနှင့် ပင်လယ်သောင်ပြင်ကမ်းခြေတို့၏မြင်ကွင်းက ပင်ပန်းသမျှ အမောပြေစေပါလိမ့်မည်။

လက်ခုပ်ကုန်းဟိုတယ်မှ ကြည့်လျှင် ပင်လယ်ပြင်ကို မျက်နှာပြုလျက် ရေလယ်ကျွန်းနှင့် သောင်ပြင်ကိုတွေ့နိုင်သည်။ သောင်ပြင်အမှတ်အသားပြု ကျောက်တိုင်ဖြူဖြူကို ဝဲပတ်လျက် ပင်လယ်ပျော်ငှက်တစ်အုပ် ပျံသန်းနေသည်။

ပင်လယ်နှင့် မိုးကုပ်စက်ဝိုင်းထိစပ်နေသော လမ်းကြောင်းပေါ်တွင် သင်္ဘောတစ်စင်းကို အစက်အပြောက်ကလေးအဖြစ် တရွေ့ရွေ့သွားနေသည်ကို တွေ့ရသည်။ ဤကျွန်းသောင်ခုံသို့ အားလပ်ရက်များတွင် အပန်းဖြေလာရောက်သူများပြီး သောင်ခုံသို့ လှေ၊ မော်တော် စသည်ဖြင့် ပို့ဆောင်ပေးကြောင်း သိရသည်။

သာယာလှပ၍ သောင်ပြင်ကမ်းခြေများရှိသကဲ့သို့ လူသူလာရောက်မှုနည်းသေးသော လေးကိုင်းပုံသဏ္ဌာန် သဘာဝကမ်းကွေ့ သောင်ပြင်နှင့် ပြေပြစ်သော ကမ်းခြေ၊ တအိအိတက်လာ၍ ပါးပျဉ်းထောင်နေသော လှိုင်းခေါင်းဖြူများ ဆင်ယင်ထားသော သဘာဝ



အရိုင်းကမ်းခြေလည်း ဤဒေသတွင်ရှိသည်။ လက်ခုပ်ကုန်းမှ ကညင်ကုန်းရွာသို့ ဖြတ်သန်း၍ ၁၅ မိနစ် ခရီးခန့်သွားရသော ဆယ်အိမ်စုကမ်းခြေလေးဖြစ်သည်။

နှစ်မိုင်ခန့်ရှည်လျား၍ ညီညာပြန့်ပြူးလျက် လေးကိုင်းပုံသဏ္ဌာန်ကွေးညွတ်တည်နေသော ကမ်းကွေ့သောင်ပြင်၏ တစ်ဖက်ထိပ်တွင် အုန်းပင်တန်းနှင့် အစီအရီရပ်ထားသော လှေကလေးများကိုတွေ့နိုင်သည်။ သောင်ပြင်၏ အခြားတစ်ဖက်စွန်းတွင် သစ်ပင်အုပ်နှင့် ငါးခြောက်လုပ်ငန်းလုပ်ကိုင်သော ရွာကလေးရှိသည်။ လှိုင်းတို့သည် ရေတိမ်သောင်ပြင်ကို ဖြတ်သန်းသောအခါ မို့မောက်ကွတက်ရာမှ ပါးပျဉ်းထ၍ လှိုင်းခေါင်းဖြူများက ကမ်းစပ်ကို တအုန်းအုန်း ရိုက်ခတ်ကြသည်။ ကမ်းစပ်နှင့် လှိုင်းရိုက်ခတ်သည့် ခဏတွင် ရေနောက်နေသော်လည်း ကမ်းမှ ၁၀ ပေ၊ ၁၅ ပေခန့်ခွာလိုက်လျှင် စိမ်းပြာရောင် ပင်လယ်ရေနှင့် လှိုင်း၏ ပင့်ခေါ်မှု၊ သန့်ရှင်းသောလေ၏ အတွေ့အထိ စသည်တို့က မြို့ပြလူနေမှုဘဝ၏ မွန်းကျပ်မှုများကို ပြေလျော့စေမည်။

တိုင်းတာရေးကိရိယာများ သယ်ဆောင်လာသော လူတစ်စု ကမ်းခြေကလေးကို ကြည့်ရှုနေကြသည်ကိုလည်း တွေ့ရသည်။ ဤဒေသခံများသည် တစ်နှစ်ပတ်လုံးတွင် မိုးစပါးတစ်သီးကိုသာ စိုက်ပျိုးကြသည်ဟု သိရသည်။ ရန်ကုန်မြို့နှင့်နီးကပ်၍ သာယာလှပသော လက်ခုပ်ကုန်းကမ်းခြေဒေသ အပန်းဖြေခရီးသွားလုပ်ငန်းများ ပွင့်လင်းတိုးတက်လျှင် ဒေသခံများအတွက်လည်း အလုပ်အကိုင်၊ အရောင်းအဝယ်အခွင့်အလမ်းများ ရရှိလာနိုင်မည်ဖြစ်သည်။ ယခုနှစ် နွေရာသီအပူချိန်မြင့်မားမည်ဟု သိရသည်။ အပူဒဏ်ရှောင်ရင်း လက်ခုပ်ကုန်းကမ်းခြေသို့ အပန်းဖြေသွားရောက်နိုင်ပါကြောင်းနှင့် အရိုင်းဆန်သော သဘာဝကမ်းခြေကလေးများကိုလည်း အလှမပျက် တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းရန် လိုအပ်ပါကြောင်း။ ။

# ကနီမြို့နယ်တွင် လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာအခြေခံအချက်အလက် စစ်တမ်းကောက်

**ကနီ ဇန်နဝါရီ ၁၉**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန(USH)တို့ ပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံ၏ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာအခြေခံအချက်အလက်စစ်တမ်း(MDHS) ကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့မှ စစ်ကိုင်းတိုင်းဒေသကြီးတာဝန်ခံအဖွဲ့သည် ဇန်နဝါရီ ၁၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် ကင်းတောင်ကျေးရွာသို့ သွားရောက်ကာ ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်များ စာရင်းကောက်ယူလျက်ရှိကြောင်း သိရသည်။

အဆိုပါ စာရင်းကောက်ယူရေးအဖွဲ့များသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်း၊ မုံရွာ၊ မြောင်၊ ကနီ၊ ယင်းမာပင်၊ ဆားလင်းကြီး၊ အရာတော်၊ ဘုတလင်၊ ဒီပဲယင်း၊ တန့်ဆည်၊ ဝက်လက်၊ ရွှေဘို၊ ကန့်ဘလူ၊ ကျွန်းလှ၊ ကောလင်း၊ ကသာ၊ အင်းတော်၊ ထီးချိုင့်၊ ကလေး၊ တမူး၊ မော်လိုက်၊ ဖောင်းပြင်နှင့် ဟုမ္မလင်းမြို့နယ်များရှိ လုပ်ကွက် ၃၁ ကွက်၌ တစ်ကွက်လျှင် အိမ် ၃၀ နှုန်းဖြင့် စစ်တမ်းများကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စစ်တမ်းကောက်ယူဆောင်ရွက်မှုများမှာ မိခင်၊ မျိုးဆက်ပွားနှင့် ကလေးသူငယ်ကျန်းမာရေးအကြောင်း အချက်အလက်များ၊ မွေးဖွားမှုဖြစ်စဉ်နှင့် မွေးဖွားမှုအတွက် ဦးစားပေးမှုသဘောထားများ၊ သားဆက်ခြားခြင်းနည်းလမ်းများအပေါ်တွင် နားလည်သိရှိမှုနှင့် အသုံးပြုပုံ၊ မိခင်နှင့် ကလေးသူငယ်များ၏ အာဟာရဖွံ့ဖြိုးမှု အခြေအနေ၊ မိခင်နှင့် ကလေးသေဆုံးမှုနှုန်းများ၊ မိခင်နှင့်ကလေးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် HIV/AIDSနှင့် ပတ်သက်သောဗဟုသုတ၊ သဘောထားနှင့် အပြုအမူများ စသည့်အချက်များကို အဓိက လေ့လာဖော်ထုတ်သွားမည်ဖြစ်ပြီး အဆိုပါ သတင်းအချက်အလက်များသည် ကျန်းမာရေးကဏ္ဍတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံချက်နှင့် စီမံကိန်းများဖော်ထုတ်ခြင်းများအတွက် အသုံးဝင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းကောက်ယူခြင်းလုပ်ငန်းများကို ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၉၀ ကျော် ကောက်ယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် စာရင်းကောက်ယူဆောင်ရွက်ခြင်းဖြစ်ကာ ငါးနှစ်လျှင်တစ်ကြိမ် စစ်တမ်းကောက်ယူဆောင်ရွက်မည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စစ်တမ်းကောက်ယူရေးအဖွဲ့တာဝန်ခံတစ်ဦးက ပြောသည်။

**သန်းဌေးအောင်(ကနီ)**

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်ရှိ အမြန်လမ်းမကြီးရဲစခန်းများ၏တည်နေရာနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်များ

**နေပြည်တော် ဇန်နဝါရီ ၁၉**

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ခရီးသွားလုပ်သားပြည်သူများ သွားလာမှုလုံခြုံချောမွေ့စေရေးနှင့် အရေးပေါ်အခြေအနေတွင် ကူညီ၊ ကယ်ဆယ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များ ထမ်းဆောင်နိုင်ရန်အတွက် အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံး(ဌာနချုပ်)နှင့် ကွပ်ကဲမှုအောက် ရဲစခန်းများ ဖွင့်လှစ်ထားရှိသည်။

ခရီးသွားလုပ်သားပြည်သူများအနေဖြင့် လိုအပ်ချက် တစ်စုံတစ်ရာရှိပါက ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် အဆိုပါ အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူး ရုံး(ဌာနချုပ်)နှင့် ရဲစခန်းအသီးသီးတို့၏ ဖုန်းနံပါတ်များကို ဖော်ပြအပ်ပါသည်-

| စဉ် | ရုံး/ရဲစခန်း | တည်နေရာ | | လုံခြုံရေးဧရိယာ | | ဖုန်းနံပါတ် | | |
|---|---|---|---|---|---|---|---|---|
| | | မြို့နယ် | မိုင်တိုင် | မှ | ထိ | | | |
| ၁ | အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှူးရုံး(ဌာနချုပ်) | နေပြည်တော် | - | ၀/၀ | ၃၅၈/၁ | ၀၆၇ ၈၁၀၀၀၈၇ | ၀၉ ၇၈၂၅၃၁၆၈၈ | ၀၉ ၇၈၄၁၃၂၇၁၃ |
| ၂ | အမှတ်(၃)လမ်းဆုံအမြန်လမ်းမကြီးရဲစခန်း | လှည်းကူး | ၁၁/၀ | ၀/၀ | ၂၃/၀ | ၀၉ ၄၂၀၈၈၈၈၀၅ | ၀၉ ၇၈၄၆၄၀၄၈၄ | ၀၉ ၇၈၄၆၄၀၄၈၅ |
| ၃ | ဘောနက်ကြီးအမြန်လမ်းမကြီးရဲစခန်း | ပဲခူး | ၃၉/၀ | ၂၃/၀ | ၄၅/၀ | ၀၉ ၄၂၀၈၈၈၈၀၆ | ၀၉ ၂၅၇၅၀၀၀၈၄ | ၀၉ ၇၉၃၂၀၅၇၂၉ |
| ၄ | ဘောနီအမြန်လမ်းမကြီးရဲစခန်း | ဒိုက်ဦး | ၅၈/၁ | ၄၅/၀ | ၆၀/၀ | ၀၉ ၄၂၀၈၈၈၈၃၀ | ၀၉ ၉၆၀၀၁၆၉၉၆ | ၀၉ ၇၈၉၉၁၁၀၇၀ |
| ၅ | အုတ်ရှစ်ကုန်းအမြန်လမ်းမကြီးရဲစခန်း | ဒိုက်ဦး | ၇၂/၀ | ၆၀/၀ | ၇၅/၀ | ၀၉ ၄၂၀၈၈၈၈၀၇ | ၀၉ ၇၈၄၈၈၃၉၀၀ | ၀၉ ၉၆၁၁၈၇၇၃၃ |
| ၆ | မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်း | ကျောက်တံခါး | ၈၃/၂ | ၇၅/၀ | ၁၀၅/၀ | ၀၉ ၄၂၀၈၈၈၈၀၉ | ၀၉ ၉၇၂၀၃၀၉၆၆ | ၀၉ ၇၈၂၉၃၁၆၉၅ |
| ၇ | ဖြူးအမြန်လမ်းမကြီးရဲစခန်း | ဖြူး | ၁၁၅/၀ | ၁၀၅/၀ | ၁၂၀/၀ | ၀၉ ၄၂၀၈၈၈၈၁၀ | ၀၉ ၇၈၈၉၄၉၉၃၀ | ၀၉ ၇၈၈၉၄၉၉၄၀ |
| ၈ | ဇောမိကုန်းအမြန်လမ်းမကြီးရဲစခန်း | အုတ်တွင်း | ၁၃၇/၆ | ၁၂၀/၀ | ၁၄၅/၁ | ၀၉ ၄၂၀၈၈၈၈၁၁ | ၀၉ ၉၇၁၀၆၁၃၁၈ | ၀၉ ၇၈၄၈၇၄၆၉၆ |
| ၉ | ဒီးပင်သာအမြန်လမ်းမကြီးရဲစခန်း | တောင်ငူ | ၁၄၆/၄ | ၁၄၅/၁ | ၁၆၂/၂ | ၀၉ ၄၂၀၈၈၈၈၄၇ | ၀၉ ၇၈၉၈၈၃၉၇၇ | ၀၉ ၉၆၃၀၁၈၅၇၈ |
| ၁၀ | သာဂရအမြန်လမ်းမကြီးရဲစခန်း | ရေတာရှည် | ၁၇၃/၆ | ၁၆၂/၂ | ၁၈၅/၂ | ၀၉ ၄၂၀၈၈၈၈၁၂ | ၀၉ ၇၈၂၅၇၇၀၇၄ | ၀၉ ၆၃၀၁၃၂၄ |
| ၁၁ | ပလွေးအမြန်လမ်းမကြီးရဲစခန်း | ဒက္ခိဏသီရိ | ၂၀၁/၅ | ၁၈၅/၂ | ၂၀၅/၀ | ၀၉ ၄၂၀၈၈၈၈၆၀ | ၀၉ ၉၇၇၀၁၀၆၆၈ | ၀၉ ၇၈၄၁၃၂၆၃၃ |
| ၁၂ | ပန်းတင်အမြန်လမ်းမကြီးရဲစခန်း | ဥတ္တရသီရိ | ၂၂၀/၃ | ၂၀၅/၀ | ၂၂၇/၀ | ၀၉ ၄၂၀၈၈၈၈၁၄ | ၀၉ ၉၇၆၃၀၆၈၇၆ | ၀၉ ၇၈၄၁၃၀၈၄၇ |
| ၁၃ | ဘုရားတောင်အမြန်လမ်းမကြီးရဲစခန်း | တပ်ကုန်း | ၂၃၃/၇ | ၂၂၇/၀ | ၂၄၂/၂ | ၀၉ ၄၂၀၈၈၈၈၁၅ | ၀၉ ၇၈၂၂၆၃၈၅ | ၀၉ ၉၇၉၀၃၃၅၇၄ |
| ၁၄ | ပေပင်လေးအမြန်လမ်းမကြီးရဲစခန်း | ပျော်ဘွယ် | ၂၆၂/၃ | ၂၄၂/၂ | ၂၇၆/၂ | ၀၉ ၄၂၀၈၈၈၈၁၆ | ၀၉ ၇၉၉၀၀၀၃၄၅ | ၀၉ ၉၇၂၁၅၀၀၁၀ |
| ၁၅ | သီးကုန်းအမြန်လမ်းမကြီးရဲစခန်း | မိတ္ထီလာ | ၂၈၄/၄ | ၂၇၆/၂ | ၃၀၇/၂ | ၀၉ ၄၂၀၈၈၈၈၁၇ | ၀၉ ၇၈၄၀၉၃၆၃၉ | ၀၉ ၇၈၄၁၀၄၉၇၇ |
| ၁၆ | ပြင်စည်အမြန်လမ်းမကြီးရဲစခန်း | နွားထိုးကြီး | ၃၂၅/၄ | ၃၀၇/၂ | ၃၃၁/၆ | ၀၉ ၄၂၀၈၈၈၈၁၉ | ၀၉ ၇၈၁၄၁၂၆၄၈ | ၀၉ ၉၆၃၁၀၀၅၀၈ |
| ၁၇ | စကားအင်းအမြန်လမ်းမကြီးရဲစခန်း | တံတားဦး | ၃၅၂/၂ | ၃၃၁/၆ | ၃၅၈/၁ | ၀၉ ၄၂၀၈၈၈၈၂၀ | ၀၉ ၄၂၀၈၈၈၈၆၉ | ၀၉ ၄၂၀၈၈၈၈၇၀ |

# ထိုင်းနိုင်ငံ ပြည်နယ်ခြောက်ခုတွင် မိုးခေါင်ရေရှားမှုများ စတင်ရင်ဆိုင်နေရ

**ဘန်ကောက် ဇန်နဝါရီ ၁၉**

ထိုင်းနိုင်ငံ၏ ပြည်နယ်ခြောက်ပြည်နယ်၌ မိုးခေါင်ရေရှားမှု ဖြစ်စဉ်များအား စတင်ခံစားနေရပြီဟု ဇန်နဝါရီ ၁၈ ရက်နေ့ထုတ် The Nation သတင်းစာတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

အဆိုပါ ပြည်နယ်ခြောက်ပြည်နယ်မှာ Saraburi and Pathum Thani, စင်ဘူရီ၊ အန်ထောင်၊ ချိုင်းနက်၊ အယုဓရ၊ စလဘူရီနှင့် ပထုံဌာနီတို့ဖြစ်ကြောင်း၊ အဆိုပါပြည်နယ်များတွင် ရေခန်းခြောက်မှုများ ရင်ဆိုင်နေရပြီး လယ်မြေများ ခြောက်သွေ့ပြီး နှစ်ပေါင်း ၂၀ အတွင်း အဆိုးရွားဆုံး အနေအထားအဖြစ် ရင်ဆိုင်နေကြရကြောင်း၊ ထို့ထက်ဆိုးရွားသည်မှာ ကားလမ်းမပေါ်တွင် အက်ကြောင်းကြီးများပေါ်လာခြင်း၊ မြေများပြိုဆင်းနေခြင်းစသည့် ဖြစ်ရပ်များသည် လာမည့်နွေရာသီတွင် ရင်ဆိုင်ရမည့် ရှေးပြေးလက္ခဏာရပ်များဖြစ်နိုင်ကြောင်း အဆိုပါပြည်နယ်များမှ လယ်သမားများက ပြောဆိုနေကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# မိုးညှင်းခရိုင် တရားရုံးအမှုတွဲခန်း အဆောက်အအုံဖွင့်

**မြစ်ကြီးနား ဇန်နဝါရီ ၁၉**

ကချင်ပြည်နယ် မိုးညှင်းခရိုင် တရားရုံးအမှုတွဲခန်း အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁၆ ရက်က အရှေ့စုရပ်ကွက် (၄)လမ်းရှိ အဆိုပါ အဆောက်အအုံသစ်၌ ကျင်းပရာ မိုးညှင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုး၊ ခရိုင်တရားသူကြီး ဦးစောထွန်းနှင့် မိုးညှင်းမြို့နယ်တရားသူကြီး ဦးအောင်မင်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ကချင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာ၊ ပြည်နယ်ဥပဒေချုပ် ဒေါ်မေရီမီနန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီး ဒေါ်ပြုံးပြုံးအေးနှင့် ခရိုင်/မြို့နယ်တရားသူကြီးများနှင့် ရုံးဝန်ထမ်း ၁၀၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**မိုယ်းကျ(မြစ်ကြီးနား)**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၀ - ၁ - ၂၀၁၆ (ဗုဒ္ဓဟူးနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
၆း၂၀ ပြည်သူ့နီတိ
"ရေမြင့်သည့်ကြာပဒုမ္မာသို့"
၆း၄၀ ဝတ်စားဆင်ယင်မှုပြပွဲ
၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ
"မကြွေတဲ့နှင်းဆီ"
(အပိုင်း-၄၄)
၇း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ
"မင်္ဂလာပါဝင်ချီ" (အပိုင်း-၈၃)
၈း၅၅ တေးဂီတအစီအစဉ်
၉း၁၀ ပြည်သူ့နီတိ
"စေတနာရေစီးကမ်းပြို"
-(ညွန့်ဝင်း၊ ထွန်းထွန်းဝင်း၊ နွဲ့နွဲ့မူ၊ ချိုပြုံး) (ဒါရိုက်တာ-မောင်မောင်မြင့်)
၁၂း၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

### MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၄၀ "မြတ်ဗုဒ္ဓသင်ပေးသော ပညာဖြင့် စိတ်ဖိစီးမှုကို လျှော့ချခြင်း" (တတိယပိုင်း)
တရားတော်[အရှင်ဝိလာသဂ္ဂ (သစ္စာရွှေပြည်ဆရာတော်)]
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ်
၈း၀၀ "မင်္ဂလာပါ"The Morning Show
၁၁း၁၅ ဟင်းချက်ရအောင်
၁၁း၄၀ MRTV-4 Stage
၁၂း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"တော်ဝင်သူရွှေမျက်နှာ"
(အပိုင်း-၄၀)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အကြင်နာလက်ကလေး"
(အပိုင်း-၇၈)
၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"မေတ္တာအသည်းမြွာ" (အပိုင်း-၂)
၈း၁၅ ရသစုံညွှန်းတမ်းများ
၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"မျဉ်းပြိုင်ကြားက မေတ္တာများ"
(အပိုင်း-၁၀၁)
၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"တော်ဝင်သူရွှေမျက်နှာ"
(အပိုင်း-၄၁)
၉း၅၀ Noble-Myanmar စာပေပွဲတော် ၂၀၁၆(ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေး) (အပိုင်း-၃)
၁း၀၀ World of Knowledge (Cosmos A Spacetime Odyssey The Immortals)

### News Channel

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း(စွမ်းဆောင်ရည်ပြည့်ဝသော စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦး ဖြစ်လာရန်လိုအပ်ချက်များ) (အပိုင်း-၄)
၈း၃၅ ပြည်သူတို့ရဲ့စကားသံများ
၁၀း၃၅ အောင်မြင်သူနှင့်အတူ (စာရေးဆရာ ချစ်ဦးညိုနှင့်တွေ့ဆုံခြင်း)
၁၁း၃၅ ပညာရေးကဏ္ဍ
၁၂း၅၀ "လူမှန်နေရာမှန်"(အပိုင်း-၃)
၁း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ
"တောင်းတဲ့ဆု"(အပိုင်း-၇၁)
၁း၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ
"ကြယ်စင်ခတဲ့ နှလုံးသား" (အပိုင်း-၅၁)
၂း၃၅ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ (တိမ်တိုက်နှင့် အောင်ထူးကျော်)
၃း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း(စွမ်းဆောင်ရည်ပြည့်ဝသော စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦး ဖြစ်လာရန်လိုအပ်ချက်များ)
(အပိုင်း-၄)
၄း၃၅ Football မဂ္ဂဇင်း
၅း၃၅ နည်းပညာမြင့်ခေတ်ကြီးထဲက ကျွမ်းကျင်လက်မှုပညာရှင်များ
"ဂျပန်တို့၏ ပင်လယ်ရေမှ ဆားဖယ်ထုတ်ခြင်းနည်းပညာ"
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ
"ကြယ်စင်ခတဲ့ နှလုံးသား"
(အပိုင်း- ၅၂)
၈း၀၀ ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၉း၀၀ ပြည်တွင်းသတင်း
- နိုင်ငံခြားဇာတ်လမ်းတွဲ
"တောင်းတဲ့ ဆု"
(အပိုင်း-၇၂)
-မှတ်မှတ်သားသားပုံပြင်များ
"အတုံ့အလှည့်"
-ဂီတသမား၊ ဂီတစကား
"တေးပြုစာဆို၏ တိမ်တမာန်"
(အပိုင်း-၂)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### မြဝတီ

၆း၀၃ တရားတော်
၆း၁၆ မေတ္တာပို့
၆း၂၀ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၀ မျိုးချစ်တပ်မတော်
၆း၃၅ မှတ်တမ်း
၆း၄၅ မြန်မာသံစဉ်ချိုနားဝင်
၇း၁၀ အမျိုးသားရေးတေးကဗျာ
၇း၂၅ သင့်အတွက်တစ်နေ့တာ
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၀ အမျိုးသားရေးတေးကဗျာ
၈း၁၅ မွေးမြူသုတ
၈း၃၀ DVD Hits
၈း၃၅ ဇာတ်လမ်းတို
၈း၄၅ မြဝတီနေ့စဉ်သတင်း
၈း၅၀ သူနှင့်သူ၏သီချင်းများ
၉း၀၀ စာပေအလင်းစာပေသတင်း
၄း၀၈ မျိုးချစ်တပ်မတော်
၄း၁၅ လျှပ်တစ်ပြက်
၄း၂၅ အမျိုးသားရေးတေးကဗျာ
၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၅ ရွှေဟောင်းသုတ
၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၅ ပန်းကလေးများပွင့်တော့မည်
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- အတိတ်ရဲ့ချစ်ခြင်း
အပိုင်း(၁၀၉)
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၀၆ Amazing Cities
၆း၁၅ Meet Whith The Celebrities
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ရင်နှစ်သီးခြာချစ်လိပ်ပြာ
အပိုင်း(၅၉)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
အမျိုးသားရေးတေးကဗျာ
ဒို့တာဝန်အရေး(၃)ပါး
နိုင်ငံတကာသတင်း
မိုးလေဝသသတင်း
ရယ်စရာပျော်စရာဟာသကဏ္ဍ
ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
မြဝတီရုပ်မြင်သံကြားသတင်း
ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
မောင်မောင်ချစ်သူလေဒီဒီဇိုင်နာ
အပိုင်း(၂၂)

# တရုတ်မှာ ငြင်းပယ်ခံလိုက်ရတဲ့ "Deadpool"

မာဘယ်လ်ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်လိုက်တဲ့ လူစွမ်းကောင်းရုပ်ရှင်အမျိုးအစား ဇာတ်ကားတစ်ကားဖြစ်တဲ့ "Deadpool"ကို တရုတ်နိုင်ငံက ရုပ်ရှင်ရုံတွေမှာရုံတင်ပြသဖို့ရာ ရည်ရွယ်ခဲ့ပေမယ့် တရုတ်နိုင်ငံက ငြင်းဆိုလိုက်ကြောင်း ယူပီအိုင်သတင်းဌာနက ဖော်ပြခဲ့ပါတယ်။

ယင်းရုပ်ရှင်ကို တရုတ်မှာ ဖေဖော်ဝါရီ ၁၂ ရက်မှာ စတင်ရုံတင်သွားဖို့ စီစဉ်ထားခဲ့ပေမယ့် ရုပ်ရှင်ကို ကြည့်ရှုအကဲဖြတ်ခဲ့ကြတဲ့ တာဝန်ရှိသူတွေက ဆင်ဆာနဲ့ပတ်သက်ပြီး ငြင်းဆိုလိုက်တာဖြစ်ပါတယ်။ အဆိုပါရုပ်ရှင်မှာ အကြမ်းဖက်တိုက်ခိုက်မှုတွေ၊ ညစ်ညမ်းတဲ့ ပြကွက်တွေနဲ့ ရုပ်ရှင်ရဲ့ဂရက်ဖစ်ပိုင်းဆိုင်ရာဖန်တီးမှုတွေနဲ့ ပတ်သက်ပြီး လက်မခံနိုင်တဲ့အတွက် နိုင်ငံတွင်းမှာ ရုံတင်ပြသဖို့ရာကို ငြင်းဆိုခဲ့တာဖြစ်ကြောင်း တာဝန်ရှိသူတွေက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။



အဆိုပါ ရုပ်ရှင်မှာပါဝင်တဲ့ ဆင်ဆာထိတဲ့အခန်းတွေကို ဖြတ်ကာပြသဖို့ကြိုးစားခဲ့ပေမယ့်လည်း အဲဒီလိုဖြတ်တောက်ပြသလိုက်ပါက ရုပ်ရှင်ရဲ့ ဇာတ်အိမ်အပေါ် ထိခိုက်နိုင်တဲ့အခြေအနေမို့ မဖြစ်နိုင်ခဲ့ဘူးလို့လည်း သယ်ဟောလိဝုဒ်ရက်ပေါ်တာသတင်းစာက ဖော်ပြခဲ့ပါတယ်။

"Deadpool"ကို ဒါရိုက်တာ တင်မ်မေလာက ရိုက်ကူးခဲ့ပြီး ခေါင်းဆောင်မင်းသားအဖြစ် ရိုင်ယန်ရေးနိုးလ်က ပါဝင်သရုပ်ဆောင်ထားကာ မော်ရန်နာဘတ်ကာရင်နဲ့ ဘရီယန်နာဟဲဒီဘရန်းဒ်တို့လည်း ပါဝင်အားဖြည့်ထားကြပါတယ်။

# "Eagles" တေးဂီတအဖွဲ့ဝင် ဂလန်းဖရေး ကွယ်လွန်



အမေရိကန်နာမည်ကျော် ရော့ခ်တေးဂီတ အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Eagles" တေးဂီတအဖွဲ့မှ အဆိုတော်တစ်ဦးလည်းဖြစ်၊ ဂီတာပညာရှင်တစ်ဦးလည်းဖြစ်သူ ဂလန်းဖရေးဟာ အူလမ်းကြောင်းဆိုင်ရာရောဂါတွေနဲ့ သေဆုံးသွားခဲ့ကြောင်း သူ့ရဲ့မိသားစုဝင်တွေက ဇန်နဝါရီ ၁၈ ရက်မှာ အတည်ပြုပြောကြားခဲ့တာကို ဟောလိဝုဒ်မီဒီယာတွေက ဖော်ပြခဲ့ကြပါတယ်။

ဖရေးဟာ ယင်းအူလမ်းကြောင်းနဲ့ပတ်သက်တဲ့ ရောဂါဝေဒနာကို နှစ်ပေါင်းများစွာခံစားခဲ့ရပြီး ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်းက ခွဲစိတ်ကုသမှုခံယူခဲ့ရပါသေးတယ်။ သူကွယ်လွန်သွားချိန်မှာတော့ အသက် (၆၇)နှစ်ရှိပါပြီ။

မကွယ်လွန်မီက ဖရေးဟာ အဖွဲ့အတွက်အောင်မြင်မှုတွေကို ယူဆောင်လာပေးနိုင်ခဲ့တဲ့ တေးသီချင်းများစွာကိုလည်း ဖန်တီးရေးသားခဲ့သူဖြစ်ပါတယ်။ သူရေးသားတဲ့တေးသီချင်းတွေထဲက အလွန်ကျော်ကြားခဲ့တဲ့တေးသီချင်းနှစ်ပုဒ်ကတော့ "Hotel California"နဲ့ "Desperado"တို့ပဲ ဖြစ်ပါတယ်။ ယင်းတေးသီချင်းနှစ်ပုဒ်အနက် "Hotel California"ဟာ အမေရိကန်ရဲ့ အကောင်းဆုံးသော ရော့ခ်တေးသီချင်းတွေထဲကတစ်ပုဒ်ဖြစ်ကာ ရိုးလင်းစတုန်း မဂ္ဂဇင်းကြီးက ရွေးချယ်ခဲ့တဲ့ တစ်သက်တာအကောင်းဆုံးတေးသီချင်း ၅၀ စာရင်းမှာ ပါဝင်ခဲ့တဲ့ တေးသီချင်းတစ်ပုဒ်လည်း ဖြစ်ပါတယ်။

**အေးပြည့် – ခုစည်းသည်**

# အရက်သောက်ပြီး ဖျော်ဖြေခဲ့တာမဟုတ်ပါဘူးလို့ မက်ဒေါနားငြင်းဆို



အမေရိကန်ပေါ့ပ်အဆိုတော်တစ်ဦးဖြစ်သူ မက်ဒေါနားဟာ ပြီးခဲ့တဲ့စနေနေ့က ဖျော်ဖြေခဲ့တဲ့ သူ့ရဲ့နောက်ဆုံးထွက်ရှိထားတဲ့ "Rebel Heart" တေးအယ်လ်ဘမ်အတွက် နယ်လှည့်ဖျော်ဖြေပွဲမှာ အရက်သောက်ထားခဲ့ပြီးမှ ဖျော်ဖြေခဲ့တယ်လို့ မီဒီယာတွေရဲ့ စွပ်စွဲပြောဆိုခဲ့မှုအပေါ် မက်ဒေါနားက သူ့အနေနဲ့ အဲဒီဖျော်ဖြေပွဲမှာ အရက်သေစာသောက်စားဖျော်ဖြေခဲ့ခြင်းမရှိကြောင်း ပြန်လည်ငြင်းဆိုလိုက်ပါတယ်။

အဆိုပါဖျော်ဖြေပွဲမှာ မက်ဒေါနားဟာ ပွဲကျင်းပရမယ့်အချိန်ထက် နှစ်နာရီကျော်နောက်ကျပြီးမှ ဖျော်ဖြေခဲ့ပါတယ်။ ဒါ့အပြင် ဖျော်ဖြေပွဲကို ကြည့်ရှုခဲ့ကြတဲ့ မက်ဒေါနားရဲ့ပရိသတ်တွေက သူဟာဖျော်ဖြေနေစဉ်အတွင်း သီချင်းစာသားတွေကို မေ့နေခဲ့ကြောင်းနဲ့ သူ့ကိုကြည့်ရသည်မှာ အရက်သောက်ထားတဲ့ပုံပေါ်နေကြောင်းလည်း လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ဖော်ပြခဲ့ကြပါတယ်။

အဲဒီစွပ်စွဲချက်တွေအပေါ် မက်ဒေါနားက "ကျွန်မဘယ်တုန်းကမှ အရက်သောက်ပြီးဖျော်ဖြေခဲ့တာမရှိပါဘူး။ ယခုတစ်ကြိမ်ဖျော်ဖြေပွဲမှာလည်း နှစ်နာရီနဲ့ ဆယ့်ငါးမိနစ်ကြာအောင် ဆက်တိုက်သီချင်းတွေဆိုခဲ့တယ်။ ကခဲ့တယ်"လို့ သူ့ရဲ့အင်စတာဂရမ်စာမျက်နှာကနေတစ်ဆင့် ပြန်လည်တုံ့ပြန်ခဲ့ပါတယ်။

မက်ဒေါနားဟာလတ်တလောမှာ သူ့ရဲ့နောက်ဆုံးထွက်ရှိခဲ့တဲ့ တေးအယ်လ်ဘမ် "Rebel Heart" အတွက် နယ်လှည့်ဖျော်ဖြေပွဲတွေကို အမေရိကန်နိုင်ငံတစ်ဝန်းမှာ ပြုလုပ်လျက်ရှိပြီး မတ်လမှစတင်ကာ ဩစတြေးလျမှာ ဖျော်ဖြေသွားဖို့စီစဉ်ထားကြောင်း သိရပါတယ်။



# ရာသီဝက်တွင် မန်နေဂျာထုတ်ပယ်ခံရမှု ၂၉ ဦးအထိရှိလာတဲ့အင်္ဂလန်ဘောလုံးလောက

ယခုဘောလုံးရာသီ တစ်ဝက်ကျိုးချိန် အင်္ဂလန်ရှိ ထိပ်တန်းလိဂ်လေးခုတွင် ဘောလုံးနည်းပြများအဖြစ် တာဝန်ယူထားသူမန်နေဂျာများ ထုတ်ပယ်ခံရမှုမှာ ၂၉ ဦး အထိရှိလာခဲ့ပြီဖြစ်ကြောင်း လိဂ်မန်နေဂျာများအသင်း (LMA) ၏ ထုတ်ပြန်ချက်ကို ကိုးကား၍ ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၂၀၁၅ ခုနှစ် ဇွန် ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အတွင်း အင်္ဂလန်ရှိ လိဂ်အသင်းပေါင်း ၉၂ သင်းမှ နည်းပြ၂၉ ဦး ထုတ်ပယ်ခံခဲ့ရပြီးဖြစ်သည်။ ပရီမီယာလိဂ်နည်းပြများဖြစ်သော ဘရန်ဒန်ရော်ဂျာ၊ တင်မ်ရှားဝုဒ်နှင့် အက်ဗိုကတ်တို့ ထုတ်ပယ်ခံခဲ့ရသလို ချန်ပီယံရှစ်နည်းပြ ၁၀ ဦးမှာလည်း ထုတ်ပယ်ခံခဲ့ရသည်။ ၂၀၀၁-၂၀၀၂ ဘောလုံးရာသီ တစ်ခုလုံးတွင် နည်းပြ ၅၃ ဦးအထိ ထုတ်ပယ်ခံခဲ့ရပြီး ယခုထိနည်းပြထုတ်ပယ်ခံရမှု အများဆုံးရာသီအဖြစ် စံချိန်တင်ထားခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့ ဒီကိစ္စရပ်အပေါ် အသေးစိတ်ကျကျ ထုတ်ပြန်သွားမှာဖြစ်ပါတယ်။ ဒါကအရေးကြီးတဲ့ ကိစ္စရပ်ပါ။ အခုဆို ဘောလုံးလောကမှာ ယှဉ်ပြိုင်မှုတွေများလာသလို ငွေရေးကြေးရေး အကျိုးခံစားခွင့်ကလည်း များလာတာကြောင့် မန်နေဂျာတွေရဲ့ သက်တမ်းရှည်ကြာဖို့က မလွယ်တော့ဘူး"ဟု LMA အမှုဆောင်အရာရှိချုပ် ရစ်ချက်ဘီဘန်က ပြောကြားခဲ့သည်။

ပရီမီယာလိဂ်တွင် နည်းပြထုတ်ပယ်ခံရမှု မကြာခဏ တွေ့နေရသကဲ့သို့ ချန်ပီယံရှစ်အသင်းများဖြစ်သော ဘလက်ဘန်း၊ ဘရက်ဖို့ဒ်၊ ဘရစ္စတိုး၊ ချာလ်တန်၊ ဖူလ်ဟမ်တို့အပြင် ကျူပီအာ၊ လိဒ်၊ ဟက်ဒါဖီး၊ ရက်ဒင်း၊ ရိုတာဟန်တို့တွင် နည်းပြ အပြောင်းအလဲပြုလုပ်ခဲ့ကြပြီးဖြစ်သည်။ လက်ရှိ နည်းပြထဲတွင် အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက လုပ်သက် ၁၉ ဒသမ ၂၆ နှစ်ဖြင့် သက်တမ်းအရှည်ကြာဆုံး နည်းပြအဖြစ်ရပ်တည်လျက်ရှိပြီး အက်စီတာစီးတီးနည်းပြ ပေါလ်တစ်ဒေးလ်က လုပ်သက် ၉ ဒသမ ၅၂ နှစ်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နေသည်။

ပြီးခဲ့သည့် လေးရက်အတွင်း စတိဗ်ကော်တီရေး၊ အီယန်ဟန်ဒန်နှင့် မာ့ခ်ရော်ဘင်စ်တို့လည်း ထပ်မံ ထုတ်ပယ်ခံခဲ့ရသဖြင့် ယခုဇန်နဝါရီလအတွင်းမှာပင် ငါးဦးထက်မနည်း ထုတ်ပယ်ခံခဲ့ရပြီးဖြစ်သည်။ ထို့ကြောင့် ယခုနှစ်ဘောလုံးရာသီမှာ နည်းပြထုတ်ပယ်ခံရမှု စံချိန်တင် ရာသီဖြစ်လာရန် အလားအလာများလာခဲ့ပြီဖြစ်သည်။

မေလဲ့သင်း - စုစည်းသည်

## အာဆင်နယ်၌ အိုဇေးလ်နှင့် ဆန်းချက်ဇ်တို့ ပြန်လည်ဝင်ရောက်ကစားမည်

ဇန်နဝါရီ ၂၄ ရက်တွင် ယှဉ်ပြိုင်ကစားမည့် အာဆင်နယ်နှင့် ချယ်လ်ဆီးတို့၏ ပရီမီယာလိဂ်ပွဲစဉ် ၂၃ တွင် အာဆင်နယ်၌ အိုဇေးလ်နှင့် ဆန်းချက်ဇ်တို့နှစ်ဦးလုံး ပြန်လည်ပါဝင်နိုင်ရန်သေချာနေသလို ချယ်လ်ဆီးအတွက်လည်း အေဒင်ဟာဇက် ဝင်ရောက်ကစားပေးနိုင်မည်ဖြစ်ကြောင်း မေးလ်အွန်လိုင်းသတင်းဌာနက ဖော်ပြသည်။ အိုဇေးလ်နှင့် ဆန်းချက်ဇ်တို့နှစ်ဦးစလုံးသည် စတုတ်စီးတီးအား ရင်ဆိုင်ခဲ့သည့် ပွဲစဉ်တွင် ဝင်ရောက်ကစားနိုင်ခြင်းမရှိခဲ့ပေ။

အာဆင်နယ်တွင် ဒဏ်ရာရကစားသမားများ များပြားနေပြီး ရိုဆက်စကီး၊ ကိုကွာလင်၊ ဝဲလ်ဘတ်နှင့် ဝီရှိုင်းယားတို့မှာမူ လာမည့်ဖေဖော်ဝါရီလမှသာ ပြန်လည်ကစားပေးနိုင်မည်ဖြစ်သည်။ အိုဇေးလ်မှာ ခြေချောင်း ဒဏ်ရာကြောင့် စတုတ်နှင့် ပွဲအားလွဲချော်ခဲ့ပြီး ဆန်းချက်ဇ်မှာမူ ပြီးခဲ့သည့်နိုဝင်ဘာလကတည်းက အနားယူနေခဲ့ရသူဖြစ်သည်။ ထို့ကြောင့် အိုဇေးလ်နှင့် ဆန်းချက်ဇ်တို့နှစ်ဦးလုံး ယင်းပွဲစဉ်တွင် ပြန်လည်ဝင်ရောက်ကစားပေးနိုင်မည်ဆိုသည်မှာ အာဆင်နယ်ပရိသတ်များအတွက် သတင်းကောင်းပင်ဖြစ်သည်။ **(မေလဲ့သင်း)**

## ကားမတော်တဆမှုဖြစ်ခဲ့သော်လည်း ဆာခို ဒဏ်ရာမရရှိ

ဝက်စ်ဟမ်းတိုက်စစ်မှူး ဆာခိုမှာ ဇန်နဝါရီ ၁၈ ရက်တွင် အသေးစားကားမတော်တဆမှု တစ်ရပ်ဖြစ်ခဲ့သော်လည်း ဒဏ်ရာပြဿနာထပ်မံမကြုံတွေ့ခဲ့ရကြောင်း သူ၏တွစ်တာစာမျက်နှာမှတစ်ဆင့်အတည်ပြုခဲ့သည်။ တွစ်တာစာမျက်နှာပေါ်တွင် "ခင်ဗျားတို့ပေးပို့ကြတဲ့ စာတွေ(မက်ဆေ့ချ်) အတွက်ကျေးဇူးတင်ပါတယ်။ မနေ့ညနေ( ဇန်နဝါရီ ၁၈ ရက် ညနေ)ကဖြစ်ခဲ့တဲ့ အသေးစား ကားမတော်တဆဖြစ်မှုမှာ ဘာဖြစ်သွားသေးသလဲဆိုပြီး စိတ်ပူပြီးမေးမြန်းကြတာကိုပေါ့။ ဘယ်သူတစ်ဦးတစ်ယောက်မှ ထိခိုက်ခဲ့တာမရှိခဲ့ပါဘူး။ ကျေးဇူးတင်ပါတယ်" ဟု ရေးသားခဲ့ခြင်းဖြစ်သည်။

ဆာခိုမှာ ပေါင်ဒဏ်ရာကြောင့် ပြီးခဲ့သည့် ဒီဇင်ဘာလကတည်းက ကလပ်အသင်းအတွက် ဝင်ရောက်ကစားပေးနိုင်ခြင်းမရှိခဲ့သလို အနည်းဆုံးနှစ်လခန့် ထပ်မံအနားယူရဦးမည်ဖြစ်သည်။ ထို့ကြောင့် ဆာခိုအနေဖြင့် ကားမတော်တစ်ဆမှုကြုံတွေ့ခဲ့သော်လည်း ဒဏ်ရာတစ်စုံတစ်ရာ ထပ်မံမရရှိခြင်းမှာ ကံကောင်းမှုပင်ဖြစ်သည်။ ဝက်စ်ဟမ်းအသင်းသည် ပြီးခဲ့သည့် ဇန်နဝါရီ ၁၆ ရက်က ကစားခဲ့သောပွဲစဉ်တွင် နယူးကာဆယ်အား နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သော်လည်း အမှတ်ပေးဇယား အဆင့်(၆)နေရာတွင် ရပ်တည်နေဆဲဖြစ်သည်။ **(မေလဲ့သင်း)**

## ဆွစ်ဇာလန်နောက်ခံလူ ကလိုဆေးအား နော့ဝှစ်ချ်အသင်းခေါ်ယူ

နော့ဝှစ်ချ်အသင်းသည် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဝုလ်ဖ်ဘတ်အသင်းမှ ဆွစ်ဇာလန်နောက်တန်းကစားသမား တင်ကလိုဆေးအား စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်သည်။ အသက်(၂၇)နှစ်အရွယ်ရှိ ကလိုဆေးသည် ဘွန်ဒက်လီဂါကလပ်ဝုလ်ဖ်ဘတ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ်တွင် ပွဲပေါင်း ၃၉ ပွဲပါဝင်ကစားပေးခဲ့ပြီးနောက် နော့ဝှစ်ချ်အသင်းသို့ သုံးနှစ်ခွဲသက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုကာ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

နော့ဝှစ်ချ်အသင်းသည် ယခုဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် မက်ဂျာဗစ်၊ အိုင်ဗိုပင်တို၊ ဘင်ဂေ့ါဖရေးတို့ကို ခေါ်ယူစာချုပ်ထားခဲ့ပြီးဖြစ်သောကြောင့် နောက်ခံလူကလိုဆေးသည် နော့ဝှစ်ချ်အသင်းအတွက် လေးဦးမြောက်ခေါ်ယူခဲ့သည့် ကစားသမားဖြစ်လာခဲ့သည်။ဗဟိုနောက်ခံလူ ကလိုဆေးသည် ဒီဇင်ဘာလအတွင်းက ဝုလ်ဖ်ဘတ်အသင်းက မန်ယူအသင်းအား သုံးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ဝုလ်ဖ်ဘတ်အသင်းအတွက် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့သည့်အပြင် ယူရို ၂၀၁၆ ခြေစစ်ပွဲအဖြစ် အင်္ဂလန်အသင်းနှင့် ဆွစ်ဇာလန်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင်လည်း အကောင်းဆုံးပါဝင်ကစားနိုင်ခဲ့သည်။

ကလိုဆေးသည် ပရီမီယာလိဂ်ကလပ်အသင်းတစ်ခုတွင် ကစားရန် ကစားသမားဘဝစတင်ကတည်းက ဆန္ဒရှိခဲ့သူဖြစ်ပြီး နော့ဝှစ်ချ်အသင်းက ခေါ်ယူလိုက်ခြင်းကြောင့် သူ၏အိပ်မက်ကို အကောင်အထည်ဖော်လိုက်ခြင်းပင်ဖြစ်ကြောင်း ကလိုဆေးက ပြောကြားခဲ့သည်။ **(ငွေကြယ်)**

## မာလာဂါ-ဘာစီလိုနာ၊ အက်သလက်တီကို-ဆီဗီလာပွဲစဉ်တွေကြောင့် ပရိသတ်အာရုံကို လှုပ်နိုးနိုင်မယ့်

### စပိန်လာလီဂါရင်ခုန်သံ – ၂၁

*စပိန်လီဂါပွဲစဉ်(၂၁)ကိုလာမယ့် ဇန်နဝါရီ ၂၃၊ ၂၄၊ ၂၅၊ ၂၆ ရက် တွေမှာကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ အက်သလက်တီကိုနဲ့ဆီဗီလာ၊ မာလာဂါနဲ့ ဘာစီလိုနာစတဲ့ ပွဲကောင်းတွေပါဝင်နေပြီး ဘယ်လိုရလဒ်တွေထွက်ပေါ်လာဦးမလဲဆိုတာ ဆက်လက်လေ့လာချင်စရာကောင်းနေသလို ရီးယဲလ်မက်ဒရစ်အနေနဲ့လည်း နိုင်ပွဲရယူနိုင်မလား ဆိုတာ စိတ်ဝင်စားဖို့ကောင်းပါတယ်။*

ရှိုင်းမင်းမင်း



၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၇ ရက်က ကစားခဲ့သည့် လာလီဂါ ပွဲစဉ်မှ အက်သလက်တီကိုနှင့် ဆီဗီလာတို့ ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။

**ဂီဂျွန်-ဆိုစီဒက် နံနက် ၂း၀၀ (၂၃-၁-၁၆)**

ပထမအကျော့ဆိုစီဒက်အိမ်ကွင်းမှာ သရေကျခဲ့ပေမယ့် လက်ရှိခြေစွမ်းမှာ ဆိုစီဒက်က အသာရနေပါတယ်။ အဝေးကွင်းဖြစ်ပေမယ့်လည်း ဆိုစီဒက်တို့နိုင်ပွဲရသွားနိုင်ပါတယ်။

**မာလာဂါ-ဘာစီလိုနာ ည ၉း၃၀ (၂၃-၁-၁၆)**

မာလာဂါရဲ့ အသင်းလိုက်စုဖွဲ့မှုအားကောင်းခြင်းက ဘာစီလိုနာကို အခက်တွေ့စေဖို့ရှိနေပါတယ်။ ပထမအကျော့မှာလည်း ဘာစီလိုနာတို့ ဂိုးမပြတ်ဘဲ နိုင်ပွဲရထားခဲ့ပါတယ်။ အခုပွဲကလည်း မာလာဂါ အိမ်ကွင်းဖြစ်နေလို့ ဘာစီလိုနာတို့ အခက်အခဲနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ ဘာစီလိုနာအနိုင်ရနိုင်ပေမယ့် မာလာဂါရဲ့ ခံကစားအားကြောင့် ဂိုးမပြတ်နိုင်ဘူး။

**ဒီပို့တီဗို-ဗလင်စီယာ ည ၁၁း၄၅ (၂၃-၁-၁၆)**

ဒီပို့တီဗိုအသင်းဟာ ခြေစွမ်းထက်မြက်တဲ့အသင်းဖြစ်ပြီး တိုက်စစ်ကစားပုံကောင်းမွန်တဲ့အသင်းဖြစ်တယ်။ ဒီပို့တီဗိုရဲ့ အဓိကအားနည်းချက်က ခံစစ်ပိုင်းသာဖြစ်တယ်။ ဒီပို့တီ ဗိုကသာ နှစ်ဂိုး-တစ်ဂိုးလောက်နဲ့ကပ်ပြီး နိုင်ပွဲရသွားဖို့ ရှိနေပါတယ်။

**ဂရန်နာဒါ -ဂီတာဖေး နံနက် ၂း၀၀ (၂၄-၁-၁၆)**

လက်ရှိခြေစွမ်းပိုင်းအရ ဂီတာဖေးအသင်းဟာ ဂရန်နာဒါထက် အနည်းငယ်ပိုကောင်းနေတယ်လို့ ဆိုနိုင်ပါတယ်။ ဂီတာဖေးအသင်းဟာ တိုက်စစ်ထက်မြက်တဲ့ အသင်းဖြစ်ပေမယ့် ခံစစ်ပိုင်းကတော့ အားနည်းမှုတွေ ရှိနေတယ်။ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းပွဲမှာ ဆီဗီလာကိုတောင် အနိုင်ကစားခဲ့တဲ့ ဂရန်နာဒါတို့ အခုပွဲမှာလည်း နိုင်ပွဲရသွားမှာပါ။

**ဗယ်လက်ကာနို-ဆယ်လ်တာဗီဂို နံနက် ၃း၁၅ (၂၄-၁-၁၆)**

ဗယ်လက်ကာနိုရဲ့ လက်ရှိခြေစွမ်းကတည်ငြိမ်မှု မရှိသေးပါဘူး။ အိမ်ကွင်းအားနဲ့ ဆယ်လ်တာဗီဂိုကိုအနိုင်ကစားဖို့ ပြင်ဆင်လာမှာဖြစ်ပေမယ့်လည်း ခံစစ်ပိုင်း အားနည်းမှုတွေကြောင့် အခက်တွေ့နိုင်ပါတယ်။ ဂိုးအပြန်အလှန်သွင်းမယ့်ပွဲဖြစ်လာနိုင်ပြီး ဆယ်လ်တာဗီဂိုကသာ ကပ်ပြီးနိုင်ပွဲရသွားနိုင်ပါတယ်။

**ဘီဘာအို-အီဘား ညနေ ၅း၃၀ (၂၄-၁-၁၆)**

ဘီဘာအိုဟာ အသင်းလိုက်ကစားပုံကောင်းမွန်တဲ့ အသင်းဖြစ်ပြီး အိမ်ကွင်းကစားအားကောင်းတဲ့အသင်း ဖြစ်ပါတယ်။ အီဘားအသင်းကလည်း ကစားပုံမာကျောတဲ့အသင်းဖြစ်ပြီး အသင်းကြီးတွေကို ပြန်လည်ဖိအားပေးကစားနိုင်တဲ့အသင်းဖြစ်ပါတယ်။ ဒီပွဲမှာလည်း သရေကျသွားနိုင်ပါတယ်။

**အက်သလက်တီကို-ဆီဗီလာ ည ၉း၃၀ (၂၄-၁-၁၆)**

အက်သလက်တီကိုဟာ အခုလိုပွဲစဉ်မျိုးကို ရလဒ်ကောင်းအောင် အထူးပြင်ဆင်လာမှာသေချာပါတယ်။ ဒါ့အပြင်အခုပွဲက အိမ်ကွင်းပွဲစဉ်ဖြစ်နေလို့ အက်သလက်တီကိုကသာ ပိုမိုဖိအားပေးကစားသွားနိုင်ဖို့ရှိနေပါတယ်။ ကစားပုံပိုမိုကျစ်လျစ်တဲ့ အက်သလက်တီကိုတို့ ကပ်ပြီးနိုင်ပွဲရသွားနိုင်ပါတယ်။

**အက်စ်ပန်ညို-ဗီလာရီးယဲလ် ည ၁၁း၄၅ (၂၄-၁-၁၆)**

ပထမအကျော့ကစားခဲ့စဉ်ကလည်း ဗီလာရီးယဲလ်တို့ ဂိုးပြတ်နိုင်ပွဲရရှိထားခဲ့ပါတယ်။ အက်စ်ပန်ညိုရဲ့ အဝေးကွင်းခြေစွမ်းက အားရစရာမရှိပါဘူး။ ဗီလာရီးယဲလ်တို့အိမ်ကွင်းမှာ နှစ်ဂိုးပြတ်နဲ့ ဂိုးပြတ်နိုင်ပွဲရရှိဦးမှာဖြစ်တယ်။

**ဘက်တစ်-ရီးယဲလ် နံနက် ၂း၀၀ (၂၅-၁-၁၆)**

ရီးယဲလ်မက်ဒရစ် အသင်းကတော့ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်နေပြီး တိုက်စစ်ပိုင်းကလည်း ထက်မြက်လာဖို့သာရှိနေပါတယ်။ ခြေစွမ်းကွာဟနေတာကြောင့် ရီးယဲလ်တို့ အဝေးကွင်းဖြစ်နေပေမယ့်လည်း အနည်းဆုံးသုံးဂိုးပြတ်လောက်နဲ့နိုင်ဦးမှာပါ။

**လီဗန်တေး -လက်ပဲလ်မက်စ် နံနက် ၂း၀၀ (၂၆-၁-၁၆)**

လီဗန်တေးအသင်းဟာ တန်းဆင်းဇုန်အတွင်းကနေလွတ်မြောက်နိုင်ဖို့ အခုလိုအိမ်ကွင်းပွဲစဉ်မျိုးမှာ ရုန်းကန်ကစားဖို့ရှိနေပါတယ်။ လက်ပဲလ်မက်စ်ကခြေစွမ်းကောင်းတဲ့အသင်းဖြစ်ပေမယ့် အဝေးကွင်းပွဲစဉ်တွေမှာခြေစွမ်းအနည်းငယ်ကျဆင်းတတ်ပါတယ်။ ဒါကြောင့် အိမ်ရှင်အားနဲ့ ခြေကုန်ထုတ်ကစားမယ့် လီဗန်တေးကသာ ကပ်အနိုင်ရနိုင်တယ်။

# ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

## ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇ ။)**

**၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) **ရွေးကောက်ပွဲ** ဆိုသည်မှာ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲကို ဆိုသည်။ ယင်းစကားရပ်တွင် လွှတ်တော်ပုံမှန်သက်တမ်းအတွင်း အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်များအတွက် ကော်မရှင်က အခါအားလျော်စွာ သတ်မှတ်ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲလည်း ပါဝင်သည်။"

၃။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၈၊ ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်း အစားထိုး၍ မူလပုဒ်မခွဲ (ခ) ကို ပုဒ်မခွဲ (ဂ) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်-

"၆၈။ (က) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို ယှဉ်ပြိုင်အရွေးခံသော မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကို ဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို မည်သည့်မဲဆန္ဒရှင်ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့်ကိစ္စရပ်များမှအပ ယင်းမဲဆန္ဒနယ်အတွက် ကျင်းပခဲ့သော ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတမှုမရှိကြောင်း အကြောင်းပြ၍ ကန့်ကွက်လိုလျှင် ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကိုဖော်ပြပြီး ကော်မရှင်သို့သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။"

၄။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈၈။ (က) နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုဖြင့်ဖြစ်စေ၊ သေဒဏ်သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်ထိုက်သော ပြစ်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ကြေညာသည့်နေ့မှစ၍ နောင်တွင်ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။

(ခ) အခန်း (၁၃) ပါပြစ်မှုတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းနှင့်နောက်လာမည့် လွှတ်တော်သက်တမ်းတစ်ခုအတွက် ကျင်းပသည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) မှအပ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ပုဒ်မ ၇၄၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၇၅၊ ပုဒ်မခွဲ (ခ) အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာခြင်းခံရသူသည်လည်းကောင်း၊ သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ် စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်း ပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်း ပျက်ယွင်းသူဟု ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်သည် လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်သည် လည်းကောင်း ယင်းသို့ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။"

၅။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၉။ (က) လွှတ်တော်တွင် တစ်စုံတစ်ရာသောအကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ် နေရာလစ်လပ်လျှင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်နေ့မှစ၍ ခြောက်လအတွင်း ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ အစားထိုး ရွေးကောက်တင်မြှောက်ပြီး ဖြစ်ရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ခြင်းသည် လွှတ်တော်ပုံမှန်သက်တမ်း မကုန်ဆုံးမီ တစ်နှစ်အတွင်း ဖြစ်ပါက အစားထိုး ရွေးကောက်တင်မြှောက်ခြင်း မပြုရ။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

## အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈။)**

**၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) **ရွေးကောက်ပွဲ** ဆိုသည်မှာ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲကို ဆိုသည်။ ယင်းစကားရပ်တွင် လွှတ်တော် ပုံမှန်သက်တမ်းအတွင်း အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်များအတွက် ကော်မရှင်က အခါအားလျော်စွာ သတ်မှတ်ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲလည်း ပါဝင်သည်။"

၃။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၈၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုး၍ မူလပုဒ်မခွဲ (ခ) ကို ပုဒ်မခွဲ (ဂ) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်-

"၆၈။ (က) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို ယှဉ်ပြိုင်အရွေးခံသော မည်သည့်လွှတ်တော် ကိုယ်စားလှယ်လောင်းကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကိုဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို မည်သည့်မဲဆန္ဒရှင်ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ ယင်းမဲဆန္ဒနယ်အတွက် ကျင်းပခဲ့သော ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတမှုမရှိကြောင်း အကြောင်းပြ၍ ကန့်ကွက်လိုလျှင် ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကိုဖော်ပြပြီးကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။"

၄။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈၈။ (က) နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုဖြင့်ဖြစ်စေ၊ သေဒဏ်သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်ထိုက်သော ပြစ်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ကြေညာသည့်နေ့မှစ၍ နောင်တွင်ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။

(ခ) အခန်း (၁၃) ပါ ပြစ်မှုတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းနှင့် နောက်လာမည့်လွှတ်တော်သက်တမ်းတစ်ခုအတွက် ကျင်းပသည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) မှအပ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ပုဒ်မ ၇၄၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၇၅၊ ပုဒ်မခွဲ (ခ) အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာခြင်းခံရသူသည်လည်းကောင်း၊ သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်း ပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်းပျက်ယွင်းသူဟု ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်သည် လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်သည် လည်းကောင်း ယင်းသို့ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။"

၅။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၉။ (က) လွှတ်တော်တွင် တစ်စုံတစ်ရာသော အကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်လျှင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်နေ့မှစ၍ ခြောက်လအတွင်း ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ အစားထိုးရွေးကောက်တင်မြှောက်ပြီး ဖြစ်ရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ခြင်းသည် လွှတ်တော်ပုံမှန်သက်တမ်း မကုန်ဆုံးမီ တစ်နှစ်အတွင်း ဖြစ်ပါက အစားထိုး ရွေးကောက်တင်မြှောက်ခြင်းမပြုရ။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ကျောက်ချောလမ်းခင်းကျင်း

**သာစည် ဇန်နဝါရီ ၁၉**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုငွေဖြင့် ပြွန်ကန်-သာစည် ကျောက်ချောလမ်း နှစ်မိုင်ကို ခိုင်ခံ့ဖြူစင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့ပြနှင့်ကျေးလက်ဒေသဆက်သွယ်သည့် ယင်းလမ်းခင်းပေးခြင်းဖြင့် ပြွန်ကန်ကျေးရွာ၊ ဆံမြိတ်ရှည်ကျေးရွာ၊ ကန်ရှည်ကျေးရွာ၊ မဲတော၊ သဲပုတ်ကုန်း ကျေးရွာ၊ ယင်းမရိုးကျေးရွာများမှ ဒေသထွက်ကုန် သီးနှံများရောင်းဝယ်ဖောက်ကားရာတွင် ဒေသခံများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **မျိုးမင်း(သာစည်)**

# ဆောင်းတွင်းသီးနှံစုံပေါ်ချိန်တွင် အင်းနားသီးနှံဈေး၌ တွင်ကျယ်စွာရောင်းချနေရ

**မန္တလေး ဇန်နဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး ဒဏ္ဍဝတီမြစ်ကမ်းဘေးရှိ အင်းနား၊ ဗျဉ်းညားလော၊ ပလိပ်၊ မင်းကိုင်းမှ သီးနှံစိုက်တောင်သူများသည် သီးနှံပေါ်ချိန်တွင် ရန်ကုန်-မန္တလေးကားလမ်းဘေးရှိ အင်းနားသီးနှံဈေးတွင် တွင်ကျယ်စွာရောင်းချလျက်ရှိကြောင်း သိရသည်။

ယင်းဈေးတွင် ခရီးသွားကားများ အလျှိုလျှိုရပ်နားကာ ဝယ်ယူကြသည်။ ပစ္စည်းမှန်ဈေးမှန်ဟုဆိုရလောက်အောင် စိုက်ခင်းမှ လတ်လတ်ဆတ်ဆတ်ရောင်းချကြသည်။

အင်းနားဈေးတွင် စိုက်ပျိုးကြသူများကိုယ်တိုင် ရောင်းချသကဲ့သို့ တောင်သူများထံမှ ဖောက်သည်ယူရောင်းချသူများလည်းရှိသည်။ အင်းနားသီးနှံဈေး၏ အားသာချက်မှာ စိုက်ခင်းမှခူးယူသည့် သီးနှံလတ်လတ်ဆတ်ဆတ်များကိုသာ ရောင်းချခြင်း၊ ရန်ကုန်-မန္တလေးကားလမ်းဘေးတွင်ရှိခြင်း၊ ဈေးနှုန်းမှန်ကန်ခြင်းတို့ကြောင့် ခရီးသွားကားများ၊ မိသားစုစီးကားများအားထားဝယ်ယူကြသည်။

လက်ရှိကာလ အင်းနားသီးနှံဈေးတွင် ပန်းမုန်လာပွင့်ကြီးတစ်ပွင့်လျှင် ငွေကျပ် ၂၅၀၊ မုန့်ညှင်းတစ်ပိဿာငွေကျပ် ၄၀၀၊ ခရမ်းသီးတစ်ပိဿာငွေကျပ် ၅၀၀၊ ပဲသီးတောင့်ရှည် တစ်ပိဿာငွေကျပ် ၅၀၀၊ သဘော်သီးတစ်လုံးငွေကျပ် ၃၅၀ နှင့် အခြားသီးနှံများကိုလည်း အရည်အသွေးအလိုက် ဈေးနှုန်းအမျိုးမျိုးဖြင့် ရောင်းချလျက်ရှိသည်။ **တိမ်တမန်**



## မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်မှု ကွင်းဆင်းစစ်ဆေး

**ဖားကန့် ဇန်နဝါရီ ၁၉**

မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဆိုင်းတောင် (ရွာဟောင်း) ကျေးရွာ၌ ပြည်သူများ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားလာစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန် နိုင်ငံတော်အစိုးရ၏ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း သုံးရာဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များမှ ငွေစာရင်းပုံစံခုနစ်မျိုးနှင့် အစည်းအဝေးမှတ်တမ်းပုံစံဇယားများဖြည့်သွင်းထားရှိမှု၊ ကျေးရွာအတွင်း သက်သာသောအတိုးနှုန်းထားဖြင့် ချေးငွေများရယူ၍ စိုက်ပျိုးရေး၊ မွေးမြူရေး အရောင်းအဝယ်အပါအဝင် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မှုအခြေအနေကို ဇန်နဝါရီ ၁၆ ရက်က ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးနိုင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစိုးသန်းတို့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**(၄၉၉)**

## ဆိပ်ဖြူမြို့နယ်တွင် နံ့ပုံ-ဝဲမ-တက်မ-အနောက်ကမ်းဖြူ ကျေးရွာချင်းဆက်မြေသား(မြေနီ) လမ်းဖွင့်လှစ်

**ဆိပ်ဖြူ ဇန်နဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် နံ့ပုံ-ဝဲမ-တက်မ-အနောက်ကမ်းဖြူ ကျေးရွာချင်းဆက်မြေသား (မြေနီလမ်း) ဖွင့်ပွဲကို ဇန်နဝါရီ ၁၇ ရက် နံနက် ၁၂ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနား၌ တိုင်းဒေသကြီး သစ်တောသတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်မျိုးက အမှာစကားပြောကြားခဲ့သည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးသိန်းက မြေသားလမ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကြပြီး အမှတ်တရအထိမ်းအမှတ်အလံများ ပေးအပ်ကြသည်။

ယင်းနောက် ကျေးရွာချင်းဆက်မြေသားလမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **ကိုမျိုး(ယောရော)**

## လုပ်ငန်းကျွမ်းကျင်မှုသင်တန်း ဖွင့်လှစ်

**မကွေး ဇန်နဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် လုပ်ငန်းကျွမ်းကျင်မှုစွမ်းရည်မြှင့် ဆင့်ပွား (နည်းပြ) သင်တန်းကို ဇန်နဝါရီ ၁၈ ရက် နံနက် ၉ နာရီက မကွေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းကျွမ်းကျင်မှုစွမ်းရည်မြှင့် ဆင့်ပွား (နည်းပြ) သင်တန်းကို မကွေးခရိုင်၊ မင်းဘူးခရိုင်၊ သရက်ခရိုင်တို့မှ ဒုတိယဦးစီးမှူး ၁၈ ဦးတက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၁၈ ရက်မှ ၂၃ ရက်ထိ ခြောက်ရက်ကြာ ဖွင့်လှစ်မည်ဖြစ်သည်။ မကွေးတိုင်းဒေသကြီးအတွင်းတွင် လုပ်ငန်းကျွမ်းကျင်မှုစွမ်းရည်မြှင့် ဆင့်ပွား (နည်းပြ) သင်တန်းကို ပခုက္ကူခရိုင်နှင့် ဂန့်ဂေါခရိုင်တို့တွင်လည်း ပူးပေါင်းပြီးဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

လုပ်ငန်းကျွမ်းကျင်မှုစွမ်းရည်မြှင့် ဆင့်ပွား(နည်းပြ)သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်မှာ ဒုတိယဦးစီးမှူးများနှင့် ဝန်ထမ်းများအားလုံး စွမ်းဆောင်ရည်ပြည့်ဝစွာ ဆောင်ရွက်နိုင်ရန်အတွက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ ယခုလုပ်ငန်းကျွမ်းကျင်မှု စွမ်းရည်မြှင့်ဆင့်ပွား(နည်းပြ) သင်တန်းကို ဒုတိယဦးစီးမှူးများဖြင့် ဖွင့်လှစ်ပြီးစီးပါက အခြားအဆင့်များကိုလည်း သင်တန်းဆက်လက်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ညီညီမောင်(မကွေး)**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သုတေသနလုပ်ငန်း၊ အားကစား၊ စာပေ၊ ဂီတ၊ ယဉ်ကျေးမှု၊ အနုသုခုမပညာ၊ လက်မှုပညာ လုပ်ငန်းများတွင် စံပြထိုက်အောင် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဇန်နဝါရီလ ၄ရက်(၁၃၇၇ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ရက်)တွင် ချီးမြှင့်သော ဇေယျာလူမှုထူးချွန်ဆု (ဒုတိယဆင့်)ကို ဦးလှမောင်[ဥက္ကဋ္ဌ-မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ-နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း(ကလေး-တမူး-ကလေးဝ)တမူးမြို့]မှ ရရှိ သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါသည်။ **ဦးမြင့်ငွေ (လိုင်သစ္စာကုမ္ပဏီ)၊ ဦးကျော်ဆန်းဝင်း (ရွှေဝါငွေးကုမ္ပဏီ)**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သုတေသနလုပ်ငန်း၊ အားကစား၊ စာပေ၊ ဂီတ၊ ယဉ်ကျေးမှု၊ အနုသုခုမပညာ၊ လက်မှုပညာ လုပ်ငန်းများတွင် စံပြထိုက်အောင် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဇန်နဝါရီလ ၄ ရက်၊ (၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ရက်)တွင် ချီးမြှင့်သော ဇေယျာလူမှုထူးချွန်ဆု (ဒုတိယဆင့်)ကို ဦးလှမောင် [ဥက္ကဋ္ဌ-မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ-နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း(ကလေး-တမူး-ကလေးဝ)တမူးမြို့]မှ ရရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါသည်။ **နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့**

### ဦးနေဝင်း [၁၂/သကတ(နိုင်)၁၂၈၈၆၉] (ဝေလင်းဖြိုးဆောက်လုပ်ရေး)နှင့် အများသိစေရန်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၆) အရှေ့ရပ်ကွက်၊ အမှတ်(၉၂၈)၊ ရွှေပြည်သာလမ်းမ၊ (၁၄ ပေ× ၅၄ပေ) အကျယ်ရှိ မြေပေါ်တွင် ဆောက်လုပ်မည့် (၆)ထပ်တိုက်တွင် ကန်ထရိုက်တာ ဦးနေဝင်း [၁၂/သကတ(နိုင်)၁၂၈၈၆၉] (ဝေလင်းဖြိုးဆောက်လုပ်ရေး)ထံမှ ကန်ထရိုက်တာ ရရှိသည့်ဘက်အခြမ်း တိုက်ခန်း(၆) ခန်းစလုံး (မြေညီမှ ၆ လွှာအထိ) ကို ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဇေဝင်း [၁၂/ကတတ(နိုင်)၀၂၇၁၇၆]က ၂၆-၁-၁၄ ရက်စွဲပါစာချုပ်အရ ဝယ်ယူထားပါသည်။

ထိုအခန်းများကို မည်သူကမျှ ကြိုတင်ဝယ်ယူရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် လက်ပြောင်းလက်လွှဲပြုလုပ်ခြင်းများ မပြုလုပ်ရန် ပြုလုပ်သူများရှိပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးရွှေလှိုင်တင် BA, HGP, DL, DBL (စဉ်-၅၉၇၈)**
**ရှေ့နေနှင့် စီးပွားရေးလုပ်ငန်းများ ဥပဒေအကြံပေး**
**အမှတ် ၃၆/၃၈၊ (၅)လွှာ၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၅၈၉၀၇**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ၁၈ ရပ်ကွက်၊ အနော်မာလမ်း၊ အမှတ် (၈၇၇/ခ)နေ ဦးစိုးလွင် [၁၄/ကလန(နိုင်)၀၀၉၂၂၉]၏ဇနီး ဒေါ်တင်တင်လှ [၁၄/ကလန(နိုင်)၀၀၉၂၂၈] မိခိုနှင့်ပတ်သက်သော ငွေကြေး အရှုပ်အရှင်းများအား မိသားစုဝင်များမှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း သိစေအပ်ပါသည်။

ဦးရန်နောင်စိုး[၁၄/ကလန(နိုင်)၀၇၆၂၇၂]
ဒေါ်ခင်စုသွယ်[၁၄/ကလန(နိုင်)၀၇၆၄၁၀]
ဒေါ်ခင်မျိုးလွင်[၁၄/ကလန(နိုင်)၀၈၆၆၁၅]
ကိုဇေယျာစိုး[၁၄/ကလန(နိုင်)၀၈၆၄၆၉]

### အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁၃)၊ မြေကွက်အမှတ်(၃/ဆ၂ ဃ)၊ ဧရိယာပေ (၇၅×၁၂၀)အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးစမ်းမောင်ထံမှ အရပ်စာချုပ်အဆက်ဆက်ဖြင့် ဦးသန်းဦး[၁၂/မရက(နိုင်)၀၅၈၆၀၉]က တရားဝင်ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်ထားပါသည်။ ယခုအခါ တရားဝင် အရောင်းအဝယ်စာချုပ် ပြုလုပ်ရန်နှင့် သက်ဆိုင်ရာသို့ ဂရန်အမည်ပေါက် လျှောက်ထားရန်အတွက် မူလပိုင်ရှင် ဦးစမ်းမောင် (ယခုနေရပ်လိပ်စာမသိ) အနေဖြင့် ကျွန်ုပ်ထံသို့(၁၀)ရက်အတွင်း ဆက်သွယ်ပါရန်နှင့် သတ်မှတ်ရက်ထက် ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်မြင့်ကျော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၀၁)**
**အမှတ် ၅၆၃ (ဒုထပ်)၊ MAC Tower, ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၅၆၃၂၈၃၊ ၀၉ ၅၁၇၆၁၄၂၊ ၀၉ ၇၃၁၃၃၅၈၂**

## ပြည်သူ့အသံ

## အညစ်အကြေးကြောင့် အနံ့ဆိုးမခံနိုင်

လားရှိုးမြို့ ရပ်ကွက်(၁၂)၊နယ်မြေ(၁၉) အုပ်စု(၅) မှ အဆောက်အအုံတစ်ခုသည် အညစ်အကြေးရေများအား စည်ပင်သာယာသို့အကြောင်းမကြားဘဲ ကိုယ်ပိုင်စုပ်ထုတ်နေပါသဖြင့် ပတ်ဝန်းကျင်ရှိ မိဘပြည်သူများ အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်နေပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းပေးပါရန် စာတည်းမှတစ်ဆင့် တင်ပြအပ်ပါသည်။

**(ပတ်ဝန်းကျင်ရှိ မိဘပြည်သူများ)**

### စည်းကမ်းမဲ့ကုန်သိုလှောင်ထားမှု ဖယ်ရှားပေးစေလို

ကသာမြို့ အမှတ်(၂)ရပ်ကွက်အတွင်းရှိ မြို့မဈေးကြီးအနောက်ဘက် မြောက်တံခါးအနီး စက်ချုပ်တန်း၏ နောက်ကျော လူသွားလမ်းတွင် ကုန်စုံဆိုင်အချို့မှ ကုန်ပစ္စည်းများကို စည်းကမ်းမဲ့စွာ သိုလှောင်ထားကြပါသည်။ သို့ပါ၍ သက်ဆိုင်ရာမှ ဖယ်ရှားရှင်းလင်းပေးပါရန် တင်ပြလိုက်ရပါသည်။

**(ကောင်းစေလိုသူ)**

### စည်းကမ်းမဲ့ အညစ်အကြေးစွန့်နေ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၄) ရပ်ကွက် သဘာဝရေကန်အနီး ရွှေစင်(၅)လမ်းရှိ ကျူးကျော်တဲအိမ်မှ အိမ်သာမရှိဘဲ မိမိတို့၏ အညစ်အကြေးများအား အိမ်ထဲတွင် စွန့်ပစ်နေပါသည်။ ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများနှင့် ကျန်းမာရေးမကောင်းသူများ အညစ်အကြေးနှင့် အနံ့ဆိုးများကို နေ့စဉ်ရှူရှိုက်နေရပါသောကြောင့် ကျန်းမာရေးအလွန်ထိခိုက်နိုင်သဖြင့် လိုအပ်သလို အမြန်ဆုံးကူညီဖြေရှင်းပေးပါရန်မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။ **(မခံစားနိုင်သူတစ်ဦး)**

### ညှော်နံ့ နေ့စဉ်ရှူရှိုက်နေရ

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နေ မြို့သစ်အရှေ့ရပ်ကွက် ကျီးပင်လမ်းထိပ်တွင် ဖွင့်လှစ်ထားသော ထမင်းနှင့်လဖက်ရည်ရောင်းချသည့် ဆိုင်၏ ဆူညံသံများ၊ ညှော်နံ့များကြောင့် ပတ်ဝန်းကျင်ရှိ ကျောင်းသူကျောင်းသားများ စာကျက်ရန် အခက်အခဲဖြစ်ပြီး၊ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ ညှော်နံ့များကို နေ့စဉ်ရှူရှိုက်နေရပါသောကြောင့် ကျန်းမာရေးကိုထိခိုက်စေပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**(ညှော်နံ့မခံနိုင်သောလမ်းသူလမ်းသားများ)**

### မြို့အင်္ဂါရပ်နှင့် ညီစေချင်

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ထန်းခြောက်ပင်လမ်းဆုံမှ ဘုရင့်နောင်လမ်းတစ်လျှောက် ပတ္တမြားဈေးအထိ နေအိမ်များမှ ငှားထားသော ဆိုင်ခန်း အတော်များများသည် စည်ပင်ရေမြောင်းကို ပေများစွာကျော်၍ ဆောက်လုပ်ထားကြပါသည်။ မြို့၏အင်္ဂါရပ် ဂုဏ်ကျက်သရေကို အလွန်ထိခိုက်စေပါသည်။ မြို့လယ်ကောင်သည် ကျူးကျော် ဈေးကြီးသဖွယ် အလွန်အရုပ်ဆိုးနေပါ၍ သက်ဆိုင်ရာမှ ဥပဒေနှင့်အညီ ပြုပြင်ပေးပါရန်တင်ပြအပ်ပါသည်။

**(ရွှေပြည်သာသား)**

